www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၀၉၅-၀၃

ကြိုဝရုံ

မျက်နှာဖုံးရွေးပြင်/ကြိုဝရုံး - ရန်ကုန်၊

အောင်မြင်စာပေ ၂၀၁၆၊

၂၅၈ - တာ၊ ၁၂၂၅ - ၀၈-၃ ဝင်တီ။

(၁) ကြိုဝရုံ

ဖြန့်ချိရေး အောင်မြင်စာပေ၊ မဟာမအာကြီးမိ၊ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ၊ အုပ်ရေ(၅၀၀)



# ကြိုဝရုံ



www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

❖ လေ့ကရေပေါ်မှာ သွားလို့ရပေမယ့်
မြေပေါ်မှာ သွားလို့မရဘူး၊
လှည်းယဉ်က မြေပြင်မှာ သွားလို့ရပေမယ့်
ရေပြင်မှာသွားလို့ မရပါဘူး၊
လှည်းပေါ်မှာ လှေတင်ရင် မြေပြင်မှာ သွားလို့ရတယ်၊
လှေပေါ်မှာ လှည်းတင်ရင်လည်း
ရေပေါ်မှာ သွားလို့ရပါတယ်၊
ဘဝအတွက် လက်တွဲဖော် လိုအပ်ပါတယ်။

❖ ပစ်မှတ်ကို မထိခြင်းဟာ
စိတ်ပျက်စရာ မဟုတ်ပေ။
မပစ်ခင်ကတည်းက တွေဝေနေခြင်းသာ
စိတ်ပျက်စရာ ဖြစ်ပါတယ်။

❖ မိမိသည် အပြစ်ကင်းသည်ဟု ယူဆလျှင်
အပြစ်မကင်းသူ ဖြစ်ပေလိမ့်မည်။
အပြစ်မကင်းခြင်းများကို သိမှသာ
အပြစ်ကင်းသူ(နည်းသူ)ဖြစ်ပေလိမ့်မည်။

## ဒဿနလက်ဆောင်

❖ အချစ်အကြောင်း သိသူပင်လျှင်
အဓိပ္ပါယ်ကို နားလည်နိုင်မည် မဟုတ်ပေ။
အဓိပ္ပါယ်မပြည့်ဝသော ချစ်ခြင်းသည်
လှပသော ရနံ့ကင်းသည့် ပန်းနှင့် တူပေလိမ့်မည်။

❖ မာနသည် မီးတောက်တစ်ခုဆိုလျှင်
အတ္တသည် လောင်စာတစ်မျိုး ဖြစ်ပေလိမ့်မည်။
မာနနှင့်အတ္တ ပေါင်းစပ်မိသည့်အခါ
ပျက်စီးခြင်းသို့ ရောက်ရပေတော့သည်။

❖ ချစ်ခြင်းမေတ္တာကို
ပိုင်ဆိုင်ခွင့်ရသည်အထိ အသုံးပြုသင့်ပြီး
ချစ်သူကိုပိုင်ဆိုင်သောအခါ
ဘဝအကြောင်းများကို ထပ်မံတွေးရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

- ထန်းတက်သမားကို ငါးဖမ်းခိုင်းပြီး
တံငါသည်ကို ထန်းရည်ညှစ်ခိုင်းလျှင်တော့
ငါးလည်းမစားရသလို
ထန်းရည်လည်း ရမှာမဟုတ်ပါဘူး။

- အစွန်းတစ်ဖက်တွင် ချမ်းသာခြင်းရှိ၍
အခြားတစ်ဘက်၌ ဆင်းရဲခြင်းရှိသည်။
ထိုနှစ်ခုကြားတွင် ရွေးချယ်စရာလည်း ရှိသည်။
ရွေးချယ်ခြင်းကိုတော့
စဉ်းစားဆုံးဖြတ်ခြင်းက တာဝန်ယူပါလိမ့်မည်။

- ချစ်ခြင်းမေတ္တာအတွက်
ဟန်ဆောင်ခြင်းဆိုတာ အဆိပ်ပင်တစ်မျိုးပါပဲ၊
ချစ်ခြင်းမေတ္တာကို ဟန်ဆောင်ပြီးယူပါက
အဆိပ်ပင်ရေလောင်းသလိုမျိုး
အကျိုးမဲ့ခြင်းများသာ ရစေနိုင်ပါတယ်။

## ဒဿနလက်ဆောင်

- ကျောက်ထက်သံက ပိုပြီးမာကျောပါတယ်၊
ဒါပေမယ့် ကျောက်မရှိပဲ
သံမားတစ်လက် မထက်နိုင်ပေ။
မိန်းမနဲ့ ယောကျ်ားဆိုတာ ဘဝလက်တွဲဖော်တွေပါပဲ။

- လူဖြစ်ချင်လျှင်
အညွန့် 'လူ' နေအောင် ကြိုးစားရပါတယ်၊
အညွန့်တုံးနေရင်တော့
အသုံးမလိုတဲ့ လူတစ်ယောက်ဘဝမျိုး
ရောက်တတ်ပါတယ်။

- အမှားတစ်ခုကို နောင်တရခြင်းဟာ
အမှတ်အသားပြုခြင်းသာ ဖြစ်ပါတယ်၊
သင်္ခန်းစာ ယူတတ်မှသာ
ကောင်းသော ပြောင်းလဲမှုတွေ ပြုလုပ်နိုင်ပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင် ပါဝင်သောအခန်းများ


အခန်း(၁) တစ္ဆေပေးသောမြစ်

အခန်း(၂) ဘေးအန္တရာယ်များသောပရလောကသား

အခန်း(၃) မကျွတ်လွတ်သူများအတွက် အကျွတ်အလွတ်ပွဲ

အခန်း(၄) ချင်းချောင်းနန်းတော်နှင့် ပရလောကရန်ငြိုး

အခန်း(၅) သရဲခြောက်သဖြင့် သေရသောအကြောင်း

အခန်း(၆) အဖော်မပါဗျည်းအက္ခရာ

အခန်း(၇) နီမောင်နှင့် မြနှင်းဖြူ

အခန်း(၈) ရွှေချိုးဖြူရွာမှ တိုက်ဆိုင်မှုများ

အခန်း(၉) ပဟေဠိဆန်သော အဖြစ်အပျက်များ

အခန်း(၁၀) ထူးဆန်းသော ဝိညာဉ်မျက်လုံး

အခန်း(၁၁) ငရဲဘုံနှင့် နတ်ဘုံတို့ အကြောင်းများ

အခန်း(၁၂) မေတ္တာရနံ့ သင်းပျံ့သောည

အခန်း(၁၃) လူမွဲတွေက မနေ့ခေတ်မီ သူဌေးဖြစ်ရမည်

အခန်း(၁၄) ဝိညာဉ်မျက်လုံး အသုံးပြုပုံများ

အခန်း(၁၅) မျက်နှာစိမ်းလွှင်ပြင်






## အခန်း(၁)

# တစ္ဆေပေးသောဆေးမြစ်

သီဟိုဠ်ကျွန်းသည် ဗုဒ္ဓဘာသာထွန်းကားသော နေရာတစ်နေရာ ဖြစ်သလို . စည်ကားသော နေရာတစ်နေရာလည်း ဖြစ်သည်။ မြတ်စွာဘုရားရှင်၏ စွယ်တော်ဓါတ် ကိန်းဝပ်သော နေရာ ဖြစ်သည်ကြောင့်လည်း ထူးခြားသော ကျွန်းတစ်ကျွန်း လည်း ဖြစ်သည်။

ရှေးအခါက လင်္ကာဒီပကျွန်းဟု လူပနေသော နာမည်ရှိခဲ့သော သီဟိုဠ်ကျွန်းသည် ဘာသာရေး ထွန်းကားသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com


လူသိများသော ရာမရဏဇာတ်တော်မျိုးလည်း ရှိခဲ့ဖူးသည်။ အချစ်နှင့်ပတ်သက်ပြီး အသက်စွန့်ပေးခဲ့သော ဒဿဂီရိနှင့်ပတ်သက်ပြီး ထင်ရှားသော နေရာလည်းဖြစ်သည်။

သီဟိုဠ်ကျွန်းသည် ရှေးနှစ်ပေါင်းများစွာကတည်းက ပေါ်ထွန်းခဲ့သည့် ကျွန်းတစ်ကျွန်းဖြစ်သလို ရှေးနှစ်ပေါင်းများစွာကတည်းကပင် ကုန်သည်တို့လှေသင်္ဘောများ ဆိုက်ကပ်ရာ ပင်လယ်ဆိပ်ကမ်းမြို့လည်း ရှိခဲ့လေသည်။

သီဟိုဠ်ကျွန်းတွင်ရှိသော မြို့များထဲတွင် နက္ခတ်အမည်ဖြင့် မှည့်ထားသော မြို့တော်ဟောင်းတစ်ခုလည်း ရှိပေသည်။

အနုရာဓမြို့ပင်ဖြစ်သည်။

တစ်နေ့သောအခါ ထိုမြို့တွင်းမှာ မှီခိုနေထိုင်ကြရသော ကျတ်၊ တစ္ဆေ၊ သရဲ၊ ဖုတ်၊ ပြိတ္တာ၊ မှင်စာ စသောပရလောကသားတို့အထဲမှ တစ္ဆေမိသားစု သုံးကောင်တို့သည် မြို့တွင်းသို့ဝင်ရောက်ပြီး အစားအစာ ရှာဖွေရန်အတွက် ထိုနေရာသို့ ရောက်လာကြလေသည်။

အထက်ဖော်ပြပါ ပရလောကသားတို့သည် ပြိတ္တာစားရင်းဝင်များ ဖြစ်ကြသောကြောင့် အစာရေစာ ငတ်မွတ်ခေါင်းပါးကြသည်။ အနေအထိုင် များစွာဆင်းရဲကြလေသည်။

အချို့ပြိတ္တာတို့သည် ပြုခဲ့သော အကုသိုလ်ကံ ကြီးမားခဲ့သောကြောင့် ပြိတ္တာဘုံဘဝသို့ ရောက်သောအခါတွင် နေစရာမရှိ၊ စားစရာမရှိသော ဘဝမျိုးဖြင့် နေကြရသည်။



ထမင်းတစ်ဇွေး၊ ရေတစ်စက်ရဖို့ပင် ၎င်းတို့အတွက် ပင်ပန်းကြီးစွာ ရှာဖွေစားသောက်ကြရလေသည်။

ထိုသို့ရှာဖွေစားသောက်ရင်းနှင့် လူတွေနှင့် တွေ့သောအခါ သရဲတစ္ဆေခြောက်လှန့်သည်ဟု ထင်မှတ်ကြလေသည်။

တစ္ဆေ၊ သရဲ၊ ဖုတ်၊ ကျတ်၊ ဘီလူးစသော . . ပရလောကသားတို့သည် လူတို့အား အကြောင်းမဲ့တော့ဖြင့် ခြောက်လှန့်ခြင်း မပြုကြပေ။

သို့သော်လည်း လူတွေကတော့ ရုပ်ဆင်းအင်္ဂါ မတင့်တယ်သော ၎င်းတို့၏ ပုံပန်းသဏ္ဍာန်တို့ကို အမှတ်မထင် မြင်တွေ့ရသော အခါမှာတော့ . . သရဲခြောက်သည်၊ တစ္ဆေခြောက်လှန့်ခံရသည်ဟု ပြောဆိုကြသည်။

ထိုကဲ့သို့ တစ္ဆေ၊ သရဲ စသည်တို့နှင့် တွေ့ကြုံရပုံများကို အမျိုးအစား ခွဲကြည့်သောအခါ အောက်ပါအတိုင်းပင် တွေ့ကြရမည်ဖြစ်သည်။

(၁) ကံနိမ့်သဖြင့် ခြောက်လှန့်ခံရခြင်း၊
(၂) ကျတ်၊ တစ္ဆေတို့က ကျီစယ်လိုသဖြင့် ခြောက်လှန့်ခြင်း၊
(၃) ချစ်ခင်နှစ်သက်သဖြင့် ခြောက်လှန့်ခြင်း၊
(၄) အမျှအတန်းဝေခြင်းကို အလိုရှိသဖြင့် သတိပေးသောအနေဖြင့် ခြောက်လှန့်ခြင်း၊
(၅) ကျန်ခဲ့သူများအား စွဲလန်းသဖြင့် ခြောက်လှန့်ခြင်း၊
(၆) ငကြောက်ရွံ့သဖြင့် ခြောက်လှန့်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၇) အစားအသောက် အလိုရှိသဖြင့် ခြောက်လှန့်ခြင်း၊
(၈) ဥစ္စာပေးလိုသဖြင့် ခြောက်လှန့်ခြင်း၊
(၉) အကူအညီ ပေးလိုသောကြောင့် ခြောက်လှန့်ခြင်း၊
(၁၀) ပြောစရာ မှာစရာများရှိသဖြင့် ခြောက်လှန့်ခြင်း၊
(၁၁) နှုတ်ဆက်လိုသောကြောင့် ခြောက်လှန့်ခြင်း၊
(၁၂) ၎င်းတို့ပိုင်ဆိုင်သော ပစ္စည်းများကို ယူဆောင်သွားသောကြောင့် ခြောက်လှန့်ခြင်း၊

အစရှိသော အကြောင်းအချက်များကြောင့် တစ္ဆေသရဲ စသည်တို့နှင့် တွေ့ကြရခြင်း ဖြစ်သည်။

ထိုသို့သော အကြောင်းအရာတို့ကို သိထားသောအခါမှ မိမိတွေ့ကြုံနေရသော အခြေအနေကို သဘောပေါက်ကာ ကြောက်ရွံ့ထိတ်လန့်မှု လျော့နည်းစေမည် ဖြစ်ပေသည်။

ဥပမာ ဥစ္စာပေးလိုသောကြောင့် တွေ့ရခြင်း၊ အကူအညီပေးလိုသဖြင့် လာရောက်သည်ကို ကြောက်လန့်ပြီး ထွက်ပြေးပါက မိမိတို့ရရှိမည့် အခွင့်အရေးများကို ရရှိတော့မည် မဟုတ်ပါချေ။

တစ္ဆေသရဲနှင့်ပေါင်းကျွမ်းခဲ့ပါသော အကြောင်းအရာ တစ်ခုကို အတိုချုပ်ပြီး ရေးသားဖော်ပြပေးပါဦးမည်။

ခေါင်းစဉ်မှာ "ဥစ္စာမွဲ၍သရဲဖြစ်နေသော ဦးထုပ်ဆောင်းဘုန်းကြီးအကြောင်း"ပင်ဖြစ်သည်။

ပေါက်ခေါင်းဘက်မှ (၂၄)မိုင်ခန့်ဝေးသော ရွာတစ်ရွာ





တွင် ဖြစ်ပျက်ခဲ့သော အကြောင်းအရာဖြစ်သည်။

ထိုရွာထိပ်တွင် ကျွန်းသစ်များဖြင့် ကြီးမားခိုင်ခန့်စွာ ဆောက်ထားသော ဘုန်းကြီးကျောင်းတစ်ကျောင်းရှိပြီး ထိုကျောင်းတွင် အသက်အရွယ်ကြီးသော ဘုန်းကြီးတစ်ပါးက သီတင်းသုံး နေထိုင်လေသည်။

ထိုဘုန်းကြီးမှာ စာတတ်ပေတတ်ဖြစ်သောကြောင့် တရားဟောလည်း အတော်ပင်ကောင်းရာ ဒကာဒကာမများက အတော်ပင် ကြည်ညိုလှသဖြင့် ကျောင်းဆောက်ကိုးကွယ်ထားခြင်း ဖြစ်ပေသည်။

ထိုဘုန်းကြီးမှာ တရားဟောရာမှရရှိသော ဝတ္ထုငွေတို့ကို သံသပိတ်တစ်လုံးဖြင့်ထည့်ကာ ကျက်သရေခန်းထဲတွင် သိမ်းဆည်းထားလေသည်။

နောက်နှစ်အနည်းငယ်ကြာတော့ ကျောင်းထိုင်ဘုန်းကြီး ပျံလွန်တော်မူသွားသဖြင့် နောက်ထပ် ကျောင်းထိုင်မည့် ဘုန်းကြီးတစ်ပါး ရှာဖွေကာ ကျောင်းထိုင်စေသည်။

တစ်ညပင်မကြာပဲ ထိုကျောင်းကိုပြန်အပ်ကာ ထွက်သွားလေတော့သည်။ သို့ဖြင့် ရွာသူရွာသားများလည်း ကျောင်းနှင့်ရွာရှိပြီး သာရေးနာရေး ကိစ္စများရှိပါက ဘုန်းကြီးမရှိလျှင် မဖြစ်ပြန်သဖြင့် အခြားအရပ်မှ ဘုန်းကြီးကို ရှာဖွေပင့်ဆောင်ပြီး ကျောင်းထိုင်စေသည်။

ရှေးနည်းအတိုင်း ကြာကြာမနေနိုင်ပဲ ပြန်ခွာသွားကြ

www.burmeseclassic.com

www.burmeseclassic.com



လေရာ ကျောင်းထိုင်ဘုန်းကြီး မမြဲပဲ ရှိလေသည်။

တစ်နေ့တော့ ရွာသားတစ်ယောက်သည် အခြားရွာမှ ပြန်လာရာ အချိန်လွန်နေပြီ ဖြစ်သောကြောင့် ထိုကျောင်းပေါ်သို့ တက်အိပ်နေလေသည်။

အိပ်ပျော်သွားစဉ်မှာ တစ်စုံတစ်ယောက်က လက်အေးကြီးဖြင့်လာကိုင်ပြီး နှိုးသောကြောင့် လန့်နိုးသွားသည်။

"ဟဲ့ . . ဘခို . . ထဦး၊ ငါ ပြောစရာရှိတယ်",

ကြည့်လိုက်တော့ သူ့နံဘေးမှာ ကျောင်းတွင် ကျောင်းထိုင်သွားသော ဘုန်းကြီးဦးနန္ဒကို တွေ့မြင်ရသောကြောင့် လန့်ဖျတ်သွားလေသည်။

ဦးထုပ်အဖြူတစ်ခုကို ဦးခေါင်းမှာ ဆောင်းထားကာ အဖြူရောင်အဝတ်ကြီးကို ကိုယ်ပေါ်မှာ ပတ်ထားပြီး နံဘေး၌ ဆောင့်ကြောင့်ထိုင်နေခြင်း ဖြစ်သည်။

"အမယ်လေး . . ကြောက်ပါပြီ၊ မလုပ်ပါနဲ့ဘုရား"

ဟုပြောပြီး နေရာကထပြေးတော့ နောက်ကလိုက်လာလေသည်။

ကြောက်ကြောက်လန့်လန့်ဖြင့် လှေခါးမှ ဆင်းပြေးခဲ့ပြီး ကျောင်းပေါက်ဝရောက်တော့မှ လှည့်ကြည့်လိုက်ရာ ဘုန်းကြီးတစ္ဆေသည် ကျောင်းပေါက်ဝမှာ ရပ်နေရင်း သူ့ကို လက်ယမ်းခေါ်နေသည်။

ထိုသို့ခေါ်နေရင်းမှ အတက်အဆင်း လှေခါးခြေရင်းကို





လည်း လက်ညှိုးထိုးပြနေသေးသည်။

ဘခိုဆိုသောလူရွယ်လည်း ဆက်မနေဝံ့တော့သဖြင့် အိမ်ရောက်သည်အထိ ပြန်ပြေးခဲ့ရလေသည်။

အိမ်သို့ရောက်ပြီး မိဘများကို အကြောင်းစုံပြောပြလေသည်။ ထိုနေ့မှစပြီး ဖျားလေရာ ရက်အတော်ကြာသည်အထိ ဆရာဖြင့် ကုသမှ သက်သာရာရခဲ့သည်။

ထိုသတင်းကြောင့် နောက်ပိုင်းတွင် ညဘက်အချိန်မတော်တွင် ထိုကျောင်းကြီးရှိရာသို့ မည်သူမှ မသွားမလာဝံ့ကြတော့ပေ။

တစ်နေ့တော့ ထိုရွာသို့ ရပ်ဝေးမှ ခရီးသွားဧည့်သည်တစ်ဦး ရောက်လာလေသည်။

ညဦးပိုင်းအချိန် ခရီးဆက်ရန် မသင့်တော့သဖြင့် ရွာသူကြီးထံသွားပြီး ခွင့်တောင်းရာ ရွာလူကြီးမရှိသဖြင့် မိန်းမက ဘုန်းကြီးကျောင်းမှာတည်းရန် ခွင့်ပေးလိုက်သဖြင့် တစ်ယောက်တည်း သွားနေရပြန်သည်။

ညအချိန် အိပ်ပျော်သွားစဉ် . . တစ်စုံတစ်ယောက်က လက်အေးကြီးဖြင့် ပုတ်နှိုးသဖြင့် ပြန်နိုးလာရပြန်သည်။

ကြည့်လိုက်တော့ သူ့နံဘေးမှာ ဆောင့်ကြောင့်ထိုင်နေသည့် ဘုန်းကြီးတစ္ဆေကို တွေ့ရသဖြင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် ရသမျှ ဘုရားစာ တရားစာတို့ကို ရွတ်ဆိုလေတော့သည်။

"သမ္ဗုဒ္ဓေ . . အဋ္ဌဝီသဥ္စ . ."



www.burmeseclassic.com

www.burmeseclassic.com



"ကွတိပိသော. . ဘဂဝါ. ."

ထိုသို့. . ကြောက်ကြောက်လန့်လန့်ဖြင့် ဘုရားစာ၊ တရားစာတို့ကို အထစ်ထစ် အငေါ့ငေါ့ ရွတ်ဆိုနေသောအခါ အနီးမှာ ရောက်နေသည့် ဘုန်းကြီးတစ္ဆေက ပြောသည်။

"ဟဲ့. . ဒကာ. . ဒါမျိုးတွေက ငါရပြီးသား၊ ရွတ်မနေနဲ့တော့. . ငါက မင်းကို ပြောစရာရှိလို့လာတာ"

ဟု ပြောသဖြင့် ထပြေးရန် ကြိုးစားလေတော့သည်။

သို့သော်လည်း သူပြေးမည့်ဘက်တွင် ဘုန်းကြီးတစ္ဆေကရောက်ကာ တားဆီးနေလေသည်။

နောက်ဆုံး ပြေးမရတော့သည့်အခါ မထူးတော့ပြီမို့ ဘုန်းကြီးတစ္ဆေကို ဝင်လုံးကာ နပန်းသတ်လေတော့သည်။

သူတစ်ပြန်ကိုယ်တစ်ပြန် သတ်နေရင်းမှ. . ဘုန်းကြီးတစ္ဆေ ဆောင်းထားသော ဦးထုပ်ဖြူမှာ သူ့လက်ထဲသို့ ရောက်လာလေတော့သည်။

ထိုကဲ့သို့ ဦးထုပ်ဖြူ မရှိတော့သည့်အခါ ဘုန်းကြီးတစ္ဆေလည်း အားမရှိတော့သည့်အလား ကြမ်းပြင်ပေါ်သို့ ခွေကျသွားလေတော့သည်။

ထိုအခါမှပင် ခရီးသွားဧည့်သည်မှာ ကြောက်ရွံ့ထိတ်လန့်မှု အနည်းငယ် လျော့သွားသဖြင့် မပြေးတော့ပဲ ထိုနေရာမှာပင် ရပ်ကြည့်နေသည်။

"ဟဲ့. . ဒကာ၊ ငါကနင့်ကို ရန်ရှာချင်လို့ မဟုတ်ပါဘူး ပြောစရာရှိလို့ပါ၊ တခြားမဟုတ်ဘူး. . ဒီကျောင်းရဲ့ အုတ်တက်အဆင်းလှေကားအောက်မှာ ငါ စုဆောင်းထားတဲ့ ငွေဒင်္ဂါးတွေ သပိတ်တစ်လုံးစာ ရှိတယ်"





ခရီးသွားမှာ အံ့သြသွားလေသည်။

"အဲဒီပစ္စည်းတွေကို စွဲလန်းစိတ်နဲ့ ငါလည်း မကျွတ်သွတ်ပဲ ဒီမှာနေ,နေရတာ၊ ငါ့ကို အကူအညီပေးပါ"

"ဘယ်လိုလုပ်ပေးရမလဲ"

"ငါမြှုပ်ထားတဲ့ ငွေဒင်္ဂါးသပိတ်ကို တူးဖော်ယူပြီး. . ငါ့အတွက် ကုသိုလ်ကောင်းမှုလုပ်ပြီးတော့ ငါ့အတွက် အမျှအတန်းဝေပေးပါ၊ ပိုလျှံတဲ့ ငွေဒင်္ဂါးတွေကိုတော့ မင်းယူ၊ ငါ့ဦးထုပ်ကိုလည်း ပြန်ပေးပါ"

ဟုပြောပြီး တောင်းသဖြင့် ဦးထုပ်ကို ပြန်ပေးလိုက်ရာ ပျောက်ကွယ်သွားလေတော့သည်။

ခရီးသွားဧည့်သည်လည်း တွေတွေထူးထူး စဉ်းစားနေစော့၊ ကျောင်းလှေခါးအောက်သို့ဆင်းပြီး တူးဖော်ရှာဖွေကြည့်ရာ ပြောသည့်အတိုင်း သပိတ်တစ်လုံးစာ အပြည့်ထည့်ထားသော ငွေဒင်္ဂါးများကို ရရှိလေသည်။

ထို့ကြောင့် ရွာလူကြီးတွေကို အကျိုးအကြောင်း ပြောပြီး ထိုကျောင်းမှာပင် ရဟန်းသံဃာများပင့်၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကာ ရေစက်ချအမျှအတန်းဝေပေးလိုက်လေသည်။

နောက်ပိုင်းတော့ ထိုကျောင်းကြီးတွင် ခြောက်လှန့်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



များကို ထပ်မံမတွေ့ကြရတော့ပေ။

ထိုအဖြစ်အပျက်ကိုကြည့်လျှင် ရွာခံတစ်ဦးဖြစ်သည့် ဘခိုမှာ တစ္ဆေက ငွေပေးချင်သော်လည်း မရထိုက်သဖြင့် ငွေ ရပဲ ရောဂါရပြီး ဆေးကုရပေသည်။

အခြားမှရောက်လာသော ဧည့်သည်ကတော့ ခဏတ ဖြုတ် ရောက်သောအခိုက်မှာပင် မမျှော်လင့်ပဲ ငွေသပိတ်ကို ခြင်းဖြစ်ရာ. . ပစ္စည်းဥစ္စာဆိုသည်မှာ ရှာဖွေစုဆောင်းထားသော် လည်း သုံးစွဲထိုက်မှ သုံးစွဲရပေသည်။

ရွာခံ ဘခိုမှာလည်း ပစ္စည်းပေးသော်လည်း မသုံးစွဲထိုက် သောကြောင့် မရပဲ ရှိခဲ့ပေသည်။

အထက်ပါ အကြောင်းအရာမှာ ပရလောကသားမျာ က ပစ္စည်းဥစ္စာ ပေးလိုသဖြင့် လူ့အနား ရောက်လာကြခြင်းပ ဖြစ်လေသည်။

ထို့ပြင် တစ္ဆေသရဲ စသည်တို့နှင့် ဆက်စပ်၍ ပေးကာ ကျွေးမွေးခြင်းနှင့်ပတ်သက်ပြီး ရေးသားထားသော အချက်မျာ မှာလည်း စာဖတ်သူများအတွက် စိတ်ဝင်စားဖွယ်ရာများ ဖြစ်ပေ သည်။

(၁) တစ္ဆေ မှင်စာတို့ကို ကျွေးမွေးခြင်းကို စလောင်းစာ ခြင်းဟုခေါ်သည်။

(၂) သရဲ သဘက်၊ ဖုတ်၊ ပြိတ္တာ၊ ဘီလူးတို့ကို ကျွေးမွေးခြင်း ကို ခေါ်စာကျွေးခြင်းဟု ခေါ်သည်။





(၃) စုန်း၊ ကဝေတို့ကို စကောဖြင့်ကျွေးခြင်းကို ရွာစာချခြင်း ဟုခေါ်သည်။

(၄) ပူးကပ်တတ်သော နတ်တို့ကို ပသခြင်းကို နတ်ပသခြင်း ဟုခေါ်သည်။

(၅) လူမမာများအတွက် တောတွင်းသွားပြီး ချက်ပြုတ် ကျွေးမွေးခြင်းကို တောစာကျွေးခြင်းဟု ခေါ်သည်။

(၆) ရောဂါဘယများသဖြင့် မကောင်းဆိုးဝါးများအား ကျွေးမွေးရခြင်းကို ဖြူးစာကျွေးခြင်းဟုခေါ်သည်။

(၇) မြို့စောင့်နတ်၊ ရွာစောင့်နတ်တွေကို ပသတာကို မာတလိနတ်စာကျွေးခြင်းဟု ခေါ်သည်။

(၈) ကျွတ်များ နှောက်ယှက်သဖြင့် ကျွေးမွေးရခြင်းကို ကျွတ်စာကျွေးခြင်း။

(ကျွတ်စာကျွေးခြင်းအကြောင်းကို ရှေ့အခန်းများတွင် င့်တော်သလောက် ရေးသားဖော်ပြပေးပါမည်။)

ယခုတွင် ရှေ့ပိုင်းတွင်ရေးသားခဲ့သော သီဟိုဠ်ကျွန်း ရာမြို့တွင်းသို့ တစ္ဆေစသော ပရလောကသားတို့ ဝင် တ်ပြီး အစားအသောက် ရှာဖွေစားသောက်ကြရခြင်းအ ကြာင်းကို ဆက်လက်ရေးသားပါမည်။

အနုရာမြို့တွင်း၌ အခြားတစ္ဆေစသော ပရလောက များကဲ့သို့ အစားအသောက် အကြွင်းအကျန် အပုပ်အသိုး ည်တို့ကို ရှာဖွေစားသောက်နေရသော တစ္ဆေသားအမိသုံး



www.burmeseclassic.com

www.burmeseclassic.com



ကောင်တို့သည် ထူပါရာမကျောင်းတိုက်၏ တံခါးမုဒ်အနီး
ရောက်လာကြသည်။

ထိုနေရာရောက်တော့ တစ္ဆေမကြီးက သားငယ်နှ
ယောက်ကို မုဒ်ပေါက်ဝ အပြင်ဘက်၌ ထားခဲ့ပြီး မြို့တွင်းသို့
ကာ အစာရှာလေသည်။

တစ္ဆေမကြီးသည် အစာကို လွယ်ကူစွာမရသဖြင့် အ
ကြာမြင့်နေလေသည်။

ထိုအချိန်တွင် အရှင်ပဏ္ဍပါတိက မထေရ်သည် မြို့
တွင်းသို့ ဆွမ်းခံကြွရန် မုခ်ပေါက်ဇမှ ကြွလာလေသည်။

တစ္ဆေငယ်နှစ်ကောင်သည် မထေရ်ကို မြင်သော်အ
ကိုယ်ထင်ပြကာ ဤသို့လျှောက်ထားလေသည်။

"အရှင်ဘုရား၊ တပည့်တော်တို့မိခင်သည် မြို့တွင်း
အစာရှာထွက်သွားခဲ့သည်မှာ ကြာလှပါပြီ၊ ရသမျှ အစားအ
ယူဆောင်၍ အမြန်ပြန်လာပါ. . ၊ သင်၏သားများသည် ဆ
လောင်မွတ်သိပ်နေကြပါပြီ၊ ဤအကြောင်းအား ပြောကြား
ပါဘုရား"

ဟု မှာကြားသည်။

"သင်တို့၏ မိခင်ကို ငါ အဘယ်ကဲ့သို့ မြင်ရပါအံ့နည်း"

"အရှင်ဘုရား. . . ဤဆေးမြစ်ကို ယူဆောင်သွား
တပည့်တော်တို့ အမေကို မြင်တွေ့ရပါလိမ့်မည်"

ဟု ပြောဆိုမှာကြားကာ တစ္ဆေငယ်နှစ်ကောင်သ





တို့လက်ထဲမှာကိုင်ထားသော ဆေးမြစ်အား မထေရ်၏လက်
ပေးသည်။ ၎င်းတို့မိခင်၏ ပုံပန်းသဏ္ဌာန်နှင့် အမှတ်အသား
များကိုလည်း ပြောပြလိုက်သည်။

အရှင်ပဏ္ဍိပါတိက မထေရ်လည်း တစ္ဆေငယ်တို့ ပေး
လိုက်သည့် ဆေးမြစ်ကို လက်၌ဆုပ်ကိုင်ထားကာ မြို့တွင်းသို့
ဆွမ်းခံကြွလေသည်။

မြို့တွင်းရောက်သောအခါမှာတော့ ထူးခြားမှုများကို
တွေ့ရလေသည်။ ယခင်က လူတွေကိုသာ တွေ့ရသော်လည်း
ယခုအခါမှာတော့ နေရာမလပ် များပြားလှသော တစ္ဆေသရဲ
သည်တို့ကို မြင်တွေ့နေရလေသည်။

ပထမတော့ သတိမပြုမိပေ. . . ။

နောက်မှ လက်ထဲမှာပါလာသော ဆေးမြစ်ကြောင့် မြင်
ရသည်ကို သတိပြုမိလေသည်။

လမ်းများပေါ်၌သော်လည်းကောင်း၊ အိမ်ကြိုအိမ်ကြား
အငါးဖျက်သောနေရာ၊ သားစိမ်းငါးစိမ်း ရောင်းချသောနေရာ၊
အညစ်အကြေး စွန့်ပစ်သောနေရာ၊ သွေးနှင့် အညစ်အကြေးတို့
ပေကြသောနေရာတို့တွင် ပြည့်ကျပ်ကာ တိုးဝှေ့နေကြသည်။

လမ်းများပေါ်၌သော်လည်းကောင်း၊ သစ်ပင်များပေါ်၌
သော်လည်းကောင်း. . နေရာမလပ် ရှိနေကြသည်။

ရဟန်းသံဃာများ ဆွမ်းခံကြွလာသည်ကို မြင်သောအခါ
သပိတ်သင်္ကန်း စသည်တို့နှင့် မထိမိစေရန် ဖယ်ရှားပေးကြ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

သို့သော်. . လမ်းများပေါ်မှာ သွားလာနေကြတာ အ ရေအတွက် များလှသဖြင့် ပွဲခင်းထဲတွင် ပွဲလန့်သကဲ့သို့ အလဲ အပြိုပြိုဖြစ်ကာ ရှောင်တိမ်းပေးကြရရှာသည်။

"အော်. . များလှတဲ့ ပရလောကသားတွေရဲ့ ဘဝ တကယ်တော့ သနားစရာပါလား"

ဟု မထေရ်၏စိတ်ထဲတွင် တွေးတောမိလေသည်။

ဤသို့ဖြင့်. . များပြားလှသော ပရလောကသားတို့ တတ်နိုင်သမျှ ကွေ့ရှောင်သွားရာမှ မြို့တွင်းသို့ ရောက်သွား သည်။

မြို့တွင်းရောက်သောအခါ တစ္ဆေငယ်နှစ်ကောင်တို့ မိခင်တစ္ဆေမကြီးကို လိုက်လံရှာဖွေကြည့်လေသည်။

တစ်နေရာရောက်တော့ အိမ်တစ်အိမ်နံဘေး၌ ထားသော ကလေးမီးဖွားပြီးစ မိန်းမတစ်ယောက်၏ အညစ် ကြေးများကို ဖော်ယူပြီး လမ်းဘက်သို့ ထွက်လာသော တစ္ဆေ ကြီးကို မြင်တွေ့ရသည်။

တစ္ဆေငယ်နှစ်ကောင် မှာကြားလိုက်သည့် ပုံပန်းသဏ္ဌာန် နှင့် တူသဖြင့်. . သားနှစ်ယောက်က မှာလိုက်သောစကားတို့ ပြောပြလိုက်ရာ တစ္ဆေမကြီးက များစွာအံ့သြသွားလေသည်။

"အရှင်ဘုရား၊ ကျွန်ုပ်ကို အဘယ်သို့သော အစွမ်းဖြ မြင်တွေ့ရပါသနည်း"





"သင့်သားနှစ်ယောက်က ဆေးမြစ်တစ်ခု ပေးလိုက်ပေ သည်။ ထိုဆေးမြစ်အစွမ်းကြောင့် သင့်ကို ငါမြင်ရပေသည်"

ဟု ပြောပြလိုက်သည်။

ထိုအခါ တစ္ဆေမကြီးက ထိုဆေးမြစ်ကို ပြန်ယူလိုသော ကြောင့် ပရိယာယ်ဖြင့် စကားဆိုသည်။

"အဲဒီဆေးမြစ်ကို ပြပါ"

ဟု ပြောသောအခါ မထေရ်က လက်ဖြင့်ဆုပ်ကိုင်ထား သော တစ္ဆေဆေးမြစ်ကို လက်ဝါးပေါ်တင်ပြီး ပြသည်နှင့် တစ္ဆေ ကြီးက ချက်ချင်းယူပြီး နေရာမှထွက်ပြေးသွားလေတော့သည်။

တစ္ဆေဆေးမြစ် မရှိတော့သည်နှင့်. . စောစောက မြင် နေရသော ပရလောကသားများအားလုံး မြင်ကွင်းမှ ကွယ် ပျောက်သွားကြလေတော့သည်။

ထိုအခါမှပင် ပိဋကတ်ပါတိက မထေရ်လည်း စိတ်ချမ်းသာ စွာဖြင့် ဆွမ်းခံကြွနိုင်ပေတော့သည်။

အထက်ဖော်ပြထားသော အကြောင်းအရာမှာ စိတ်ကူး ယဉ်၍ ရေးသားဖော်ပြခြင်းမဟုတ်ပဲ 'မဇ္ဈိမနိကာယ်၊ မဇ္ဈိမ ပဏ္ဏာ သ စူဠကုလုဒါယိသုတ်'၌ ဖော်ပြထားသော အကြောင်းအရာ မျှသာဖြစ်ကြောင်း ကြိုတင်သိထားစေလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂)

# ဘေးအန္တရာယ်များသော ပရလောကသား

တစ်နေ့သ၌ ကျွန်ုပ်သည် နံနက်စောစောအချိန်တွင် လမ်းလျှောက်ရင်းနှင့် မရောက်တာ မတွေ့တာ ကြာပြီဖြစ်သော ဒေါက်တာမင်းထင်ကျော် နေထိုင်သော အိမ်ဘက်သို့ ဆက်လျှောက်လာလေသည်။

အချိန်ကာလမှာ မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့တို့ သိမ်းပိုက်အုပ်ချုပ်နေသော အချိန်ဖြစ်သောကြောင့် ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



သည်ပင်လျှင် အစိုးရမင်းများ ရုံးစိုက်ရာ မြို့တော်ဖြစ်သော်ငြား လည်း တိုးတက်ခြင်းတော့ မရှိသေးပေ။

မြို့လည်တစ်ဝိုက်လောက်သာ စည်ကားတိုးတက်မှုရှိပြီး ဆင်ခြေဖုံးရပ်ကွက်များဟုခေါ်သော အလုံ၊ ကြည့်မြင်တိုင်၊ စမ်း ချောင်း၊ မြေနီကုန်း၊ ကမာရွတ်၊ ဟောန်း၊ ပုဇွန်တောင်၊ မင်္ဂလာ တောင်ညွန့်၊ ဗိုလ်တစ်ထောင် စသောနေရာများမှာတော့ လူနေ ထိုင်မှု ကျဲကျဲလောက်သာ ရှိပေသည်။

မြို့နှင့်ဝေးသော သင်္ချိုင်းကျွန်းဘက်၌ ကုလားလူမျိုးများ သာ အနေများပြီး အင်းစိန်ဘက်မှာတော့ လူမျိုးပေါင်းစုံတို့ စုဝေး နေထိုင်ကြသည်။

ထိုအချိန်လောက်က ဗဟန်းမှာ မြို့လည်နှင့် နီးသည် ဆိုသော်လည်း ဘုရား၊ ပုထိုး၊ ကျောင်းဇရပ်၊ ကန်များသာများပြီး အစိုတောများ ထူထပ်လှသဖြင့် အခြေချနေထိုင်သူ နည်းလှပေ သည်။

ငါးထပ်ကြီး၊ ခြောက်ထပ်ကြီးဘုရားတို့နှင့် နီးသော နေ ရာများတွင် ရာသီထွက်သီးနှံစိုက်ပျိုးသူ ပန်းမျိုးစုံတို့ စိုက်ပျိုးသူ များ အနေများကြသည်။

ကြားတောရလမ်းတစ်လျှောက်မှာတော့ သာမန်လူများ နေထိုင်ခြင်းမရှိပဲ . . ဘုန်းကြီးကျောင်းနှင့် ဇရပ်များ၊ သီလရှင် ကျောင်းများသာ ရှိကြလေသည်။

ကန်တော်ကြီးစောင်းတစ်ဝိုက်တွင် ရပ်ရှင်ရုံနှင့် ဈေး





ဆိုင်များ ရှိသော်လည်း ရွှေတိဂုံစေတီတော်နှင့်နီးသော ကြား တောရလမ်းဘက်မှာတော့ ဘုန်းကြီးနှင့် သီလရှင်များသာ အနေ များကြသည်။

ရွှေတိဂုံစေတီတော်ကြီး မြောက်ဘက်တစ်ကြောမှာ တော့ သက်တမ်းရင့်ကုက္ကိုလ်ပင်ကြီးများက နေရာမလပ် ဖုံးအုပ် ထားပြီး နေရာအတော်များများတွင် နွားမွေးမြူသောခြံများ ရှိကြ သည်။ ဌက်ပျောပင်များ ပြည့်နေသော ခြံထဲတွင် နို့စားနွားများ မွေးမြူကာ နို့ရောင်းချသော ကုလားအများစု နေထိုင်ကြသည်။

သို့ကြောင့် ရွှေခုံတိုင်(ယခု ရွှေဂုံတိုင်)လမ်းနှင့် ဘောင် ဒရီလမ်း(ယခု ဓမ္မစေတီလမ်း)တို့ ရှိသော နေရာဘက်မှာ လမ်းမ ကောင်းလှပေ။ နေရာအတော်များများတွင် မီးဖုတ်အုတ်၊ ဒီလုံး ခဲများကို စီခင်းထားလေသည်။

ရွှေခုံတိုင်ဘက်၊ ဗဟန်းဘက်မှ မြေနီကုန်းဘက်သို့ သွား လိုလျှင် ဘောင်ဒရီလမ်းမှ သွားရသည်ဖြစ်သော်လည်း လမ်း ကြမ်းလှသောကြောင့် လံချားနှင့် မြင်းလှည်းများ အငှားခေါ်ပါက လိုက်လိုပဲ ငြင်းဆန်တတ်ကြလေသည်။

"ငါးမူးတစ်ကျပ်နဲ့ လှည်းဝင်ရိုးတော့ အကျိုးမခံပါဘူး၊ သမ်းကောင်းတဲ့ဘက်ကိုပဲ တစ်မတ်ငါးမူးနဲ့ လိုက်တော့မယ်"

ဟု မြင်းလှည်းသမားအချင်းချင်း ပြောဆိုကြသည်။

မော်တော်ကား၊ မြင်းလှည်းနှင့် လံချားများ အသွားအ လာ မရှိကြသော်လည်း လူသွားလူလာ မများလှသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com

လမ်းလျှောက်ရတာတော့ ကောင်းသည်။

ထို့ကြောင့် ကျွန်ုပ်သည် နံနက်စောစော လမ်းလျှောက်ရင်းနှင့် ဒေါက်တာမင်းထင်ကျော် အိမ်ဘက်သို့ လာခဲ့ခြင်းဖြစ်ပေသည်။ ၎င်း၏နေအိမ်မှာ ဘောင်ဒရီလမ်းမှ မြောက်ဖက်သို့ ချိုးကွေ့ဝင်ရသော လမ်းသွယ်တစ်ခုအတွင်း၌ ရှိပေသည်။

ကျွန်ုပ်ရောက်သွားတော့ ခြံဝန်းထဲတွင် လေ့ကျင့်ခန်းပြုလုပ်နေသည့် ဒေါက်တာမင်းထင်ကျော်နှင့် အဆင်သင့်ပင် တွေ့ရလေသည်။

"အော် . . ဆရာပါလား၊ စောစောစီးစီး လမ်းလျှောက်ထွက်လာတယ် ထင်ပါရဲ့"

"လမ်းလည်းလျှောက်ရင်း မောင်ထင်ကျော်နဲ့လည်း မတွေ့ရတာ ကြာပြီမို့ တွေ့ရအောင် တမင်လှည့်ဝင်လာတာပါ"

"ဆရာရောက်လာတော့ အတော်ပဲ ဖြစ်သွားတယ် . . ကျွန်တော်လည်း ဆရာနဲ့တွေ့ချင်နေတာ၊ ဒီမနက် ဆရာမလာရင် နေ့လည်ဘက်လောက်ဆိုရင် ဆရာ့ဆီကို လာမလို့ စဉ်းစားနေတာ"

"ကိစ္စ အထွေအထူးများ ရှိနေလို့လား"

"တခြားတော့ မဟုတ်ပါဘူး၊ ဆရာကြီး သူရဋ္ဌက ညနေပိုင်းကျရင် ဆရာနဲ့ ကျွန်တော်တို့နှစ်ယောက် သူ့ဆီကို လာခဲ့ဖို့ မှာထားလို့ပါ"

"ကိစ္စရှိလို့ ဖြစ်မှာပေါ့၊ ညနေပိုင်းရောက်တော့ မောင်





ထင်ကျော် သွားကာနီးရင် လာခေါ်လေ၊ အဆင်သင့် ပြင်ထားလိုက်ပါမယ်"

ဟု ပြောဆိုနှုတ်ဆက်ပြီး ပြန်လာခဲ့လေသည်။

ညနေပိုင်းရောက်တော့ ရေမိုးချိုး အဝတ်အစားလဲပြီး အဆင်သင့်ပင် စောင့်နေလိုက်သည်။

ညနေပိုင်း (၄)နာရီလောက်ရောက်တော့ ဒေါက်တာမင်းထင်ကျော်တစ်ယောက် ကားဖြင့် ရောက်လာသောကြောင့် လိုက်သွားလေသည်။

ဆရာကြီး သူရဋ္ဌနေထိုင်သောနေရာမှာ ဒေါက်တာမင်းထင်ကျော် နေသောနေရာ၏ အတွင်းပိုင်းဘက်၌ ဖြစ်ပေသည်။ ကားတစ်စင်း မောင်းဝင်ရုံလောက်သာရှိသော မြေနီလမ်းကလေးများမှ ကွေ့ကွေ့ကောက်ကောက် မောင်းဝင်သွားရလေသည်။

နေရာအနှံ့တွင် ကြီးမားသော ကုက္ကိုလ်ပင်ကြီးများ ရှိနေပြီး အချို့နေရာများတွင် ချုံနွယ်ပိတ်ပေါင်းများက လမ်းဘေးအထိ ရှိနေကြသည်။

သစ်ပင်သစ်ရွက်များပေါ်တွင် မြေနီမှုန့်များက ကပ်တွယ်နေရာ ကားမောင်းသွားသောအခါ ဖုံလုံးများအဖြစ်နှင့် နောက်မှလိုက်လာကြသည်။

ဆရာကြီး သူရဋ္ဌနေထိုင်သောခြံမှာ အတော်ပင်ကျယ်ဝန်းလှပေသည်။ ခြံကျယ်အတွင်းမှာ ကုက္ကိုပင်စသော ကြီးမားပြီး


www.burmeseclassic.com

www.burmeseclassic.com



သက်တမ်းရင့်လှပြီဖြစ်သည့် သစ်ပင်ကြီးများ ရှိသလို ဝါးပိုးဝါး တောကြီးများလည်း ရှိကြလေသည်။

ကြည့်လိုက်လျှင် မှိုင်းညို့အေးစိမ့်နေပြီး တိတ်ဆိတ်ငြိမ် သက်နေလေသည်။

ဆရာကြီး သူရဋ္ဌနေသောနေအိမ်မှာ တိုက်ခံနှစ်ထပ် အိမ်ကြီးဖြစ်ကာ နောက်ဘက်တွင် အဆောင်တွဲလည်း ရှိသေး သည်။ နေထိုင်သည့် လူဦးရေ မများသော်လည်း ဘုရားခန်း၊ ကျမ်းစာအုပ်များ ထားသောအခန်း၊ ဆေးဝါးစီရင်သောအခန်း ထိုထိုသော အခန်းများက အပေါ်ထပ်မှာရော အောက်ထပ်၌ပါ နေရာယူထားကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျွန်ုပ်တို့ ရောက်သွား သောအခါ ဆရာကြီးက အိမ်ပေါက်ဝမှ ထွက်ကြိုနေလေသည်။

"ဒီအချိန်ရောက်လာတာ အတော်ပဲ၊ စာရေးဆရာပါ ပါလာတော့ ပိုကောင်းတာပေါ့"

ဟုပြောကာ ကျွန်ုပ်တို့နှစ်ယောက်အား အိမ်အတွင်းသို့ ခေါ်သွားကာ ဧည့်ခန်းရောက်တော့ ထိုင်ကြသည်။

"ဆရာကြီး ဘာကိစ္စများ ရှိနေလို့လဲ"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ဒီကနေ့ည တောက်ကြို့ဘက်ကို သွားစရာရှိလို့ မောင် ထင်ကျော်တို့ နှစ်ယောက်ကိုပါ အဖော်ခေါ် ရတာပဲ"

"ဆရာကြီးခေါ် ရင်တော့ လိုက်ခဲ့ဖို့ အဆင်သင့်ပါပဲ. . .၊





ဒါပေမယ့်. . . ဘယ်လိုအကြောင်းကိစ္စဆိုတာ မသိရဘူးလား ဆရာကြီး"

"သိရပါတယ် တခြားမဟုတ်ပါဘူး၊ အဲဒီနေရာဘက် မှာရှိတဲ့ မကျွတ်မလွတ်တဲ့ ပရလောကသားတွေကို အစားအ သောက်တွေပေးပြီး အမျှအတန်းဝေပေးဖို့ပါ"

"ပရလောကသားတွေ အမျှအတန်းဝေတာတွေ ကျေး မွေးတာတွေကို နီးနီးနားနားမှာမလုပ်ပဲ ဘာကြောင့် တောက် ကြို့အထိ သွားလုပ်တာလဲ ဆရာကြီး"

ဒေါက်တာမင်းထင်ကျော်က သိချင်တာကို မေးလိုက် သည်။ ဆရာကြီး သူရဋ္ဌက ဆေးတံအတွင်းသို့ ဆေးဖြည့်ကာ မီးညှိပြီးနောက် တစ်ဖွာနှစ်ဖွာ ဖွာလိုက်ပြီးမှ စကားပြန်ဆက် လေသည်။

"မောင်ထင်ကျော်မေးတာ မေးသင့်တဲ့ မေးခွန်းပါပဲ၊ ပရလောကသားတွေမှာလည်း အများကြီးရှိကြတယ်၊ အဆင့်အ တန်းတွေလည်း မတူကြဘူး၊ အဲဒီမှာမှ ကိုယ်နဲ့သက်ဆိုင်တာ တွေ ရှိသလို မသက်ဆိုင်တာတွေလည်း ရှိကြတယ်၊ ပရလောက သားတွေ အတွက်ကတော့ ဝေးတယ်နီးတယ်ဆိုတာ မရှိကြပါ ဘူး၊ အကူအညီ တောင်းစရာရှိရင် သက်ဆိုင်တဲ့သူရှိတဲ့နေရာကို ရောက်လာပြီးတော့ အကူအညီတောင်းလေ့ရှိကြတယ်"

ဆရာကြီး သူရဋ္ဌ ရှင်းပြတော့မှ နံဘေးမှာရှိနေသော ကျွန်ုပ်လည်း သဘောပေါက်စ ပြုလာသဖြင့် ဝင်မေးလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အဲဒီမှာရှိကြတဲ့ ပရလောကသားတွေက ဆရာကြီးဆီ ကိုလာပြီး အကူအညီ တောင်းကြတာလား"

ဆရာကြီးက ခေါင်းညိတ်ပြသည်။

"ဘယ်လိုအကူအညီ တောင်းကြလို့လဲ ဆရာကြီး"

"ပရလောကရောက်နေတဲ့ လူတွေမှာလည်း လူ့လော ကမှာ ရှိနေကြတဲ့ လူတွေလိုပဲ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မင်း၊ မနှစ် သက်သူဆိုတဲ့ ရန်သူမျိုး ငါးပါးတွေရဲ့ နှိပ်စက်တာတွေကို ခံ ကြရတယ်"

ထိုစကားကိုတော့ ကျွန်ုပ်အနေဖြင့် အံ့သြမိပေသည်။

ကမ္ဘာဇီတ္တိတန်ခိုးကြောင့် ကွယ်ပျောက်နေကြသည့် ပရ လောကသားများကို လောကတွင်းမှာပင် ရှိနေကြသေးသော ရန်သူမျိုးငါးပါးက ဘယ်ပုံဘယ်နည်း နှိပ်စက်နိုင်ကြလေသနည်း ဟု တွေးတောနေမိလေသည်။

"စာရေးဆရာက ကျုပ်ပြောတဲ့စကားကြားတော့ နည်း နည်းတော့ ထူးဆန်းနေတယ် ထင်ပါရဲ့၊ လူ့ဘုံနဲ့ ဘဝတစ်ခု ခြားနေတဲ့ဘဝမှာ ရောက်နေတဲ့ ပရလောကသားတွေရဲ့ ဘဝ တွေကလည်း လူတွေနဲ့ ဘာမှမခြားလှပါဘူး"

"ဟုတ်ကဲ့"

"ရုပ်ဆင်းအင်္ဂါ မတင့်တယ်ပဲ ကမ္ဘာဇီတ္တိတန်ခိုး ရှိကြ တယ်ဆိုပေမယ့် လူတွေက နှိပ်စက်ရင် သူတို့လည်း သည်းခံကြ





ရတာပါပဲ၊ နောက်ပြီး ရန်သူမျိုးငါးပါး နှိပ်စက်ရင်လည်း သူ့ ရှာတွေ ခံကြရတာပါပဲ"

"ရှင်းပြပေးပါဦး ဆရာကြီး"

"ပရလောကသားတွေဟာလည်း လူတွေလိုပဲ စားရ သောက်ရတယ်၊ နေထိုင်စရာ ရှာရတယ်၊ အိမ်ထောင်သားမွေး တွေ ပြုကြတယ်၊ စားစရာမရှိရင် ရတဲ့နည်းနဲ့ စားသောက်စရာ ရှာရတယ်၊ အဲဒီမှာ လူတွေလိုပဲ တရားတဲ့နည်းနဲ့ ရှာဖွေတာရော မတရားတဲ့နည်းနဲ့ ရှာဖွေတာရော အားလုံးပါတာပေါ့"

"ဟုတ်ကဲ့"

"တရားတဲ့နည်းနဲ့ ရှာဖွေတယ်ဆိုတာ လူတွေကျွေးမွေး တာတွေ၊ စွန့်ပစ်ထားတာတွေကို ရှာဖွေစားသောက်တာပေါ့၊ မတရားတဲ့နည်းတွေကတော့ ပူးကပ်ခြောက်လှန့်တာတို့ အတင်း အဓမ္မ တောင်းယူစားသောက်တာမျိုး၊ မပေးမကျွေးရင် ဒုက္ခ ရောက်အောင် လုပ်မယ်ဆိုပြီး ခြိမ်းခြောက်တောင်းယူတာမျိုး တွေပေါ့"

"ဒါဖြင့် နတ်တွေကို ပူဇော်ပသတာရော ပါသလား ဆ ရာကြီး"

"နတ်တွေကို ပူဇော်ပသတာ နှစ်မျိုးပဲ ရှိပါတယ်၊ လော ဘကြောင့် ပူဇော်တာနဲ့ ဒေါသကြောင့် ပူဇော်တာ နှစ်မျိုး ပါတယ်၊ လောဘကြောင့် ပူဇော်တယ်ဆိုတာ နတ်မစခံရအောင် နိုင်းသာချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"သောကကြောင့် ပူဇော်တယ်ဆိုတာ ဒုက္ခရောက်နေတာတွေ ကူညီကယ်တင်ပေးဖို့နဲ့၊ တင်မြှောက်နေကျ မတင်မြှောက်မိရင် နတ်က နှိပ်စက်မှာစိုးလို့ သောကစိတ်နဲ့ ပူဇော်ပသကြတာပါ"

"မှန်ပါတယ် ဆရာကြီး၊ ဒါထက် ပရလောကသားတွေမှာရော ရန်သူမျိုးငါးပါးနဲ့ ကြုံတွေ့ရတယ်ဆိုတာ ဘယ်လိုမျိုးတွေပါလဲ"

ကျွန်ုပ်က ဝင်မေးလိုက်သည်။

ထိုအခါ ဆရာကြီးက ဆက်ပြောပြသည်။

"စောစောက ပြောသလိုပေါ့ဗျ၊ ပရလောကသားတွေဆိုတာလည်း လူတွေလိုပဲ၊ ဒီဘုံဘဝထဲမှာ နေကြရတာဆိုတော့ သူတို့မှာလည်း ရန်သူမျိုးငါးပါးနဲ့ ကြုံတွေ့ရင် ဒုက္ခရောက်ကြရတာပါပဲ၊ မီးလောင်လို့ သူတို့နေရာ ပါသွားရင်. . ရေကြီးလို့ သူတို့နေရာ ပါသွားရင် ပြေးကြရတာပါပဲ၊ သူတို့လိုအဆင့် မပြောပါနဲ့၊ နတ်တွေလိုအဆင့်မျိုးတောင် ဘုံပျောက်ရတာနဲ့ ကြုံရတယ်"

"ဘုံပျောက်တယ်ဆိုတာ ဒါကို ပြောတာပဲ ဖြစ်မှာပေါ့"

"ဟုတ်တယ်၊ ရေနဲ့မီးလိုပဲ၊ မင်းဘေးသင့်တာတွေလည်း ရှိတယ်၊ မင်းအမိန့်နဲ့ နှင်ထုတ်ခံရတာတွေ၊ နေရာဖယ်ပေးရတာတွေအပြင် အချုပ်အနှောင် ခံရတာမျိုးတွေတောင် ရှိတာပဲ"





"ပုဂံမှာ နတ်လှောင်ကျောင်းဆိုတာ ရှိတယ်၊ ပုဂံခေတ်[illegible] နတ်တွေကို ချုပ်နှောင်ထားတဲ့ နေရာလို့တော့ စာတွေမှာတွေ့ဖူးတယ်"

"ဟုတ်ပါတယ်၊ ခိုးသူ မချစ်မနှစ်သက်တဲ့ ရန်ဘေးတွေ[illegible]တော့ လူတွေနဲ့ မသက်ဆိုင်လှဘူး၊ သူတို့လောကသားတွေ[illegible]ချင်းချင်း၊ တစ်ယောက်ရှာဖွေထားတဲ့ အစားအစာတွေကို[illegible]ာက်တစ်ယောက်က ခိုးယူတာတို့ လုယက်ယူတာတွေ ရှိသလို[illegible]စ်ဦးနဲ့တစ်ဦး မုန်းတီးလို့ တိုက်ခိုက်ရတာတွေလည်း ရှိတယ်၊[illegible] တစ္ဆေသရဲကို သတ်တာတွေလည်း ရှိတယ်"

"ရွှေဘိုနယ်ဘက်မှာ. . ငချမ်းကောင်းဆိုတဲ့ လူတစ်[illegible]ာက်ဟာ တစ္ဆေကို မရရအောင် ဖမ်းဆီးသတ်ဖြတ်တယ်လို့[illegible] တဇ္ဇတ္တဒီပနီကျမ်းမှာ တွေ့ဖူးတယ်"

"ဟုတ်ပါတယ်"

"ဒါထက် မေးပါရစေဦး ဆရာကြီး၊ ထောက်ကြံ့ဘက်[illegible]ရှိတဲ့ ပရလောကသားတွေက ဘယ်လိုဒုက္ခရောက်နေကြလို့[illegible] ဆရာကြီး"

"အင်္ဂလိပ်အစိုးရက ထောက်ကြံ့ဘက်မှာ ရွာသစ်တစ်ခု[illegible]ည်ပေးတယ်၊ ရွာဟောင်းနဲ့ ရွာသစ်ကိုလည်း လမ်းဖောက်[illegible]ပြီးတယ်၊ ဒီတော့ ရွာတည်မယ့်နေရာမှာရှိတဲ့ သစ်ပင်ဝါးပင်[illegible]တွေကို ခုတ်တယ်၊ တောင်ပို့တွေကိုလည်း ဖြိုဖျက်တယ်၊ လမ်း[illegible]ာက်တဲ့နေရာမှာရှိတဲ့ သစ်ပင်ဝါးပင်တွေကို ခုတ်ပစ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းတောင်ပို့တွေကို ဖြိုပစ်တယ်၊ အဲဒီမှာ ဘုရားပျက် ကျောင်းပျက်နဲ့ သချိုင်းတွေပါ ပါသွားကြတယ်"

ကျွန်ုပ်စိတ်ထဲမှာတော့ တစ်လောက သတင်းစာတစ်စောင်တွင် ထောက်ကြံ့ဘက်၌ ရွာသစ်တစ်ခုတည်တော့မည့်အကြောင်း သတင်းဆောင်းပါးအနေဖြင့် ရေးသားသော သတင်းတစ်ပုဒ်ကို သတိရမိလေသည်။

"သတင်းစာမှာတော့ တွေ့လိုက်မိတယ် ဆရာကြီး"

"စောစောက ပြောသလိုပေါ့၊ ပရလောကဆိုတာ နေစရာ အလွန်ရှားတယ်၊ စားစရာ အလွန်ရှားတယ်၊ သစ်တစ်ပင်ဝါးတစ်ပင်လောက်မှာတင် ပရလောကသားတွေ ရာထောင်ချီပြီး ရှိကြတယ်၊ သစ်ပင်တစ်ပင် ခုတ်လှဲလိုက်ရင် ပရလောကသားတွေအများကြီး နေစရာ မဲ့သွားကြတယ်၊ လူတွေနေတဲ့ရွာတွေ မီးလောင်သလိုပေါ့"

"သနားစရာပါပဲ ဆရာကြီးရယ်"

"လူတွေက မသိလို့ ကြောက်နေကြတာ၊ တကယ်တော့ ပြိတ္တာဘုံဘဝ ရောက်နေကြတဲ့ သူတွေအားလုံးက သနားစရာတွေချည်းပါပဲ၊ ထမင်းတစ်ခဲ အသားတစ်တုံး ရဖို့ကိုပဲ အများကြီး လုယက်ပြီးရမှ စားကြသောက်ကြရတယ်"

ကျွန်ုပ်နှင့် ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်စလုံးတော့ ဘာမှ ပြန်မပြောတော့ပဲ မသိမသာ သက်ပြင်းချလိုက်ကြလေသည်။





အချိန်က ညနေပိုင်းအချိန်သို့ ရောက်လာချေပြီ၊ နေမဝင်သေးသော်လည်း သစ်ရိပ်ဝါးရိပ်များ အုပ်စိုးထားသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် မှောင်စပြုနေချေပြီ။

ဒေါက်တာမင်းထင်ကျော်ကတော့ ပြတင်းပေါက်မှ လှမ်းမြင်နေရသော သစ်ပင်ကြီးများရှိရာသို့ လှမ်းကြည့်ရင်း . .

"အင်း ဒီသစ်ပင်ကြီးတွေမှာ မှီခိုနေရတဲ့ ပရလောကသားတွေ ဘယ်လောက်များနေကြမလဲ မသိဘူး"

ဟု တွေးတောနေမိလေသည်။

"ကိုင်း . ကျုပ်တို့ ထောက်ကြံ့ဘက် သွားကြရအောင်၊ မောင်ထင်ကျော်မှာ ကားပါလာတော့ အဲဒီကားနဲ့ပဲ သွားကြတာပေါ့၊ ကျွေးမွေးဖို့ ပစ္စည်းတွေတော့ အဆင်သင့် ပြင်ဆင်ထားပြီးပါပြီ"

"ဒါထက် ဦးဖုန်ကောင်းပါ ဝင်ခေါ် သွားဦးမလား ဆရာကြီး"

"ခေါ်ခဲ့မယ်လေ၊ သူပါတော့ ပိုကောင်းတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ ပြင်ဆင်ထားသော ပစ္စည်းထည့်ထားသော အထုပ်များကို ကားနောက်ဘက်သို့ ထည့်ကာ သုံးယောက်သား ထွက်လာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၃)

# မကျွတ်မလွတ်သေးသူများအတွက် အကျွတ်အလွတ်ပွဲ

ပြိတ္တာ၊ တစ္ဆေစသော ပရလောကသားများသည် ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်လေးဘုံ၌ ဖြစ်သော အပါယ်လေးဘုံသားများပင် ဖြစ်ကြပေသည်။ ပြိတ္တာဘဝ ရောက်သူတိုင်း ယမမင်းကြီး ပိုင်နက်အတွင်း၌သာ နေကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



အပါယ်လေးဘုံသားတို့သည် ဒုဂ္ဂတိအဟိတ်၊ ပဋိသန္ဓေ နေခဲ့သူများဖြစ်ပေရာ ပြိတ္တာ၊ တစ္ဆေ စသည်တို့မှာလည်း ဒုဂ္ဂတိ အဟိတ် ပဋိသန္ဓေနေကြရသူများပင် ဖြစ်လေ၏။

သို့သော်. . အချို့ အနည်းငယ်မျှသော ပြိတ္တာများမှာမူ လူတို့ကဲ့သို့ပင် သုဂတိအဟိတ် ပဋိသန္ဓေ၊ ဒွိဟိတ် ပဋိသန္ဓေ တိဟိတ် ပဋိသန္ဓေ နေကြသူများလည်း ရှိကြသေးသည်။

ဗုဒ္ဓဘုရားရှင် လက်ထက်တော်က. .

(၁) သုခိလောမဘီလူး
(၂) ခရလောမဘီလူး
(၃) ပိယင်္ကရတ္တမာတာ
(၄) ဥတ္တရမာတာ
(၅) ဖုဿမိတ္တာ
(၆) ဓမ္မဂုတ္တာ

အစရှိသော ပြိတ္တာများမှာ အခြားပြိတ္တာတို့နှင့် မတူပဲ တိဟိတ်၊ ပဋိသန္ဓေ နေခဲ့ကြသူများ ဖြစ်သောကြောင့် တရားထူး ရခဲ့ကြကြောင်း ပါဠိတော်နှင့် အဋ္ဌကထာများတွင် ဖော်ပြထားပေ သည်။

ပြိတ္တာဘုံဘဝသည် ဆင်းရဲခြင်းများဖြင့်သာ ပြည့်နေ သောကြောင့် ကြောက်စရာကောင်းသော ဘုံဘဝများလည်း ဖြစ် သည်။

လူ့ဘဝ၌ ပြုခဲ့သော အကုသိုလ်ကံများလေလေ ပြိတ္တာ



ဘုံဘဝ ရောက်သောအခါ ဆင်းရဲဒုက္ခ ခံရလေလေဖြစ်၏။

ပြိတ္တာလောကအကြောင်းများကို အဋ္ဌကထာကျမ်းများ ၌ ဖော်ပြထားခြင်းများကိုလည်း တွေ့ရပေသည်။

ဂတိငါးပါး ရှိသည့်အနက် ပေတဂတိသို့ လားရောက်ကြ ရသော ပြိတ္တာများကို ရှေးပဝေဏီအစဉ်အဆက်ကစ၍ 'တစ္ဆေ' ဟု လောကလူအများက ခေါ်ဝေါ်ခဲ့ကြသည်။

ပါဠိ၊ အဋ္ဌကထာဋီကာများကို အနက်မြန်မာပြန်ဆိုတော် မူခဲ့ကြသော ရှေးရှေးနိဿယ ကျမ်းပြုဆရာတော်ကြီးများက လည်း 'ပေတ'ကို 'တစ္ဆေ'ဟူ၍လည်းကောင်း၊ 'ပြိတ္တာ'ဟူ၍ လည်းကောင်း မြန်မာမှုပြုတော်မူခဲ့ကြသည်။

'ပေတ'၏ အဓိပ္ပါယ်နှစ်မျိုးကို ဖော်ပြပါမည်။

* 'ပေတ'ကို 'ပြိတ္တာ၊ တစ္ဆေ'ဟူ၍လည်းကောင်း၊

* လူ့ဘုံ၊ လူ့ဘဝမှ ကွယ်လွန်သွားပြီး ဘုံဘဝ တစ်ခုခု သို့ ရောက်ရှိသွားသူ ဟူသမျှကို 'ပေတ'ဟူ၍လည်းကောင်း၊

အဓိပ္ပါယ်ပြန်ဆိုကြလေသည်။

သို့ဖြစ်၍ ပေတဒါနအဖြစ် လှူဒါန်းသည့်

- သက်ပျောက်ဆွမ်းသွတ်အလှူ
- သရဏဂုံတင်အလှူ
- မြေကျဆွမ်းသွတ်အလှူ
- ရက်လည်ဆွမ်းသွတ်အလှူ
- လပတ်လည်ဆွမ်းသွတ်အလှူ

www.burmeseclassic.com

www.burmeseclassic.com



- နှစ်လည်ဆွမ်းသွတ်အလှူ အစရှိသော အလှူဒါန များ၌ ဆရာတော် သံဃာတော်များက ရေစက်ချသောအခါ "ပေတာနံ ကာလကိရိတာနံ၊ အတည်မကျ ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်ပြီးသော"ဟူသည့် စကားပါရှိနေခြင်း ဖြစ်သည်။

သို့ဖြစ်ရာ အဆိုပါ ပေတပြိတ္တာတွင် ယနေ့ လူအများ ခေါ်ဝေါ်နေကြသော . . .

| | |
|---|---|
| - တစ္ဆေ | - ဖုတ် |
| - သရဲ | - ကျွတ် |
| - သဘက် | - ဥစ္စာစောင့် |
| - မှင်စာ | - ရုက္ခစိုး |
| - မြေဖုတ် | - ဘီလူး |

စသည်တို့ ပါဝင်နေကြောင်း သိရှိကြရပေသည်။

ရှေးအခါက လောကခမ္မာ ဉာဏစွယ်စုံ ကိုလုံကျွမ်းကျင် တော်မူလှသော အရှင်ဥက္ကံသမာလာ ဆရာတော်နှင့် အရှင် ဥတ္တမသာရ ဆရာတော်နှစ်ပါးတို့သည် ရွှေကြက်ယက်အရပ်၌ တွေ့ဆုံတော်မူကြသည်။

ထိုအခါ 'ပြိတ္တာကိုပင် တစ္ဆေဟု' ခေါ်ဝေါ်သုံးနှုန်းနေ ခြင်း . . စသော တစ္ဆေဆိုင်ရာ ပြဿနာ အရပ်ရပ်တို့ကို ဆွေး နွေးတော်မူခဲ့ကြသည်'ဟု . . 'အရိယာဝံသ အာဒိစ္စရံသီ'ဘွဲ့ ထူး ချိန်သော ဒုတိယမုံရွေး ဇေတဝန်ဆရာတော်ဘုရားကြီး အမိန့်ရှိ တော်မူဖူးကြောင်းဖြင့်၊ ယင်းဆရာတော် ဘုရားကြီး၏ လက်ရင်း တပည့်ဖြစ်သူ လေ့သင်းအတွင်းဝန် ဦးချိန်က အက္ခရာတင် အ မှတ်အသားပြုထားခဲ့သည်။

'တစ္ဆေ'ကို ရေးထုံးကွဲလွဲကြပုံနှင့် ပတ်သက်၍လည်း ဖော်ပြထားသည်။

ယင်း တဗ္ဗတ္ထဒီပနီ၌ပင် လေ့သင်းအတွင်းဝန် ဦးချိန်က 'တစ္ဆေ'ကို ရှေးသူဟောင်းတို့က 'တဇ္ဇေ၊ တစ္ဆေ၊ စစ္ဆေ'ဟု ရေးထုံး သုံးမျိုး ပြုခဲ့ကြကြောင်း၊ အဓိပ္ပါယ်မှာ အတူတူဖြစ်၍ . . "သံကွဲ ကြောင်းတူ" မှတ်ယူရမည်ဖြစ်ကြောင်း ဟူ၍ ရှင်းလင်းဖော်ပြ ထားသည်။

အမှန်မှာ 'တဇ္ဇတိ=ခြောက်လှန့်၏'ဟူသော ပါဠိအရ ခြောက်လှန့်တတ်သောကြောင့် 'တဇ္ဇေ'ဟု ခေါ်ဝေါ်ခြင်းဖြစ်ရာ 'တဇ္ဇေ'မှ 'တစ္ဆေ'ဟု ရေးထုံးအနေဖြင့် ရွေ့လျားလာခြင်းဖြစ် သည်။

ထို့ပြင် တစ္ဆေကိုလည်း ခြောက်လှန့်တတ်သည်ဟု ရှေး ကောက်ကပင် စွဲလန်းယူဆခဲ့ကြသေးသည်။

'ခြောက်လှန့်တတ်သည်' ဆိုသော်လည်း တစ္ဆေ(ပြိတ္တာ) များက တစ်ခါတစ်ရံ တမင်ခြောက်လှန့်သည့်အခါများ ရှိသည့် တိုင်အောင် များသောအားဖြင့်မူ တမင်ခြောက်လှန့်ခြင်း မဟုတ် ပေ။

တစ္ဆေ(ပြိတ္တာ)ဆိုသည်မှာ သူတို့၏ ပင်ကိုယ်ရုပ်ဆင်း







www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန်ကပင် မမြင်ဝံ့၊ မကြည့်ဝံ့စရာ ဆိုးရွားလှသည်။ ထိတ်လန့်စရာလည်း ကောင်းလှပေသည်။

သို့ဖြစ်ရာ တစ်ခါတစ်ရံ ကံအားလျော်စွာ လူသားများက သူတို့၏ပင်ကိုယ်ရုပ်သွင်ကို တွေ့မြင်ကြရသောအခါ. . . ကြောက်လန့်သွားတတ်ကြသည်။

ယင်းကဲ့သို့ ကြောက်လန့်သွားဖူးသူများက 'တစ္ဆေခြောက်လှန့်သည်'ဟု ပြောဆိုကြရာမှ 'တစ္ဆေခြောက်သည်' ဟူသော စကားဖြစ်ပေါ်လာခြင်းဖြစ်သည်။

သို့သော်လည်း. . အချို့ ပြိတ္တာဘုံဘဝသို့ မမျှော်လင့်ဘဲ ရောက်သွားကြသူတို့မှာ ၎င်းတို့ ပြိတ္တာဘုံဘဝ ရောက်နေသည်ကိုပင် သတိမပြုမိကြပဲ. . လူ့ဘဝ လူ့လောက၌ပင် ရှိကြသေးသည်ဟု ထင်မှတ်နေကြသေးသည်။

ထိုအကြောင်းကို ဆက်လက်ရေးသားသော ရှေ့အခန်းများတွင် ထည့်သွင်းရေးသားပေးပါမည်။

အချိန်မှာ မှောင်ရီသန်းစအချိန်သို့ ရောက်နေပေပြီ ညဦးပိုင်းအချိန်သို့ ရောက်နေပြီမို့ အလင်းရောင် သိပ်မရှိတော့ပေ။ နေရာမှာ ထောက်ကြံ့လမ်းနှင့် မဝေးလှသော နေရာတစ်နေရာပင်ဖြစ်သည်။

အချိန်ကာလမှာ (၁၉၁၈)ခုနှစ် ဝန်းကျင်အချိန်လောက်ဖြစ်သဖြင့် ကိုလိုနီများအုပ်ချုပ်နေသော အချိန်ကာလလည်း ဖြစ်ပေသည်။



ထိုအချိန်ကာလလောက်က ထောက်ကြံ့တစ်ဝိုက်မှာ ယခုမြင်တွေ့နေရသော မျက်မှောက်ကာလကဲ့သို့ မြို့ပြအခြေအနေမျိုးမဟုတ်ပဲ ရွာကြီးများသာ ရှိပေသေးသည်။

မင်္ဂလာဒုံမြို့နယ်ကို စတင်ဖွဲ့စည်းစဉ်က လှော်ကားစမ်းကြီး၀၊ ထောက်ကြံ့စသော ကျေးရွာကြီးများကို ထည့်သွင်းဖွဲ့စည်းခဲ့လေသည်။

ထို့ပြင်၊ ပျဉ်းမပင် နွယ်ခွေ၊ သက်နိုးကျွန်းကြီးစသည့် ကျေးရွာများလည်း ပါဝင်ခဲ့ကြသည်။

ထောက်ကြံ့မှာ ထိုအချိန်အခါကပင် လူနေများသော ရွာကြီးတစ်ရွာဖြစ်ခဲ့ပြီး လူဦးရေ ငါးရာနီးပါး ရှိလေသည်။

ထောက်ကြံ့လမ်းဆုံနှင့် မဝေးလှသည့် နေရာ၌ရှိသော ရွှေညောင်ပင်မှာ မွန်ဘာသာဖြင့် 'ဇွဲထော်'ဟုခေါ်သည့် ရွာကြီးတစ်ရွာဖြစ်သည်။

ရွာထိပ်၌ ကြီးမားသော ညောင်ပင်ကြီးတစ်ပင် ရှိသောကြောင့် ရွှေညောင်ပင်ရွာဟု မွန်ဘာသာဖြင့် 'ဇွဲထော်'ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

ထိုရွာ၌ နေထိုင်ကြသူတို့သည် ၎င်းတို့ ရွာထိပ်၌ရှိသော ညောင်ပင်၌ မော်ဘီအမြို့သာရနတ်ကြီး(ဘိုးဘိုးကြီး)အားရည်စူး၍ နတ်ကွန်း၏ ဆောက်လုပ်ပူဇော်ကြရာမှ ခေတ်အဆက်ဆက် နတ်ကွန်းစင် ရှိခဲ့ခြင်း ဖြစ်ပေသည်။

နောက်ပိုင်းတော့ ဗြိတိသျှအစိုးရမှာ ထောက်ကြံ့ရွာရှိ



www.burmeseclassic.com

www.burmeseclassic.com



သောလမ်းဆုံမှ မြောက်ဘက်သို့ ဦးတည်ကာ လမ်းသစ်ကြီးတစ်ခု ဖောက်လုပ်ခဲ့သည်။

လမ်းဖောက်သောအခါ လမ်းကြောင်းတစ်လျှောက်မှာရှိသော ရွာများဖျက်ပေးခဲ့ရသည်။ လယ်မြေယာမြေများ ပျက်စီးခဲ့ရသည်။

သစ်ပင်သစ်တောများကို ခုတ်ထွင်ဖယ်ရှားခဲ့ကြသည်။ တောင်ပို့တောင်ကုန်းတို့အား ဖြိုဖျက်ခဲ့ကြသည်။ ထိုအထဲတွင် သုသာန်မြေများပင် ပါလေသည်။

ထိုနေရာများ၌ ထိုကဲ့သို့သော ဘေးဒုက္ခကြုံခဲ့ရသည်မှာ ယခုတစ်ကြိမ် မဟုတ်ပေ။

(၁၈၇၅)ခုနှစ်လောက်က ရန်ကုန်မှပြည်သို့ မိုင်ပေါင်း (၁၆၁)မိုင်ရှည်လျားသော မီးရထားလမ်းကြီး ဖောက်လုပ်ခဲ့စဉ်ကလည်း ပရလောကသားတို့အတွက် ဘေးဒုက္ခကြုံခဲ့ကြရပေသေးသည်။

ရန်ကုန် ပြည် မီးရထားလမ်းမှာ (၁၈၇၇)ခုနှစ် မေလ(၁)ရက်နေ့၌ စတင်ဖွင့်လှစ် အသုံးပြုခဲ့ကြသည်။

ရန်ကုန်မှပြည်သို့ မော်တော်ကားလမ်း ဖောက်ခဲ့စဉ်ကသော်လည်းကောင်း၊ မီးရထားလမ်း ဖောက်ခဲ့စဉ်ကသော်လည်းကောင်း၊ အခြားနေရာများတွင် နေကြသည့် ရွာများထက် ထောက်ကြံ့တစ်ဝိုက်တွင် နေထိုင်ကြသူများမှာ ဖယ်ရှားမှု အများဆုံး ခံခဲ့ကြရပေသည်။





လူများသာမကပဲ မမြင်ရသော ပရလောကသားတို့မှာလည်း ဘေးဒုက္ခနှင့် ကြုံတွေ့ခဲ့ကြရပေသည်။

မင်းဘေးကြောင့် လူအများ ဒုက္ခရောက်ခဲ့ကြရသလို ပရလောကသားတို့လည်း ဒုက္ခရောက်ခဲ့ကြရလေသည်။

ယခုလည်း ဗြိတိသျှတို့က ထောက်ကြံ့လမ်းဆုံမှ မြောက်ဘက်သို့ ခွဲထွက်သွားသော နေရာတွင် လမ်းမကြီးတစ်ခု ဖောက်လုပ်ခဲ့ကြလေသည်။

၎င်းတို့ရည်ရွယ်ချက်မှာ ရန်ကုန်မြို့ ပြင်ဘက်၌ စခန်းများ စခန်းချနေရန် ထိုနေရာသို့ သွားရေးလာရေး လွယ်ကူစေရန် လမ်းမကြီးတစ်ခု ဖောက်ခဲ့ကြခြင်း ဖြစ်ပေသည်။

လမ်းဖောက်သောအခါ မလွတ်သောနေရာမှ ရွာများ၊ အိမ်များကို ဖယ်ရှားပစ်သည်။ စိုက်ပျိုးထားသော ဥယျာဉ်ခြံများ၊ ပေါင်းစိုက်သော လယ်များကို ဖျက်သည်။

သစ်ပင်ပေါင်း များစွာတို့ကို ခုတ်လှဲပစ်သည်။ ချုံနွယ်ပိတ်ပေါင်းများတို့ကို ခုတ်ထွင်ဖယ်ရှားပစ်သည်။

တောင်ပို့ တောင်ကုန်းများကိုလည်း ညီညာမှုရှိစေရန် ဖြိုချကြရာ ထိုနေရာများတွင် အမှီပြုနေကြသည့် နတ်များ၊ ရုက္ခစိုး ဘုမ္မစိုး၊ သိုက်နန်းရှင်များ၊ သိုက်နန်းမှာ နေကြသူအပေါင်းနှင့် ပိတ္တာအပေါင်းတို့မှာ နေစရာ ဘုံပျောက်ကာ ဒုက္ခရောက်ကြရလေသည်။

သုသာန်အချို့ပါ ဖြိုဖျက်သည့်အထဲတွင် ပါသွားသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်' ထိုနေရာတွင် မှီခိုနေကြရသည့် ပရလောကသားအပေါင်းတို့ နေစရာ စားစရာမရှိ ဖြစ်ကြရသည်။

အချိန်က ညဦးပိုင်း အချိန်ဖြစ်သည်။

ပတ်ဝန်းကျင်တွင် အမှောင်ရိပ်များ ဖုံးလွှမ်းစ ပြုနေကြသည်။ ထိုအချိန်ရောက်မှ အမှောင်ရိပ်ထဲမှ စကားပြောသံ၊ ခေါ်သံအော်သံများ ပေါ်ထွက်လာလေသည်။

ထိုအချိန်၌ အမှောင်ရိပ်နားမှာ ငိုက်မြည်းနေသော အဘိုးကြီးတစ်ယောက် အနီးသို့ အသက်အရွယ် ငယ်သေးသော မိန်းကလေးတစ်ယောက် ရောက်လာပြီး လာနှိုးနေလေသည်။

"အဘ. . အဘ. . အိပ်နေတာလား"

"အိပ်နေတာမဟုတ်ပါဘူး ငါ့မြေးရယ်၊ အဘတို့မှာ နေစရာမရှိတော့လို့ နေစရာရှာရတဲ့ဒုက္ခ၊ စားစရာမရှိတော့ စားစရာရှာဖွေရတဲ့ ဒုက္ခကြောင့် တစ်နေ့တစ်နေ့ ပင်ပန်းလိုက်တာကွယ်၊ ဒါကြောင့် ခဏမှိန်းနေတာပါ"

"ဟုတ်ပါရဲ့ အဘရယ်. . ၊ ကျွန်မတို့ နေတဲ့နေရာတွေလည်း မရှိတော့ဘူး၊ တခြားနေရာ သွားပြန်တော့လည်း သူ့နေရာနဲ့သူ သူ့လူနဲ့သူ ပြည့်နေတာချည်းပဲနော်"

"အင်း. ."

"ဒါထက် ကျွန်မတို့ အရင်က ပိုင်ဆိုင်ခဲ့တဲ့ မြို့ကြီးတွေ အိမ်ကြီးတွေ၊ ပစ္စည်းဥစ္စာတွေက ဘယ်ရောက်သွားလို့ ကျွန်မတို့က အခုလို စားစရာမရှိ ဝတ်စရာမရှိ၊ နေစရာမရှိတဲ့ ဘဝနဲ့





အခုလိုလျှောက်သွားနေကြရတာလဲဟင်"

မိန်းကလေးက ဝမ်းနည်းနေသော အသံမျိုးဖြင့် မေးသည်။

"အဘလည်း မသိတော့ပါဘူးကွယ်၊ အခုတော့ အရင်က ပိုင်ဆိုင်ခဲ့ရတာတွေဟာ အိပ်မက်ထဲမှာ တွေ့ခဲ့ရတဲ့ ပစ္စည်းတွေလိုပါပဲ၊ ဘယ်ပျောက်သွားပြီလဲ မသိတော့ပါဘူး"

အဘိုးကြီးက ညည်းညည်းညူညူ အသံမျိုးဖြင့် ပြောလိုက်လေသည်။

"အဘကို လာနှိုးတာ တခြားကြောင့် မဟုတ်ဘူး. . ၊ ထောက်ကြံ့လမ်းဆုံနားမှာ အလှူပွဲတစ်ခု လုပ်တော့မယ်လို့ ဖိတ်နေတဲ့အသံတွေ ကြားခဲ့ရလို့ အဘတို့က လာပြောတာ၊ ကျွန်မတို့ သွားကြရအောင်"

ဟု တက်ကြွသောအသံဖြင့် ပြောသည်။

အဘိုးကြီးက လှဲနေရာမှ 'ထထိုင်ရင်း မြေးမလေးကို တစ်ချက်ကြည့်လိုက်သည်။

"အလှူသွားတာတော့ ဟုတ်ပါပြီ၊ ငါ့မြေးကိုယ်ပေါ်မှာ ဝတ်ထားတဲ့ အဝတ်အစားတွေကလည်း ဟောင်းနွမ်းပြဲစုတ်နေပြီ၊ သင့်ပါ့မလား"

မိန်းကလေးက. . . သူ့ကိုယ်ပေါ်မှာဝတ်ထားသော ဟောင်းနွမ်းစုတ်ပြဲနေပြီဖြစ်သော အဝတ်များကို ငုံ့ကြည့်ရင်း ပြန်မေးမြန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ကျွန်မမှာ အရင်က အဝတ်အစားအသစ်တွေလည်း အများကြီးရှိတယ်၊ ရွှေငွေလက်ဝတ်ရတနာတွေလည်း ရှိပါတယ်၊ အခုတော့ တစ်ခုမှမရှိတော့ဘူး၊ ဘယ်ရောက်ကုန်ပြီလဲဟင်"

"အဘလည်း မသိတော့ပါဘူးကွယ်၊ ငါ့မြေးကို ပြောရဦးမယ်၊ ဒီလို အားလုံးကို ဖိတ်ပြီးလှူတဲ့အလှူမျိုးတွေဆိုရင် လူတွေများလေ့ရှိတယ်၊ အစားအသောက်တွေဆိုရင်လည်း တိုးဝှေ့စားသောက်ကြရတယ်၊ တိုးနိုင်ပါ့မလားကွယ်"

"ရပါတယ် အဘရယ်၊ စားစရာမရလည်း ကျွန်မတို့အတွက် တစ်ခုခုတော့ရမှာပေါ့၊ သွားကြရအောင်"

"ထောက်ကြံ့လမ်းဆုံဆိုရင် ဒီနေရာနဲ့ အတော်ကလေးဝေးတယ်၊ နောက်ပြီး အဘတို့က ဒီနေရာရဲ့ ဒေသခံတွေမဟုတ်တော့ သွားတတ်လာတတ်ပါ့မလား"

ဟု စိုးရိမ်စွာ ပြောသည်။

"ဒီလိုပဲ မေးစမ်းသွားရင် ရပါတယ် အဘရယ်၊ အဘမလျှောက်နိုင်ရင် ကျွန်မတွဲခေါ်ပါ့မယ်"

မြေးဖြစ်သူက စိတ်အားထက်သန်စွာဖြင့် ပြောနေသောကြောင့် အဘိုးကြီးလည်း နေရာမှ ကြိုးစားပြီး ထရလေတော့သည်။

ထိုအခိုက်မှာပင် သူတို့ မြေးအဘိုးရှိသောနေရာသို့ အခြားလူအချို့ ရောက်လာကြသည်။





ယောက်ျား မိန်းမတို့အပြင် ကလေးငယ်များပါ ပါလာကြသည်။

အားလုံးမှာလည်း သူတို့လိုပင် ဟောင်းနွမ်းစုတ်ပြဲနေသည့် အဝတ်များကို ဝတ်ထားကြကာ ကလေးများဆိုလျှင် အဝတ်ပင် မပါကြပေ။

"ဟဲ . . နင်တို့ အလှူမသွားကြဘူးလား"

"သွားမလို့ ဒါထက် သေချာရဲ့လား"

"သေချာပါတယ်ဟာ၊ သူတို့ရောက်ကတည်းက ဒီနေရာမှာရှိတဲ့သူတွေ ကြားလောက်အောင် ဖိတ်နေတာပဲ၊ သူတို့ဖိတ်နေတဲ့အသံကို ငါတို့က အဝေးကြီးကနေ ကြားရတာပဲ"

"ဟုတ်တယ် . . ဟုတ်တယ်၊ ဒီညကျွေးမွေးပြီးရင် . . နောက်တစ်နေ့ ညနေမှာလည်း ဆက်ကျွေးဦးမှာတဲ့၊ နောက်ပြီး အလှူပြီးရင် ရေစက်ချအမျှဝေပေးဦးမယ်လို့လည်း ပြောသေးတယ်"

"ဘုန်းကြီးတွေများ ပါမလားမသိဘူး၊ ဘုန်းကြီးတွေပါရင်တော့ အနားထိသွားလို့ရမှာ မဟုတ်ဘူး"

"ဒီတော့လည်း ဝေးဝေးကပဲ သာဓုခေါ်ကြတာပေါ့၊ ကဲ သွားကြရအောင်"

"ကျွန်မတို့ မြေးအဖိုးက ဒီနေရာက မဟုတ်တော့ နေရာတွေ သိပ်မသိကြသေးဘူး၊ ကျွန်မတို့ကို ခေါ်သွားပေးပါနော်"

"အေးပါ . . ငါတို့နောက်ကသာ လိုက်ခဲ့ပါ၊ ဈေးဝေးရ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး”

ဟု ပြောဆိုကာ သွားကြလေသည်။

သူတို့သွားမည့်နေရာမှာ အခြားနေရာ မဟုတ်ပေ။

လမ်းသစ်ဖောက်ထားသောနေရာနှင့် မနီးမဝေး တောစပ်တစ်နေရာတွင်ရှိသော မြေကွက်လပ်ရှိရာသို့ ဖြစ်လေသည်။

ထိုနေရာတွင် အလှူဒါန လာရောက်ပြုလုပ်ကြသူတို့မှာ အခြားမဟုတ်ပေ။

ဆရာကြီးသူရဋ္ဌ ဦးဆောင်လာသော အဖွဲ့ပင်ဖြစ်သည်။

ဆရာကြီး သူရဋ္ဌ၊ ဒေါက်တာမင်းထင်ကျော်၊ ဦးဇန်ကောင်းနှင့် ကျွန်ုပ်အပါအဝင် လေးယောက်ဖြစ်သည်။

ထိုနေရာသို့ရောက်တော့ လေးယောက်စလုံး တက်ညီလက်ညီနှင့် လုပ်ကြရသည်။

မြေညှိခြင်း ဝါးစင်များထိုးခြင်း၊ ထိုအပေါ်တွင် အင်ဖက်ငှက်ပျောဖက်များခင်းကာ ပါလာသော အစားအသောက်တို့ကို နေရာအနှံ့ ပုံပေးကြရသည်။

ထမင်း၊ ဟင်း၊ ငါးအစိမ်း၊ အသားစိမ်းများ၊ ရေခွက် ဆေးလိပ်၊ ကွမ်း စသည်တို့ကို ပုံပေးပြီး ဖယောင်းမီးတိုင်များ ထွန်းပေးကာ ပန်းများကိုလည်း ချထားပေးရသည်။

အားလုံးပြီးသည်နှင့် ဆရာကြီးသူရဋ္ဌက အရပ်လေးမျက်နှာဘက်သို့လှည့်ပြီး အသံကျယ်ကျယ်ဖြင့် ပြောဆိုဖိတ်ကြားရလေသည်။





“ဤတော၊ ဤတောင်၊ ဤပတ်ဝန်းကျင်၊ မြင်ရသော ပုဂ္ဂိုလ်၊ မမြင်ရသောပုဂ္ဂိုလ်၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ သိုက်ချုပ်၊ ဘိုးတော်၊ သိုက်စောင့်မယ်တော်၊ သိုက်နန်းရှင် အပေါင်းတို့အားလည်းကောင်း၊ ဤနေရာမှ ဖယ်ရှားခံရသဖြင့် နေစရာ စားစရာ မရှိတော့သည့် ပြိတ္တာလောကသား အပေါင်းတို့သည်လည်းကောင်း၊ မကျွတ်မလွတ်သေးကြသော ပရလောကသား အပေါင်းတို့. . ကျွန်ုပ်တို့သည် သင်တို့အားလုံးကို ဖိတ်ကြားပြီး အလှူဒါနများ ပြုလုပ်လိုပါသည်၊ အစားအသောက်များ ပေးဝေလိုပါသည်၊

ကြားရာအရပ်က ဤနေရာသို့ လာရောက်ပြီး စားကြသောက်ကြပါကုန်လော့၊ အကယ်၍ ကျွန်ုပ်ဖိတ်ကြားခြင်းကို မသိသေး၊ မကြားသေးသူ ရှိပါကလည်း တစ်ဆင့်ပြောကြားပေးကြပါကုန်လော့၊

ကျွန်ုပ်တို့သည် ဤနေရာမှာ နှစ်ရက်တိုင်တိုင် ကျွေးမွေးညှဉ့်ခံပြီးနောက် တစ်နေ့ညနေတွင် ပြုပြုသမျှသော ကုသိုလ်အပေါင်းတို့ကို ရေစက်ချ အမျှအတန်း ဝေပေးမည်ဖြစ်ကြောင်းလည်း ကြိုတင်အသိပေးပါတယ်၊

လာရောက်စားသောက်ကြပါကုန်လော့. . .

လာရောက်စားသောက်ကြပါကုန်လော့. . .

အားလုံး ဤနေရာသို့ လာရောက်ပြီး စားသောက်ကြပါကုန်လော့. . .”

ဟု ပြောဆိုဖိတ်ကြားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြုလုပ်ခြင်းသည် မကျွတ်မလွတ်သေးသော ပရလောကသားတို့ကို ရည်စူးပြီး ကျွေးမွေးအမျှအတန်းဝေသော ပွဲဖြစ်သဖြင့် အကျွတ်အလွတ်ပွဲဟု ခေါ်ကြသည်။

ရှေး၌ရေးသားဖော်ပြခဲ့သည့်အတိုင်း သက်ဆိုင်ရာများကို ကျွေးမွေးကြရာတွင် အခေါ် အဝေါ် အမျိုးမျိုး ရှိကြပေရာ . . မကျွတ်မလွတ်သူများကို ရည်စူးပြီး ပြုလုပ်ပေးသောပွဲမှာ . 'မကျွတ်မလွတ်ပွဲ'ဟုပင် ခေါ် ရမည်ဖြစ်ပေသည်။

ဒီနေရာတွင် အလျှင်းသင့်သောကြောင့် ကျွတ်များတို့ကို ခေါ် ယူကျွေးမွေးရာတွင် လာရောက်စားသောက်ပုံကို အတိုချုပ်ပြီး ထည့်သွင်းရေးသားပါဦးမည်။

ကျွတ်ကုန်းဆိုသည်မှာ ကျွတ်၊ ပြိတ္တာများ နေထိုင်ရာ ပိုင်ဆိုင်ရာ နေရာဒေသကို ကျွတ်ကုန်းဟု ခေါ် ဆိုကြပါသည်။

ထိုကျွတ်များ နေထိုင်ရာ ပိုင်ဆိုင်ရာ ကုန်းတွင် လယ်လုပ်၊ ယာလုပ်ကြသော သူတို့သည် ထိုကျွတ်များကို တစ်နှစ်တစ်ခါ ပုံမှန် ကြက်ဖို၊ ကြက်မသားများနှင့် ကျွေးမွေးရသည်။ မကျွေးမွေးပါက အန္တရာယ်ပြုတတ်သည်ဟု ဆိုပါသည်။

ဥပမာတစ်ခု ဖော်ပြပါမည်။

မြေးမြို့နယ် ကျောက်တိုင်ရွာ အနောက်တောင်ဘက် ရှိလေးကုန်းမြေဟုခေါ်သော ကုန်းမြေသည် ကျွတ်ကုန်းဟု ထင်ရှားသည်။

ထိုမြေယာကို လုပ်ပိုင်ခွင့် ရရှိသူသည် ကျွတ်များ





တစ်နှစ်တစ်ခါ ကျွေးရသည်။

မိုးဦးကျခါနီးအခါတွင် ကျွေးရသည်။

ကျွတ်များကို ကျွေးတော့မည်ဆိုပါက ကြက်ဖို၊ ကြက်မသားကို အစိမ်းရော အကျက်ပါ ထည့်ကျွေးရသည်။ တောင်ပံအစိမ်းများလည်း ယူလာရသည်။ ညနေပိုင်းတွင် ကျွတ်ကျွေးလေ့ရှိပါသည်။

ကျွတ်ကျွေးသွားမည့်သူသည် မည်သူ့ကိုမှ မဖိတ်ကြားရပါ။ သိသူက လိုက်၍စားနိုင်သည်။ လိုက်စားသူကိုလည်း မလိုက်ရဟု မပိတ်ပင်ရပါ။

ကျွေးမည့်နေရာအရောက်တွင် တွင်းကလေး နှစ်တွင်းတူးပြီး ထိုအထဲသို့ ထမင်းများထည့်ရသည်၊ အပေါ်မှ ကြက်သည်းကြက်မြစ် ကြက်သားများ ထည့်ပုံရသည်။ အတောင်ပံအစိမ်းများကိုမူ ဘေးတွင်ပြင်ဆင်ထားရသည်။

အားလုံးပြင်ဆင်ပြီးသောအခါ ကျွေးသူက ကြေးဖလားကို လက်နှင့်ဖြစ်စေ၊ တုတ်နှင့်ဖြစ်စေ တီးခတ်ပြီး . .

"ဤကုန်းတွင်နေကြသော ကျွတ်အိုကျွတ်မင်းများအပေါင်း အားလုံးကိုပင့်ဖိတ်၍ ကျွေးမွေးပြုစုပါသည်၊ လာရောက်သုံးဆောင်ကြပါ"ဟု ဖိတ်ခေါ် ရသည်။

ထိုသို့ဖိတ်ခေါ်ပြီး ခဏအကြာတွင် ယင်ကြီးကြီး တစ်ကောင်သည် ဝီဝီ အသံမြည်လျက် ရောက်လာသည်။ ချကျွေးထားသော အပုံများကို တစ်ပုံပြီးတစ်ပုံ လိုက်လံနမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးမခတ်ပါဘူး၊ ဝါးမခတ်ပါဘူး. . စိတ်ချစွာ သုံး ဆောင်ပြီး သားသမီးတို့ကိုလည်း စောင့်ရှောက်ပေးပါ"

ဟု ကျွေးသူကပြောရသည်။

ယင်ကောင်ကြီးသည် အကုန်လုံးနားပြီး နမ်းပြီးသော အခါ ဝီဝီအသံ ပြင်းစွာမြည်ပြီး ပျံထွက်သွားသည်။

ထိုယင်ကြီး ပျံသွား၍ မကြာခင်ပင် ယင်ကောင်အရွယ် မျိုးစုံရောက်လာပြီး လာစားကြပါသည်။ တချို့ယင်ကို ယင်ကြီး များက ကျောပိုးသဘောပိုးပြီး ခေါ်လာသည်ကို တွေ့ရသည်

ယင်းမှာ ကျတ်အဘိုးအိုများကို ကျတ်လူလတ်များက သယ်ယူလာပြီး စားသောက်စေခြင်းဟု ဆိုပါသည်။

ထိုယင်များ လာစားချိန်တွင် ပါလာသော လူပရိသတ် ကိုပါ ကျွေးမွေးရသည်။ အစားအသောက်အကုန် ကျွေးမွေး သည်။ ချန်မထားရပေ။

ယင်များစားပြီး၍ အသီးသီး ပျံထွက်သွားကြသည်။

အကယ်၍ ယင်များပျံသွားပြီး ကျန်ရစ်ခဲ့သော အပုံထဲ ကြက်အသည်းအမြစ် တစ်တုံးကို အသာကောက်ယူစားကြည့် က ထိုအသားတုံးသည် ဘာမျှအရသာမရှိတော့ကြောင်း တို တွေ့ခံစားရပါမည်။ အသားတုံးမှာ အရသာ မရှိတော့ပဲ သွေး ကြီးဇကို ဝါးစားရသကဲ့သို့ပင် ရှိတော့သည်။

ကျတ်များသည် အစားအသောက်၏ အရသာတို့ စုပ်ယူစားသောက်သွားဟန် သဘောရှိပေသည်။





အထက်၌ ရေးသားဖော်ပြသကဲ့သို့ပင် ကျတ်များကို ကျွေးမွေးသည်ကို ကျတ်စာကျွေးသည်ဟု ခေါ်ကြသလို အခြား ပရလောကသားတို့ကို ကျွေးမွေးခြင်းကိုလည်း အခေါ်အဝေါ် အမျိုးမျိုး ရှိကြလေသည်။

ဆရာကြီးသူရဋ္ဌက အစားအသောက်များ ပြင်ဆင်ပြီး နောက်ဆုံး အားလုံးကိုဖိတ်ခေါ်ပြီး ကြေးစည်တီးခြင်း၊ ဆောင်း တီးခြင်းများ ပြုလုပ်လေသည်။

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် ကြေးစည်ထုသံ၊ မောင်းတီးသံများ၊ ပေါ်ထွက်လာလေသည်။

ထိုအသံများကို အဝေးသောနေရာမှ လူများက မကြားနိုင်ကြသော်လည်း ပရလောကသားများကတော့ ကြား သိနိုင်ကြသည်။

ထိုသို့ကြားသည်နှင့် ကိုယ့်အစုနှင့်ကိုယ်ကိုယ့်အဖွဲ့နှင့် ကိုယ် အရောက်လာကာ စားသောက်ကြသည်။

ထိုသို့ စားသောက်ကြရာမှာလည်း အခြားနေရာများ ဆိုလျှင် သူ့ထက်ငါဦးအောင် လုယူစားသောက်မှုရသော်လည်း ရှင်းတို့အတွက်ရည်စူးပြီး ပြုလုပ်ပေးသော ပွဲမျိုးမှာတော့ လု ယက်စားသောက်စရာ မလိုကြပေ။

သက်ဆိုင်သူများ ဝင်ရောက်စားသောက်သော်လည်း လာသမျှအားလုံး စားသောက်ခွင့်ရကြလေသည်။

ဆရာကြီး သူရဋ္ဌ ဦးဗန်ကောင်း၊ ဒေါက်တာမင်းထင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်နှင့် ကျွန်ုပ်တို့ကတော့ မနီးမဝေးနေရာမှ ဝင်ထိုင်ကာ မေတ္တာပို့ အမျှအတန်း ဝေပေးနေကြလေသည်။

နောက်တစ်နေ့ နံနက်ပိုင်း အချိန်ရောက်တော့ အစားအသောက်များ ပြင်ဆင်ထားသည့် နေရာပတ်ဝန်းကျင်ရှိ မြေသားနှင့် သဲများပေါ်မှာ နင်းလျှောက်ထားသော ခြေရာများကို တွေ့ကြရသည်။

ညဦးပိုင်းကတည်းက မြေပြင်သဲပြင်ကို ညီအောင် ပြုပြင်ထားသောကြောင့် ထင်ကျန်နေခဲ့သည့် ခြေရာတို့ကို ရှင်းရှင်းလင်းလင်း တွေ့ကြရခြင်း ဖြစ်ပေသည်။

အချို့ဖိနပ်ပါပြီး အတော်များများကတော့ ဖိနပ်မပါကြပေ။

နံနက်ပိုင်း အချိန်ရောက်တော့ မူလပြင်ထားသော အစားအသောက်များကို စွန့်ပယ်ပြီး နောက်ထပ် အစားအစာအသစ်များကို ပြင်ဆင်ကျွေးကြပြန်သည်။

ညနေပိုင်းရောက်တော့ ထောက်ကြံ့ဘက်မှာရှိသော ဘုန်းကြီးကျောင်းတစ်ကျောင်းမှ ဘုန်းကြီးသုံးပါးကို ပင့်ဖိတ်ကာ ရေစက်ချသည်။

“မြူပြူသမျှ ကုသိုလ်အပေါင်းတို့အား ဝေနေယျ၊ သုဓိတ၊ ဒုက္ခိတ၊ သတ္တဝါအပေါင်းတို့အားလည်းကောင်း၊ ဤနေရှုဒေသမှာရှိကြသည့် မကျွတ်မလွတ်ကြသေးသော သတ္တဝါအနန္တပရလောကသား အပေါင်းတို့အားလည်းကောင်း အမျှအတန်းများ ပေးဝေပါတယ်. . .

အားလုံး. . အမျှ. . အမျှ. . အမျှ ရရှိကြပြီး သာဓု ခေါ်နိုင်ကြကာ ကောင်းရာ သုဂတိ ဘုံဘဝသို့ ကူးပြောင်းရရှိနိုင်ကြပါစေကုန်သတည်း. . .

အမျှ. . အမျှ. . အမျှ

သာဓု. . သာဓု. . သာဓု. . .”

ထိုကဲ့သို့ အမျှအတမ်း ဝေငှပြီးမှ ကားဖြင့် ထိုနေရာမှ ပြန်ထွက်ခဲ့ကြလေသည်။

ထိုနေရာသို့ လာရောက်စားသောက်သူတို့မှာ အမျှဝေသောအခါ သာဓုခေါ်နိုင်သူတွေလည်း ရှိကြသည်။ မခေါ်နိုင်ကြသူတွေလည်း ရှိကြသည်။

အမျှရ၍ သာဓုခေါ်နိုင်သူများက ကျွတ်လွတ်သော ဘုံဘဝသို့ ကူးပြောင်းသွားကြလေသည်။

ထိုအထဲတွင် မြေးအဘိုးနှစ်ယောက်တို့လည်း အပါအဝင်ဖြစ်ပေသည်။

သူတို့နှစ်ယောက်စလုံး သစ်လွင်တောက်ပသည့် အဝတ်တန်ဆာများရရှိကာ ဆာလောင်မွတ်သိပ်သော ဆင်းရဲဒုက္ခများလည်း ချုပ်ငြိမ်းသွားကြပေသည်။

တစ်ကိုယ်လုံး ပေါ့ပါးပြီး အေးချမ်းမှုရကာ နှစ်ယောက်စလုံး ထိုနေရာမှ ထွက်ခွာသွားကြပေသည်။

သူတို့လိုပင် အမျှအတန်းရကြသော ပရလောကသား





www.burmeseclassic.com

www.burmeseclassic.com



များမှာ ဆင်းရဲဒုက္ခများနှင့် ပြည့်နေသော နေရာဟောင်းသို့ မပြန်ကြရတော့ပဲ အခြားဘုံဘဝတစ်ခုသို့ ကူးပြောင်းသွားကြသည်ကိုတော့ ကျွန်ုပ်တို့လို သာမန်လူသားများအနေဖြင့် မသိနိုင် မမြင်နိုင်ကြတော့ပါချေ။







# အခန်း(၄)

# ချင်းချောင်းနန်းတော်နှင့် ဝရလောကရန်ငြိုး

တစ်နေ့သ၌ ရန်ကုန်မြို့ နယ်နိမိတ်အတွင်း၌ရှိသော ထူးခြားထင်ရှားသည့် အဆောက်အအုံကြီးများထဲတွင် တစ်ခုအပါအဝင်သော ချင်းချောင်းနန်းတော်နှင့် ပတ်သက်သည့် စိတ်ဝင်စားဖွယ်ကောင်းသော သတင်းမျိုး ပေါ်ထွက်လာလေသည်။

အချိန်ကာလမှာ (၁၉၂၀)ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၈၁)



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင် အချိန်ကာလပင်ဖြစ်ပေရာ. . ထိုခေတ်အခါက ရေးသားထုတ်ဝေကြသည့် သတင်းစာနှင့် ဂျာနယ်စာစောင်တို့တွင် ချင်းချောင်းနန်းတော်နှင့် ပတ်သက်သည့် ထူးခြားဆန်းကြယ်သော သတင်းအချို့ကို ရေးသားဖော်ပြခဲ့ကြသည်။

ချင်းချောင်းနန်းတော်ဟုသာ ခေါ်ဝေါ်ကြသော်လည်း ဘုရင်နှင့် စော်ဘွားများ စိုးစံသော နန်းတော်တစ်ခုတော့ မဟုတ်ချေ။

ကိုလိုနီခေတ်ဦးကာလကတည်းက တရုတ်သူဌေးကြီး လင်ချင်းချောင်း ပိုင်ဆိုင်သော အိမ်ကြီးပင် ဖြစ်ပေသည်။

ချင်းချောင်းဟူသောအမည်နှင့် နန်းတော်တမျှ ကြီးမားခန့်ထည်သော အဆောက်အဦးကြီးကို 'ချင်းချောင်းနန်းတော်' ဟု ခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်လေသည်။

နန်းတော်ဟု ခေါ်ရလောက်အောင်ပင်. . ၎င်းနေထိုင်ရန်ဆောက်လုပ်ခဲ့သော အဆောက်အအုံကြီးမှာ ကြီးမားလှပေသည်။

ထိုအဆောက်အဦ တည်ရှိသောနေရာမှာ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့်နီးသော ကုက္ကိုင်းရပ်ကွက် အနီး၌ပင် ရှိလေသည်။ ယခင်က ထိုနေရာတစ်ဝိုက်တွင် လူနေထိုင်ခြင်းမရှိပဲ သစ်တောကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းများစွာ ရှိခဲ့ကြလေသည်။

ချင်းချောင်းနန်းတော်ဟု ခေါ်ကြရခြင်းမှာ. .





ချင်းချောင်းနန်းတော်သည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း အမှတ်(၁၃၁)တွင် တည်ရှိသည်။ ယခုအခါ ကမ္ဘောဇရိပ်သာဟု လူသိများသည်။

ချင်းချောင်းနန်းတော်ကို မြန်မာနိုင်ငံတွင် အခြေချနေထိုင်ခဲ့သည့် တရုတ်လူမျိုး မစ္စတာ လင်ချင်းချောင်း (Mr.Lim Chin Tsong)က (၁၉၁၅)ခုနှစ်တွင် တည်ဆောက်ခဲ့သည်။

အနီရောင်အုတ်များ၊ အစိမ်းရောင် အုတ်ကြွပ်များဖြင့် တည်ဆောက်ထားသည့် အထပ်ငါးထပ်ပါဝင်သော ပေ(၁၂၀) မြင့်သည့် ချင်းချောင်းနန်းတော် အဆောက်အအုံသည် တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ယီယွန်း(Yiche Yuon) နွေရာသီနန်းတော်မှ ဖူဇီယင်(Fu Xiang)ပွဲကြည့်ဆောင်နှင့် ပုံသဏ္ဍာန် ဆင်တူသည်။

ချင်းချောင်းနန်းတော်သည် အရှေ့တိုင်းနှင့် အနောက်တိုင်း ဗိသုကာဒီဇိုင်းများကို ပေါင်းစပ်တည်ဆောက်ထားသည့် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံဖြစ်သည်။

ကောင်းကင်အမြင့်မှကြည့်လျှင် ကြယ်ပွင့်ပုံသဏ္ဍာန်မြင်ရသည့် ချင်းချောင်းနန်းတော်ကို နှစ်နှစ်ကျော် အချိန်ကြာအောင် တည်ဆောက်ခဲ့သည်။ ရူပီးငွေ (၂. ၂)သန်းကျော် ကုန်ကျခဲ့ကာ (၁၉၁၈)ခုနှစ်တွင် ပြီးစီးခဲ့သည်။

ချင်းချောင်းနန်းတော်သည် အောက်ပိုင်းကို အင်္ဂလိပ်အိမ်ကြီးရခိုင်ပုံစံ ယူထားပြီး အပေါ်ပိုင်းကို တရုတ်ဘုရားကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ပုံစံယူကာ အထက်သို့ ချွန်လျက် တည်ဆောက်ထားသည်။

အဆောက်အအုံတစ်ခုမှာပင် အနောက်တိုင်းနှင့် အရှေ့တိုင်းပုံစံနှစ်မျိုးကို ထူးထူးခြားခြား ယှဉ်တွဲထားသည့် ပုံစံဖြစ်သည်။

နန်းတော်အထက်တွင် အင်္ဂလိပ်ပုံစံယူ၍ ရာသီဥတုနှင့် လေတိုက်နှုန်း ညွှန်းတံ ဇာမဏီဌက်ရုပ်လေးတစ်ခု တပ်ဆင်ထားကာ အဆောက်အအုံတွင် ပြတင်းပေါက်အများအပြားထည့်သွင်းထားသည်။

နန်းတော်ရှေ့ ပန်းဥယျာဉ်အား သန့်ရှင်းသပ်ရပ်သော အင်္ဂလိပ်ပုံစံ ပန်းခြံအဖြစ် ဖန်တီးထားသည်။

ဒုတိယထပ်တွင် ဥယျာဉ်တစ်ခုလုံးကို ပတ်ပတ်လည် မြင်နိုင်သည့် လသာဆောင်ကို ထည့်သွင်းတည်ဆောက်ထားသည်။

မစ္စတာ လင်ချင်းချောင်သည် နန်းတော်ဟု တင်စားခေါ်ဆိုသည့် သူ၏နေအိမ်ကြီးကို တရုတ်နှင့် အီတလီနိုင်ငံမှ မှာယူခဲ့သော ပစ္စည်းများဖြင့် အလှဆင်ခဲ့သည်။

အဆောက်အအုံ အတွင်းပိုင်း ဒီဇိုင်းများပြုလုပ်ရန် အင်္ဂလန်နိုင်ငံမှ ထင်ရှားသည့် အင်္ဂလိပ်လူမျိုး ပန်းချီဆရာ အားနက်ပရော့တာ(Ernest Proter)နှင့် ဇနီးဖြစ်သူ ပန်းချီဆရာမ ဒေါ့ပရော့တာ(Dod Procter)တို့ကို ဖိတ်ခေါ်ခဲ့သည်။

အဆောက်အအုံအတွင်းပိုင်း နံရံပန်းချီများကို ယင်း





အင်္ဂလိပ်ပန်းချီဆရာမောင်နှံက ရေးဆွဲခဲ့သည်။

လင်ချင်းချောင်သည် သူ၏ ချင်းချောင်းနန်းတော်တွင် ညစာခံပွဲများစွာ ကျင်းပပြုလုပ်ခဲ့ရာ (၁၉၂၀)ပြည့်နှစ်တွင် အရှေ့တောင်အာရှသို့ ခရီးထွက်လာသော ပြင်သစ်ဝန်ကြီးချုပ် ဂျော့(ချ်)ကလီမင် (Georges Clemenceau). . မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့စဉ် လင်ချင်းချောင်းက ပြင်သစ်ဝန်ကြီးချုပ်အား ချင်းချောင်းနန်းတော်သို့ ဖိတ်ခေါ် ဧည့်ခံခဲ့သည်။

ကမ္ဘာကျော်စာရေးဆရာ မောရစ်ကောလစ်သည် လင်ချင်းချောင်းကွယ်လွန်ပြီးနောက် ချင်းချောင်းနန်းတော်သို့ လာရောက်လည်ပတ်ခဲ့ဘူးသည်။

မောရစ်ကောလစ်က ချင်းချောင်းနန်းတော်၌ တရုတ်ကြွေထည်များ ပါရှန်းကောဇောများ၊ ကြေးသွန်းစည်ကြီးများ၊ ဖျော့ကျင်လာက်နေသော ကြမ်းခင်းများ၊ အဖြူရောင် အမွေးပွ ခွေးကလေးတစ်ကောင်တို့နှင့်အတူ မြန်မာပန်းချီဆရာကြီး ဦးဘဘာကာ်၏ လက်ရာပန်းချီကားကို တွေ့ရှိခဲ့ရကြောင်း သူ၏ နေ့ဝင်သရင်များ စာအုပ်တွင် ရေးသားခဲ့သည်။

လင်ချင်းချောင်းသည် တရုတ်လူမျိုး စီးပွားရေး လုပ်ငန်းရှင်ကြီး တစ်ဦးဖြစ်ပြီး ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ ဆီလုပ်ငန်း၊ ဆန်ကုန်သွယ်ရေး၊ သတ္တု တူးဖော်ခြင်းနှင့် ဘဏ်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်နိုင်ငံ ဖူကျန့်(Fujian) ပြည်နယ်မှ မြန်မာနိုင်ငံ
သို့ (၁၈၆၂)ခုနှစ်တွင် ပြောင်းရွှေ့အခြေချခဲ့သည့် တရုတ်လူမျိုး
လင်ဆူဟင်း(Lim Soo Hean)က (၁၈၆၇)ခုနှစ် အောက်တို
ဘာလ (၂၈)ရက်နေ့တွင် လင်ချင်းချောင်းကို မွေးဖွားခဲ့သည်။
လင်ချင်းချောင်း၏ ဖခင်သည် ရန်ကုန်မြို့သို့ ရောက်ရှိ
လာပြီးနောက် ဆန်နှင့် စိုက်ပျိုးရေးထွက်ကုန်များ အရောင်းအ
ဝယ်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

ယင်းအချိန်သည် ဗြိတိသျှတို့က အောက်မြန်မာနိုင်ငံကို
သိမ်းပိုက်ပြီးနောက် အထက်မြန်မာနိုင်ငံကို ဆက်လက်သိမ်းပိုက်
ရန် ကြံစည်နေချိန်ဖြစ်သည်။

လင်ဆူဟင်းသည် အင်္ဂလိပ်များနှင့် စီးပွားရေး ယှဉ်ပြိုင်
လုပ်ကိုင်ခဲ့ရာတွင် အခက်အခဲတစ်ချို့
သည့် ပညာရေးအားနည်းမှုကို ကောင်းစွာ သဘောပေါက် သိ
ခဲ့သဖြင့် မိမိ၏သားဖြစ်သူ လင်ချင်းချောင်းကို ရန်ကုန်မြို့ရှိ စိ
ပေါ်(လ)ကျောင်းနှင့် ရန်ကုန်ကောလိပ်တို့တွင် အင်္ဂလိပ်
ကောင်းစွာတတ်မြောက်စေရန် ပညာသင်ယူစေခဲ့သည်။

(၁၈၈၅)ခုနှစ်တွင် လင်ဆူဟင်း ကွယ်လွန်သွားသည့်အ
ခါ အသက်(၁၈)နှစ်သာရှိသေးသည့် လင်ချင်းချောင်းသည် ဖခင်
၏ စီးပွားရေးလုပ်ငန်းများကို ဆက်ခံလုပ်ကိုင်ခဲ့သည်။

ထိုနှစ်မှာပင်·သီပေါမင်းနှင့် မိဖုရားတို့ ပါတော်မူ
မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှတို့ လက်အောက်သို့ ကျရောက်



သည်။ ထို့ကြောင့် လင်ချင်းချောင်းသည် အင်္ဂလိပ်များနှင့် စီး
ပွားရေး ယှဉ်ပြိုင်လုပ်ကိုင်ခဲ့ရသည်။

ငယ်ရွယ်တက်ကြွသော လင်ချင်းချောင်းသည် ပင်လယ်
ကူးသင်္ဘောများ ဝယ်ယူကာ သူ၏ စီးပွားရေးလုပ်ငန်းကို စင်ကာ
ပူ၊ ပီနန်၊ ဟောင်ကောင်၊ ကွမ်တုံနှင့် အမွိုင်တို့အထိ တိုးချဲ့လုပ်
ကိုင်ခဲ့သည်။

လန်ဒန်တွင်အခြေစိုက်သည့် ရေနံကုမ္ပဏီကြီးဖြစ်သော
ဗမာ့ရေနံကော်ပိုရေးရှင်း (BOC)က လင်ချင်းချောင်းအား
(၁၉၁)ခုနှစ်တွင် ဒေသတွင်း တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်
ခန့်အပ်ခဲ့သည်။

ထို့ကြောင့် လင်ချင်းချောင်းသည် မြန်မာနိုင်ငံအတွင်း
ရေနံဖြန့်ဖြူးရေးကို လုပ်ကိုင်ခဲ့ရုံသာမက ပီနန်၊ စင်ကာပူ၊ ဟောင်
ကောင်နှင့် အမွိုင်ဒေသများအထိ ရေနံဖြန့်ဖြူးရောင်းချနိုင်ခဲ့
သည်။

လင်ချင်းချောင်းသည် ရေနံလုပ်ငန်းကြောင့် အလွန်
ချမ်းသာလာခဲ့ကာ ရေနံတင်သင်္ဘောများကို ပိုင်ဆိုင်ခဲ့သည်။

ထို့ပြင် ရော်ဘာ၊ ဂွမ်း၊ ဆီစက်၊ မာတ်သတ္တုတူးဖော်ရေး
လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ခဲ့သည်။

သို့ဖြစ်၍ လင်ချင်းချောင်းသည် ပင်လယ်ရပ်ခြားတွင်
အခြေစိုက်သည့် အချမ်းသာဆုံး တရုတ်လုပ်ငန်းရှင်တစ်ဦး ဖြစ်
ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လင်ချင်းချောင်းသည် မြန်မာအမည် ပိုးဥခေါ် တန်ဂွတ်
တင်း(Tan Guat Tean)နှင့် လက်ထပ်ခဲ့ကာ သားသမီးရှစ်ဦး
ထွန်းကားခဲ့သည်။

လင်ချင်းချောင်းသည် ထည်ထည်ဝါဝါ နေထိုင်သူတစ်
ယောက် ဖြစ်သကဲ့သို့ ပရဟိတလုပ်ငန်းများတွင်လည်း သဒ္ဓါတ
ရားထက်သန်စွာ လှူဒါန်းသူတစ်ယောက် ဖြစ်သည်။

ရန်ကုန်မြို့တွင် အင်္ဂလိပ်စာ သင်ကြားရေးကျောင်းများ
နှင့် အမျိုးသမီး ဆေးရုံတစ်ရုံ ဆောင်လုပ်ရန် ငွေများလှူဒါန်း
ခဲ့သည်။

(၁၉၀၅)ခုနှစ်တွင် သူနှင့် သူ၏စီးပွားဖက်များက ရန်
ကုန်မြို့တွင် အင်္ဂလိပ်နှင့် တရုတ်ကပြား ယောကျ်ားလေးများနှ
မိန်းကလေးများအတွက် (Anglo Vernacular)ကျောင်းများ
တည်ထောင်ခဲ့သည်။

နောက်နှစ်နှစ်အကြာ. . (၁၉၀၇)ခုနှစ်တွင် လင်ချင်း
ချောင်းကျောင်းဟု ထင်ရှားသည့် ကိုယ်ပိုင်ကျောင်းကို တည်
ထောင်ခဲ့သည်။

အဆိုပါကျောင်းမှ အင်္ဂလိပ်ဘာသာဖြင့် လေ့ကျင့်သင်
ကြားပေးထားသည့် ပညာတတ်အမြောက်အမြား ပေါ်ထွက်ခဲ့ပြီး
ရန်ကုန်မြို့တွင် လာရောက်ပညာသင်ယူကြသည့် ပေါင်ချောင်
နှင့် မကာအိုမှ ကျောင်းသားများလည်း ပါဝင်သည်ဟု ဆိုထေ
သည်။





လင်ချင်းချောင်းသည် မြန်မာနိုင်ငံ ဥပဒေပြုကောင်စီ၏
အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး (၁၉၁၉)ခုနှစ်တွင် ပထမကမ္ဘာစစ်အတွင်း
က အစိုးရကို ငွေကြေးထောက်ပံ့မှုများ ပေးခဲ့သဖြင့် ဗြိတိသျှအင်
ပါယာ ဂုဏ်ထူးဆောင်ဘွဲ့ (OBE)ချီးမြှင့်ခြင်း ခံခဲ့ရသည်။

(၁၉၂၁)ခုနှစ်တွင် ဗြိတိသျှအစိုးရက အိန္ဒိယနိုင်ငံမှအပ
အခြားနိုင်ငံများသို့ ဆန်တင်ပို့ရောင်းချခြင်းကို ပိတ်ပင်လိုက်
သည့်အခါ မြန်မာနိုင်ငံ၏ ဆန်ဈေးကွက် ပျက်ခဲ့ရသောကြောင့်
လင်ချင်းချောင်း၏ စီးပွားရေးလုပ်ငန်းများ ရပ်တန့်ခဲ့သည်။ လင်
ချင်းချောင်း၏ ဆန်ရောင်းဝယ်မှုလုပ်ငန်းလည်း ပျက်စီးသွားခဲ့
သည်။

လင်ချင်းချောင်းသည် ရုတ်ချည်းစီးပွားကျဆင်းခဲ့ကာ
သူ၏ ရိုးရိုက်စ်ကားများအပါအဝင် ပိုင်ဆိုင်မှုများကို ရောင်းချ
ခဲ့ရပြီး မိတ်ဆွေများထံမှ ငွေချေးငှားရသည့် အနေအထားသို့
ရောက်ရှိသွားခဲ့သည်။

ထိုအချိန်မှာပင် ပင်လယ်ကူး မီးသင်္ဘော နစ်မြုပ်မှုများ
နှင့် ထပ်မံရင်ဆိုင်၍ ဆုံးရှုံးမှုများ ကြုံရပြန်သည်။

လင်ချင်းချောင်းသည် မိမိနှင့် ပူးပေါင်းလုပ်ကိုင်ခဲ့သူတို့
၏ လိမ်လည်မှုများ၊ မှားယွင်းစွာ ချုပ်ဆိုမိခဲ့သော စာချုပ်များ
ကြောင့် သူ၏ကုမ္ပဏီသည် အကြွေးများဖြင့် ပတ်လည်ဝိုင်းခဲ့
သည်။

တစ်ချိန်က အလွန်ချမ်းသာကြွယ်ဝခဲ့သော တရုတ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဌေးကြီး လင်ချင်းချောင်း၏ နောက်ဆုံးနေ့ရက်များတွင် ဆင်းရဲသား လူမွဲတစ်ယောက်အဖြစ် ဘဝနိဂုံးချုပ်ခဲ့ရသည်။

လင်ချင်းချောင်းသည် ချင်းချောင်းနန်းတော်ကြီး ဖွင့်လှစ်ပြီး သုံးနှစ်အကြာ (၁၉၂၃)ခုနှစ် နိုဝင်ဘာလ(၅)ရက်နေ့တွင် အိပ်ပျော်နေစဉ် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

(၁၉၂၄)ခုနှစ် ဇွန်လ(၁၀)ရက်နေ့တွင် ချင်းချောင်းနန်းတော်ကို ဒေဝါလီခံကြွေးသိမ်းပစ္စည်းအဖြစ် ကြေညာခဲ့သည်။

ချင်းချောင်းနန်းတော်သည် ဂျပန်လူမျိုး ကြွေးရှင်တစ်ယောက်၏လက်သို့ ပထမဆုံး ရောက်ရှိသွားပြီး (၁၉၄၁)ခုနှစ်မှ (၁၉၄၅)ခုနှစ်အတွင်း မြန်မာနိုင်ငံကို ဂျပန်တို့ အုပ်စိုးထားစဉ် ရေဒီယိုအသံလွှင့်ဌာနအဖြစ် အသုံးပြုခဲ့သည်။

နောက်ပိုင်းတွင် ရေဒီယို အသံလွှင့်ဌာနအဖြစ် အသုံးပြုခဲ့ရာမှ အိန္ဒိယလူမျိုး စီးပွားရေးသမားများလက်အောက်သို့ ရောက်ရှိသွားပြီး (၁၉၅၁)ခုနှစ်တွင် နိုင်ငံတော်ပိုင် ကမ္ဘောဇရိပ်သာ ဖြစ်လာခဲ့သည်။

အထက်ပါ ဖော်ပြသော အကြောင်းအရာတို့မှာ သက်ဆိုင်ရာ မှတ်တမ်းများ၌ ရေးသားဖော်ပြထားသော အကြောင်းအရာများပင် ဖြစ်လေသည်။

ယခု ဆက်ရေးသားမည့် အကြောင်းအရာများကတော့ ထိုမှတ်တမ်းများ၌ မပါဝင်သော အကြောင်းအရာများပင် ဖြစ်လေသည်။





ချင်းချောင်းနန်းတော်ကို (၁၉၁၅)ခုနှစ် မတိုင်ခင်က ...ည်းက တည်ဆောက်ရန် လျာထားပြီး ထိုနေရာတစ်ဝိုက်တွင် ...သည့် ဇကများစွာ ကျယ်ဝန်းသောမြေကွက်ကို ခုတ်ထွင်ရှင်း...င်းပစ်ကြသည်။

သစ်ပင်ကြီးများ လှဲပစ်ခြင်း၊ ခြုံနွယ်ပိတ်ပေါင်းများ ခုတ်...ထွင်ရှင်းလင်းခြင်း၊ မညီညာသော တောင်များ၊ ကုန်းများကို တူး...ဖယ်ရှား ပစ်ကြရသည်။

ထိုအခါ ဦးစွာကြုံတွေ့ရသော ပြဿနာမှာ ထိုနေရာ...တစ်ဝိုက်မှာရှိသော သိုက်စောင့်များ၊ ပရလောကသားတို့၏ ...နှောက်လှန့်နှောက်ယှက်ခြင်းကို ခံကြရခြင်း ဖြစ်သည်။

ချင်းချောင်းနန်းတော်ကို တည်ဆောက်ရာတွင် အရှေ့...ပိုင်းနှင့် အနောက်တိုင်း ဗိသုကာဒီဇိုင်းများဖြင့် တည်ဆောက်...ထားခြင်းဖြစ်သဖြင့် နိုင်ငံခြားဗိသုကာ ပညာရှင် အချို့လည်းပါ...ဝင်လေသည်။

၎င်းတို့က ပရလောကနှင့်ပတ်သက်သည့် အကြောင်း...အရာများကို စိတ်လည်းမဝင်စား၊ ဂရုလည်း မစိုက်သောကြောင့် ...ဆိုင်ရာရှိသော အလုပ်များကိုသာ ဆက်လုပ်ကြသည်။

ထိုနေရာမှာရှိကြသည့် သိုက်စောင့်များ၊ ပရလောက...သားတို့က ၎င်းတို့နေသောနေရာကို လာရောက်ဖျက်ဆီးကြ...သဖြင့် လာရောက်ခြောက်လှန့်ကြသည်။

အချို့ကို သတ်ဖြတ်ပစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့ လူကိုပူးဝင်ပြီး လာရောက်ပြောဆိုကြသည်။

"ငါတို့နေတဲ့ နေရာတွေကို လာပြီး ဖျက်ဆီးကြတာကို မကျေနပ်ဘူး၊ နင်တို့ကို သတ်ပစ်မယ်၊ အဲဒီ အဆောက်အဦး ပြီးရင်လည်း နေလို့မရအောင် လုပ်မယ်၊ နေတဲ့လူကို သတ်ပစ်မယ်"

ဟု ပြောသော်လည်း ဆောက်လုပ်ရေး ခေါင်းဆောင် လုပ်သူတွေက အယုံအကြည် မရှိသဖြင့် . ဆက်လက်တည် ဆောက်ကြသည်။

မစ္စတာ လင်ချင်းချောင်ကလည်း ထိုကိစ္စများကို မယုံ ကြည်သောကြောင့် ဆောက်လက်စ အဆောက်အအုံကို ပြီး အောင် ဆက်လက်တည်ဆောက်စေသည်။

ထိုသို့တည်ဆောက်နေစဉ်မှာ အလုပ်သမားများ မကြာ ခဏ သေဆုံးမှုများဖြင့် ကြုံကြရသည်။

အမြင့်မှ ပြုတ်ကျ၍သေခြင်း၊ ထိခိုက်ဒဏ်ရာဖြင့် သေ ခြင်း၊ မြွေကိုက်၍ သေခြင်း၊ ပရလောကသားများ ခြောက်လှန့် နှောက်ယှက်သဖြင့် သေခြင်း၊ စသည်ဖြင့် အမျိုးမျိုးဖြစ်ကြသည်။

သူဌေးကတော့ တစ်ယောက်သေသွားလျှင် နောက် တစ်ယောက် အစားထိုးပြီး ဆက်လုပ်သည်။

(၁၉၁၅)ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ရာ သုံးနှစ် အချိန်ကြာပြီ၊ (၁၉၁၈)ခုနှစ် ရောက်တော့မှ ပြီးစီးလေသည်။

ချင်းချောင်းနန်းတော်ပြီးတော့ သူဌေး လင်ချင်းချောင်





က မြေအောက်လိုဏ်ခေါင်းလမ်းတစ်ခုကိုလည်း လျှို့ဝှက်စွာ တူးခဲ့သေးသည်။

ထိုသို့ မြေအောက်လိုဏ်ခေါင်း တူးသောအခါမှာလည်း အခက်အခဲများနှင့်တွေ့ကာ လူသေဆုံးမှု အများအပြား ရှိခဲ့လေ သည်။

ထိုလိုဏ်ခေါင်းလမ်းမှာ ကြည့်မြင်တိုင်မြို့နယ်၊ ချင်း ချောင်းခြံဟုခေါ်သော နေရာအထိ ရောက်ပြီး ပန်းလှိုင်မြစ်သို့ ပေါက်လေသည်။

ထိုလိုဏ်ခေါင်းလမ်း (ဥမင်လမ်း)ဖောက်သောရည်ရွယ် ချက်မှာ စစ်ဘေးစစ်ဒဏ်များ ဖြစ်လာလျှင် တိမ်းရှောင်ထွက်ပြေး ရန်သော်လည်းကောင်း၊ ၎င်းပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို မြစ်ကမ်း၌ရှိသော သင်္ဘောရှိရာသို့ လျှို့ဝှက်စွာ သယ်ထုတ်ယူ နိုင်ရန်သော်လည်းကောင်း ရည်ရွယ်၍ ဖောက်လုပ်ခဲ့ခြင်းပင် ဖြစ်ပေသည်။

ထိုဥမင်လမ်းကို လျှို့ဝှက်စွာ ဖောက်လုပ်ခဲ့သောကြောင့် သိရှိသူ နည်းလှပေသည်။

မစ္စတာ လင်ချင်းချောင်းမှာ နန်းတော်တမျှ ကြီးမား ခန့်ထည်သော ချင်းချောင်းနန်းတော်ကို စိတ်တိုင်းကျ တည် ဆောက်ပြီး တက်ရောက်နေသော အခါမှာ အနှောက်အယှက် မျိုးစုံတို့နှင့် ကြုံတွေ့ရလေသည်။

လင်ချင်းချောင်းမှာလည်း ထိုအိမ်ကြီးပေါ်တွင် ငါးနှစ်

www.burmeseclassic.com



သာ.နေခဲ့ရပြီး အသက်သေဆုံးသွားရလေသည်။

ထို(၅)နှစ်အတွင်းမှာပင် ကျိုကျိုတက် ချမ်းသာသော သူဌေးကြီးတစ်ယောက်ဘဝမှ ဆင်းရဲသားလူမွဲတစ်ယောက်ဘဝသို့ ရောက်သွားခဲ့ရရှာသည်။

ထိုသို့ နေ့ချင်းညချင်း ဆင်းရဲသွားပြီး အသက်သေဆုံးခဲ့ရခြင်းမှာ ထိုနေရာတစ်ဝိုက်မှာရှိကြသော ပရလောကသားတို့ လက်ချက်ပေလော။ မပြောတတ်ပါပေ။

ရှေ့၌ ရေးသားဖော်ပြသည့်အတိုင်း ချင်းချောင်းနန်းတော်နှင့် ပတ်သက်သည့် စိတ်ဝင်စားဖွယ်ရာ အဖြစ်အပျက်တို့ ဖြစ်ပျက်ခဲ့သည်မှာ ချင်းချောင်းသူဌေး မစ္စလင်ချင်းချောင်ရှိနေသေးသော (၁၉၂၀)ခုနှစ် ဝန်းကျင်ကာလတစ်ဝိုက်ပင် ဖြစ်ပေသည်။



သမိုင်းဝင် ချင်းချောင်းနန်းတော်



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၅)

# သရဲခြောက်သဖြင့် သေရသောအကြောင်း

ချင်းချောင်းနန်းတော်နှင့် ပတ်သက်သည့် ဦးဖွာထွက်လာသော သတင်းများမှာ မကြာခဏဆိုသလို သရဲ၊ တစ္ဆေနှင့် ညှာစောင့်များ လာရောက်ခြောက်လှန့်ကြသည်ဆိုသော သတင်းပင် ဖြစ်ပေသည်။

**"ချင်းချောင်းနန်းတော်ကြီး၌ သရဲခြောက်လှန့်သည် ဆိုသောသတင်း"**

(၁၉၂၀)ခုနှစ် ဖေဖော်ဝါရီလ(၃)ရက် (မြန်မာသတ္တုရောင်



www.burmeseclassic.com

www.burmeseclassic.com



၁၂၈၁)၊ တပို့တွဲလပြည့် အင်္ဂါနေ့တွင် ကျွန်ုပ်တို့ သတင်းစာတိုက်မှ သတင်းထောက်တစ်ဦး စုံစမ်းသိခဲ့ရသော သတင်းအချို့မှာ. .

ချင်းချောင်းနန်းတော်ဟု အမည်တွင်လျက်ရှိသော အဆောက်အအုံကြီးမှာ တရုတ်သူဌေးကြီး လင်ချင်းချောင်း ပိုင်ဆိုင်သည့် အဆောက်အဦးဖြစ်ကြောင်း. .

ထိုအဆောက်အဦကြီးမှာ နန်းတော်တမျှ ကြီးမားခန့်ငြားလှသော်လည်း ညစဉ်ညတိုင်း ကြောက်မက်ဖွယ်ရာကောင်းသော အဖြစ်အပျက်များနှင့် တွေ့ကြုံကြရကြောင်း. . .

နေထိုင်ကြသည့် အစေအပါးများ ပြောပြချက်အရ. . ညအချိန်ရောက်လာလျှင် တစ္ဆေ၊ သရဲများ၊ ဥစ္စာစောင့်ဟု ထင်ရသည့် မိန်းမများရောက်လာပြီး ခြောက်လှန့်လေ့ရှိကြောင်း. .

ထိုသို့ခြောက်လှန့်သဖြင့် နေထိုင်သူတို့မှာ များစွာထိတ်လန့်ကြောက်ရွံ့မှု ဖြစ်ကြရကြောင်း. . .

အလုပ်သမား တန်းလျားဆောင်များတွင် နေထိုင်ကြသူအချို့မှာ ထိုသို့ခြောက်လှန့်မှု ခံရသဖြင့် အကြောက်လွန်ကာ သေဆုံးမှုများပင် ရှိခဲ့ကြောင်း. . .

အချို့လည်း ဆက်လက်မနေဝံ့ကြတော့သဖြင့် အလုပ်မှ ထွက်ပြေးသွားကြကြောင်း. . .

သို့သော်လည်း သူဌေးကိုယ်စားလှယ်များက ထိုကိစ္စများအားလုံး ဖုံးဖိထားသဖြင့် ပတ်ဝန်းကျင်မှ မသိကြရပဲရှိကြောင်း. . .





ယခုရရှိသော သတင်းများ၊ ထိုနန်းတော်မှ ထွက်ပြေးလာသော အလုပ်သမားတစ်ယောက်က ပြောပြသဖြင့်သာ သိရခြင်းဖြစ်ကြောင်း. . .

ချင်းချောင်းနန်းတော်ကြီးမှာ ထူးခြားသော အဆောက်အဦးကြီး ဖြစ်သလို ထူးခြားသော အဖြစ်အပျက်များ ရှိကြောင်း သိရသဖြင့် ကျွန်ုပ်တို့ သတင်းစာတိုက်မှ ဖော်ပြပေးလိုက်ခြင်းဖြစ်ပါကြောင်း”

ဟု ရေးသားဖော်ပြထားလေသည်။

ထိုသတင်းပါလာပြီးနောက်တွင် ချင်းချောင်းနန်းတော်နှင့် ပတ်သက်သည့် သတင်းများကို လူအတော်များများက စိတ်ဝင်စားကြလေသည်။

သတင်းစာလည်း အတော်ပင် ရောင်းကောင်းလေသည်။

သို့ကြောင့် အခြားသတင်းစာတိုက် ဂျာနယ်တိုက်များကသည်း ထိုသတင်းမျိုးရရှိစေရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားကြလေသည်။

သို့သော် ထိုသတင်းမျိုး ရဖို့ဝေးစွ၊ အဆောက်အဦးအတွင်းသို့ပင် ဝင်ခွင့်မရကြပေ။

ထိုသတင်း ပါလာပြီးနောက် မနက်ပိုင်း အချိန်မှာပင် ဒေါက်တာမင်းထင်ကျော်တစ်ယောက် ကျွန်ုပ်ရှိရာသို့ ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ သတင်းစာတစ်စောင်လည်း ပါလာသော ကြောင့် ကျွန်ုပ်တပင် စုံထောက်ကြီး ဦးစံရှား လေသံမျိုးဖြင့် မေးလိုက်သည်။

"ချင်းချောင်းနန်းတော်က သရဲခြောက်တဲ့သတင်းပါတဲ့ သတင်းစာ ထင်ပါရဲ့"

"ဟုတ်ပါတယ်ဆရာ ဖတ်ပြီးပြီ မဟုတ်လား"

"ဖတ်ပြီးပါပြီ"

"ဆရာ ဘယ်လိုသဘောရသလဲ"

ကျွန်ုပ်က လက်ဘက်ရည်ကိုသောက်ရင်း ပြန်ပြောမိ သည်။

"တစ်လောက ဆရာကြီး သူရဲနဲ့ တောက်ကြံ့ဘက် သွားပြီး မကျွတ်မလွတ်သေးတဲ့ သူတွေကို ကျွေးမွေးပြီး အမျှပေး ခဲ့ရတာ မှတ်မိသေးတယ် မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"အဲဒီလိုပဲပေါ့ မောင်ထင်ကျော်ရယ်၊ လမ်းဖောက်တော့ သစ်ပင်တွေ လှဲရတယ်၊ တောင်ကုန်းတောင်ပို့တွေကို ဖြိုချ ရတယ်၊ အဲဒီမှာ မှီခိုနေကြတဲ့ ဘုမ္မစိုး၊ ရုက္ခစိုး၊ သရဲ၊ တစ္ဆေ ပြိတ္တာ၊ ဘီလူး စတဲ့ ပရလောကသားတွေဟာ နေစရာမရှိ ဖြစ်ကြ ရတယ်၊ ဒီတော့ သူတို့တွေက လူတွေကိုပြန်ပြီး အန္တရာယ်ပေး တော့ ကံနိမ့်ပါးတဲ့သူတွေ သေကြရတယ်"

"ဟုတ်ပါတယ်"





"အဆိုးဆုံးကတော့ သိုက်နန်းရှိတဲ့ နေရာတွေကို ဖြို ဖျက်မိရင် အန္တရာယ်အများဆုံးပဲ၊ သူတို့က လူနဲ့နီးစပ်ပြီး ကမ္ဘာ ဥစ္စာလည်းရှိတော့ သူတို့ ဒုက္ခပေးရင် ပိုပြီး ဒုက္ခရောက်ကြရတာ ပေါ့"

ဟု ပြောပြရလေသည်။

ကျွန်ုပ်တို့ ငယ်စဉ်ကနေခဲ့သော မော်ကျွန်း(မော်လမြိုင် ကျွန်း)မြို့မှာ မြို့သေးသော်လည်း ဘာသာရေး အဆောက်အ အုံများ အတော်ပင် များပြားလေသည်။

ထင်ရှားသော အဆောက်အဦတို့မှာ . . တာဝတိံသာ ဘုရား၊ ကြေးဆင်းတုဘုရား၊ ကျောက်ဆင်းဆုဘုရားကြီးတို့ ဖြစ် ကြသည်။

ထိုဘုရားများရှိသောလမ်းတွင် ဘုန်းကြီးကျောင်းတိုက် ကြီးများလည်းရှိသည်။ ထိုဘုန်းကြီးကျောင်းတိုက်များထဲမှ ကျောင်းတစ်ကျောင်း၌ သိမ်ဆောက်ရာ ယခု ချင်းချောင်းနန်း တော်ပုံစံမျိုးနှင့် အတော်ပင် ဆင်တူလှသည်။

ထိုသိမ်ကြီးမှာ အပြီးသတ်သည်အထိ ဆောက်၍မရ ပေ။ ဆောက်လုပ်မည့်အခါတိုင်း သေဆုံးခဲ့ကြရသဖြင့် နောက် ထပ် ဆောက်ဝံ့သူ မရှိတော့သဖြင့် ဒီအတိုင်းပဲ ထားခဲ့ရပေ သည်။

(ကျွန်ုပ်အနေဖြင့် မြို့မှထွက်ခဲ့သည်မှာ နှစ်အတော် ကြာခဲ့ပြီဖြစ်သဖြင့် ယခုလက်ရှိမှာ မည်ကဲ့သို့ အခြေအနေမျိုး



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲနေသည်ကိုတော့ မသိရတော့ပေ။)

အချို့ ရှေ့မီနောက်မီ မြို့ခံလူကြီးများကတော့ ထိုအိမ် တော်ကြီး ဆောက်ထားသောအောက်မှာ သိုက်နန်းရှိသဖြင့် အ ပြီးသတ်သည်အထိ ဆောက်လုပ်၍ မရနိုင်ကြောင်း ပြောပြ သည်။

ကျွန်ုပ်တို့နေစဉ်ကထည်းက ဆောက်လုပ်ခဲ့သော သိမ်တော်ကြီးမှာ ဆောက်လုပ်စဉ်မှာပင် အလုပ်သမားများ အ မြင့်မှ ပြုတ်ကျ၍သေခြင်း၊ သိမ်ဒကာ သေဆုံးခြင်း၊ စီးပွားပျက် ခြင်းတို့အပြင် ကျောင်းထိုင်ဘုန်းကြီးပါ ပျံလွန်တော်မူကြသည် ကို ယခု အကြောင်းတိုက်ဆိုင်သောအခါ ပြန်လည်အမှတ်ရ ပေသည်။

"ဆရာပြောသလိုဆိုရင်တော့ ချင်းချောင်းနန်းတော် ဆောက်ထားတဲ့ အောက်မှာလည်း သိုက်တွေဘာတွေ ရှိနေမှာ တာပေါ့နော်"

"အင်း . . ဒါကတော့ သိုက်ဆရာတွေ မဟာဂန္ဓာရီပညာ ရှင်တွေမှသာ သိနိုင်ကြမှာပဲ၊ သာမန်အနေနဲ့ ယေဘူယျ ခန့်မှန်း ကြည့်ရင်တော့ အရင်က အဲဒီနေရာတွေက လူနေတဲ့နေရာတွေ မဟုတ်ဘူး၊ သစ်တောတွေ တောင်ကုန်းတွေပဲ ရှိကြတာမဟုတ် လား၊ ဒီတော့ လူတွေနဲ့ ဝေးဝေးနေချင်တဲ့ သိုက်တွေ ပရလော ကသားတွေကတော့ ရှိနေကြမှာပေါ့"

"ဒီအတိုင်းဆိုရင်တော့ ဒီအဆောက်အဦးကြီးမှာနေ





သွေးရော အခြေအနေ ကောင်းပါ့မလား"

"သူ ဆံရှိနေသရွေ့တော့ နေလို့ရချင်ရမှာပေါ့၊ တကယ် ဆံမရှိတော့ရင်တော့ ဘယ်လောက်ပဲ ချမ်းချမ်းသာသာ နေရ မယ့် ပျက်စီးမှာပဲ၊ အသက်မသေရင်တောင် ကံကောင်းပေါ့"

ဒေါက်တာမင်းထင်ကျော်က လက်ဘက်ရည်ကို အပြီး တ် မော့သောက်လိုက်သည်။

"ဒီအတိုင်းဆိုရင်တော့ . . အဲဒီနေရာနဲ့ ပတ်သက်ပြီး ဆက်ထပ်ထူးခြားမှုတွေ ထပ်ကြားရဦးမယ်ထင်တယ်၊ တကယ် သတင်းထူးရင်တော့ ဆရာ့ကို လာပြောပြပါ့မယ်"

"ကောင်းပါပြီ"

ထို့နောက် ဒေါက်တာမင်းထင်ကျော်လည်း ကျွန်ုပ်အား ဆက်ပြီး ပြန်သွားလေတော့သည်။

နောက်ထပ် ရက်အနည်းငယ်ကြာတော့ သတင်းစာ တွင် သတင်းတစ်ပုဒ် ပါလာပြန်သည်။

**"လူတစ်ယောက် ထူးဆန်းစွာ သေဆုံးသောသတင်း"**

ယမန်နေ့ညက ဗဟန်းမြို့နယ်အတွင်း ကုလားခြံရပ် ကွက်အတွင်း၌ နေထိုင်သူတစ်ယောက်မှာ ထူးဆန်းစွာ အသက် သေသည်။

၎င်း၏အမည်မှာ ရွှေစိန်ဖြစ်ပြီး တရုတ်လူမျိုး တစ် ယောက်ဖြစ်သည်။ အသက်(၃၀)ကျော်လောက်သာရှိသေးသော သည် ကျန်းမာသူတစ်ယောက်ဖြစ်သည်။ ယခင်က ချင်း



www.burmeseclassic.com

www.burmeseclassic.com



ချောင်းနန်းတော်တွင် နှစ်အတော်ကြာသည်အထိ အလုပ်လုပ် ကိုင်ခဲ့ဖူးသူဖြစ်ကာ ယခု အလုပ်မှထွက်ကာ အိမ်၌ရှိနေစဉ်မှာ သေဆုံးသွားခြင်း ဖြစ်ပေသည်။

ဎင်း၏ မိသားစုများ ပြောပြချက်အရ မသေဆုံးမီကပင် ညတိုင်းလိုလို ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာများ တွေ့ရသဖြင့် မအိပ်နိုင် မစားနိုင် ဖြစ်နေကြောင်း၊ ထိုညမှာတော့ အားလုံး အိပ်ပျော်နေချိန်မှာ စူးစူးဝါးဝါး အော်သံကြားရသဖြင့် ထကြည့် သောအခါမှ သေဆုံးနေသည်ကို တွေ့ကြရကြောင်း သိရပေ သည်။

ပတ်ဝန်းကျင်ကတော့ ချင်းချောင်းနန်းတော်နှင့် ပတ် သက်ခဲ့သဖြင့် သေဆုံးရခြင်း ဖြစ်သလောဟု တွေးတောနေကြ ပေ၏။

အမှုကို ပုလိပ်မင်းကြီး၏ စေခိုင်းတာဝန်ပေးချက်ဖြင့် ဗဟန်းဂါတ်တဲမှ ရာဇဝတ်အုပ် ဦးမင်းဒင်က ကိုင်တွယ်စုံစမ်း လျက် ရှိပါကြောင်း. . ."

-ဟု ရေးသားဖော်ပြထားကြလေသည်။

နံနက်ပိုင်းအချိန် သတင်းစာများ၌ သတင်းပါလာပြီး နောက် ဗဟန်းဂါတ်တဲမှ ရာဇဝတ်အုပ် ဦးမင်းဒင်က သူ့အော တွင် အလုပ်လုပ်ကိုင်လျက်ရှိသော အမှုလိုက် စုံထောက်ကျော် စွာအား ရုံးခန်းအတွင်း ခေါ်ပြောသည်။

"မောင်ကျော်စွာရေ. . ယခုတလော ချင်းချောင်းနန်း





တော်ဆိုတဲ့ တရုတ်အိမ်ကြီးနဲ့ပတ်သက်ပြီး သတင်းတွေက အ တော်ကလေးများနေတယ်၊ တစ်လောက သူဌေးပိုင်တဲ့ ပစ္စည်း တွေ ပျောက်တယ်လို့ ပြောသံကြားလိုက်မိတယ်၊ တိုင်ချက်မဖွင့် တော့ ဘာမှလုပ်မပေးလိုက်ရဘူး"

"ဟုတ်ပါတယ်ဆရာ၊ သူတို့နဲ့ပတ်သက်တဲ့ သတင်းတွေ ကို လူသိမခံချင်တာလည်း ပါမယ်၊ နောက်တစ်ချက်က သူတို့ နေတဲ့နေရာကို လူအဝင်အထွက်များမှာကို မလိုလားလို့ ဂါတ်ကို အကြောင်းမကြားတာ ဖြစ်မှာပေါ့"

စုံထောက်ကျော်စွာက သူ၏ထင်မြင်ချက်ကို ပြောပြ လိုက်သည်။

ဦးမင်းဒင်က ဎင်းသောက်နေကျ ဇလယာဉ်ပုံတံဆိပ် ဆေးပြင်းလိပ်ကို မီးညှိပြီး တစ်ဖွာနှစ်ဖွာ ဖွာလိုက်ပြီးမှ စကားပြန် ဆက်သည်။

"ကျိုကျိုတက် ချမ်းသာနေတဲ့ တရုတ်သူဌေးကြီးတွေဆို တော့လည်း ဒီလောက်ကို ဂရုမစိုက်လို့ ဂါတ်ကို အကြောင်းမ ကြားတာလည်း ဖြစ်မှာပေါ့၊ နောက်တစ်ချက်က သူတို့တွေက တစ်ခုခုဖြစ်လာရင်. . ဩဇာအာဏာရှိတဲ့ အထက်ကလူတွေ လောက်ကိုပဲ အားကိုးကြတယ်၊ ပြောစရာရှိရင်လည်း သူတို့ကိုပဲ ပြောပြလေ့ရှိတယ်၊ ကျုပ်တို့လို သာမန်အမှုထမ်းတွေလောက် ကိုရင် သိပ်ပြီးလူထင်ကြတာ မဟုတ်ဘူး"

"ဒါပေမယ့် အထက်ကလူတွေက အမိန့်ပေးရှိ ပေး



www.burmeseclassic.com

www.burmeseclassic.com

ကြတာမဟုတ်လား. . ၊ တကယ်လုပ်ရတော့ ကျွန်တော်တို့
အောက်ကလူတွေပဲ မဟုတ်လား၊ ဒီလိုပဲ အန္တရာယ်နဲ့တွေ့
သေကြတော့လည်း အောက်ကလူတွေချည်းပါပဲ"

"ပြောမနေပါနဲ့တော့ မောင်ကျော်စွာရယ်၊ မကျေနပ်
တော့လည်း ဘာမှလုပ်လို့ရတာမဟုတ်တဲ့အတူတူတော့ ကိုယ့်
တာဝန်ကို ကျေအောင်သာ လုပ်ကြတာ အကောင်းဆုံးပါပဲ"

စုံထောက်ကျော်စွာကတော့ ဘာမှထပ်မပြောတော့ပဲ
စီးကရက်တစ်လိပ်ကိုသာ မီးညှိဖွာနေသည်။

"အခုလည်း ချင်းချောင်းနန်းတော်မှာ လုပ်ခဲ့တဲ့ လူတစ်
ယောက် အသတ်ခံရတယ်လို့ တိုင်ချက်ဖွင့်ထားတယ်"

"တရုတ်အိမ်ကြီးက လူတွေကလာပြီး တိုင်ချက်ဖွင့်
တာလား"

"ဘယ်ဟုတ်ရမလဲ၊ သေတဲ့လူတွေရဲ့ မိသားစုတွေ
လာပြီး အကြောင်းကြားကြတာ၊ ဒီတော့ မောင်ကျော်စွာ အခင်း
ဖြစ်တဲ့ဆီကိုသွားပြီး ရိုးရိုးသေတာလား၊ အသတ်ခံပြီး သေရ
လား၊ သေသေချာချာစစ်ဆေးပြီး စစ်ချက်ယူလာခဲ့ပါ"

"ကောင်းပါပြီ ဆရာ"

စုံထောက်ကျော်စွာက နေရာမှပြန်ထကာ ဦးမင်းခင်
အရိုးအသေ ပေးလိုက်သည်။

"ဒါထက် ဒေါက်တာမင်းထင်ကျော်တစ်ယောက် ခရီး
ထွက်နေသေးရင်တော့ သူ့ကိုပါ ဝင်ခေါ် သွားတာ ပိုကောင်းမယ်





ပါတော့ အဖြေသိဖို့ ပိုမြန်တာပေါ့"

စုံထောက်ကျော်စွာက ခေါင်းညိတ်ပြကာ ရုံးခန်းအတွင်း
ပြန်ထွက်လာလေသည်။

ထို့နောက် ဂါတ်မှပေးထားသော လင့်ရိုဘာကားကို
မောင်းကာ ဒေါက်တာမင်းထင်ကျော်နေအိမ်သို့ သွားလေသည်။

ထိုအိမ်ရောက်တော့ အဝတ်အစားလဲထားပြီး အပြင်
သွားရန် ပြင်ဆင်နေသော ဒေါက်တာမင်းထင်ကျော်ကို အဆင်
သင့် တွေ့ရလေသည်။

"အဝတ်အစားတွေ လဲထားတော့ ဆရာ အပြင်သွားမ
ထင်တယ်၊ အားနာစရာတော့ ဖြစ်နေပြီ"

တွေ့သည်နှင့် စုံထောက်ကျော်စွာက ပြောလိုက်သည်။

"ဘာမှ အားနာစရာ မရှိပါဘူး ကိုကျော်စွာရယ်၊ ကျွန်
တော်က ကိုကျော်စွာနဲ့ လိုက်ခဲ့မလို့ အဆင်သင့် ပြင်ထားတာပါ"

"ကျွန်တော်လာမယ်ဆိုတာ ဆရာ ဘယ်လိုများ ကြိုသိ
တာလဲ"

"ဒါက မထူးဆန်းလှပါဘူး၊ မနက်က သတင်းစာထဲမှာ
ချောင်းခြံနဲ့ ပတ်သက်ခဲ့ဖူးတဲ့ လူတစ်ယောက် အသတ်ခံရ
တယ်လို့ သတင်းပါလာတယ်၊ အခင်းဖြစ်တာကလည်း ဗဟန်း
နယ်အတွင်းမှာဆိုတော့ ဗဟန်းဂါတ်နဲ့ သက်ဆိုင်တဲ့နယ်မြေ
နေလေတော့ ကိုကျော်စွာ သွားရလိမ့်မယ်ထင်လို့ အဆင်
ပြင်ပြီး စောင့်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com


“ဆရာကလည်း တစ်နေ့တစ်ခြား စုံထောက်ကြီး ဦး…ရှားနဲ့တောင် တူလာသလိုပဲ၊ ကျွန်တော်တို့ ပုလိပ်အဖွဲ့ထဲဝင်ပြီး အမှုထမ်းရင် ချက်ချင်းနာမည်ကြီးလာမှာ သေချာတယ်”

“ကျွန်တော်က စွန့်စွန့်စားစား သွားလာရတာတွေ လျှို့ဝှက်မှုတွေကို စုံစမ်းဖော်ထုတ်ရတာမျိုးတွေ ဝါသနာပါ… မယ့် လူမျိုးခြားလက်အောက်မှာတော့ မလုပ်ချင်ပါဘူး”

“ကျွန်တော်တို့လည်း လုပ်ချင်လှလို့တော့ မဟုတ်ပါဘူး လုပ်လက်စနဲ့မို့သာ လုပ်နေရတာပါ၊ ဆရာ အဆင်သင့်ဖြစ်ရင်တော့ ကျွန်တော်တို့ သွားကြရအောင်”

ဟု ပြောဆိုကာ နှစ်ယောက်သား အိမ်အပြင်သို့ ထွက်လာကြသည်။ ထို့နောက် လင့်ရှိဘာကားနှင့်ပင် အခင်းဖြစ်သော နေရာသို့ သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော် နေသောနေရာမှ ကမ္ဘာအေး စေတီလမ်းဘက်အထိ ပေါက်သော လမ်းသွယ်ကလေးများ…သည်။ ကားတစ်စင်း နှစ်စင်း ရှောင်သာရုံရှိသော မြေနီလမ်း… လေးများဖြစ်သည်။

ရှေ့အခါကတော့ ထိုလမ်းသွယ်ကလေးများတွင် ကား… မဆိုထားနှင့် လူအသွားအလာပင် မရှိသလောက် နည်းပါး… သည်။

လမ်းဘေးတစ်ဖက်တစ်ချက်မှာလည်း သက်တမ်းရင့် လှသော ကုက္ကိုလ်ပင်ကြီးများနှင့် သစ်ပင်ငယ် ချုံနွယ်ပိတ်ပေါင်း… များသာ ရှိကြသည်။

နေထိုင်ကြသူများမှာ ခြံစိုက်သူ၊ ပန်းစိုက်သူများနှင့် နွားမွေးသော ကုလားခြံများသာ အများစု ရှိကြလေသည်။ ထိုခြံများအတွင်းမှာလည်း ငှက်ပျောပင်များ စိုက်ပျိုးထားကြသဖြင့် တစ်နေရာနှင့် တစ်နေရာ မမြင်ရလောက်အောင် ညို့မှိုင်းလျက် ရှိနေပေသည်။

အခင်းဖြစ်သောအိမ်မှာ ကမ္ဘာအေးဘုရားလမ်းနှင့် နီးသောနေရာဘက်၌ ဖြစ်သည်။

ခြံဝန်းထဲမှာ သစ်သားဖြင့် ဆောက်ထားသော နှစ်ထပ်အိမ်တစ်လုံးရှိပြီး လူအချို့လည်း ရှိနေကြသည်။ ထိုလူများထဲတွင် တရုတ်အမျိုးသား အချို့ကိုလည်း တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့ ကားရပ်ပြီး ဆင်းလာတော့ ရှိသမျှလူအားလုံးက လှမ်းကြည့်နေကြသည်။

ဒေါက်တာမင်းထင်ကျော်က လူအားလုံးကိုခြုံ၍ အကဲခတ်ကာ ထိုနေရာသို့ လျှောက်သွားကြသည်။

သူတို့လာတော့ အဝတ်နက်ဝတ်ထားသော အမျိုးသမီး တစ်ယောက်က ရှေ့သို့ ထွက်လာသည်။ တရုတ်သွေးပါသဖြင့် ဖြူဖွေးနေသောမျက်နှာမှာ ငိုကြွေးထားဟန်ဖြင့် နီနေလေသည်။

“ကျွန်တော်တို့က ဗဟန်းဂါတ်တဲက လာကြတာပါ၊ မေးစရာလေးတွေ ရှိလို့ပါ”

“ဟုတ်ကဲ့ . မေးပါရှင်၊ ကျွန်မက ကိုရွှေစိန်ရဲ့မိန်းမပါ၊



www.burmeseclassic.com

www.burmeseclassic.com



နာမည်က အကြည်လို့ ခေါ်ပါတယ်"

ထိုသို့ပြောပြီး . . အိမ်ရှေ့မှာခင်းထားသော စားပွဲနှင့် ကုလားထိုင်များ ရှိရာသို့ ခေါ်သွားကာ နေရာပေးသည်။

စားပွဲပေါ်မှာတော့ ကွာစေ့ပန်းကန်အချို့ ချထားကာ ကွာစေ့ခွံအချို့လည်း ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့ ထိုင်တော့ ထိုနေရာသို့ တရုတ်လူမျိုးတစ်ယောက်ရောက်လာပြီး အကြည် ဆိုသော အမျိုးသမီးနှင့် တစ်ခုံကျော်၌ ဝင်ထိုင်သည်။ ၎င်းမှာ အသက်(၅၀)ကျော် အရွယ်ခန့်သာရှိသေးပြီး ထက်မြက်သွက် လက်သည့် အမူအယာမျိုးရှိကြောင်း အကဲခတ်မိလေသည်။

"ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်၊ သူက စုံထောက်ကျော်စွာပါ၊ ကျွန်တော်တို့က ဒီအမှုကို စုံစမ်းပေးရ မယ့်သူတွေပါ၊ ခင်ဗျားတို့နှစ်ယောက်အကြောင်းလည်း ပြောပြပါ ဦး"

"ကျွန်မနာမည်က မခင်ကြည်ပါ၊ အားလုံးကတော့ အ ကြည်လို့ ခေါ်ကြပါတယ်၊ ကျွန်မက ကိုရွှေစိန်ရဲ့ မိန်းမပါ၊ သူ. . သူက. . "

ဆက်မပြောပဲ နံဘေးမှာထိုင်နေသူကို ကြောက်ရွံ့သော အမူအယာမျိုးဖြင့် တစ်ချက်ကြည့်လိုက်သည်။

ထိုအခါ နံဘေးမှာ ထိုင်နေသူက ရှေ့မှာထိုင်နေသူနှစ် ယောက်ကို ဂရုမစိုက်သော အမူအယာမျိုးဖြင့် စီးကရက်တစ်





လိပ်ကို မီးညှိပြီး ဖွာလိုက်လေသည်။

ပြီးမှ မပြောချင်ပြောချင် အမူအယာမျိုးဖြင့် ပြောပြ လေသည်။

"ကျုပ်က ချင်းချောင်းနန်းတော်ပိုင်ရှင် သူဌေးကြီး လင် ချင်းချောင်းရဲ့ လူယုံတော် မန်နေဂျာ ကိုရင်စိန်ပါပဲ"

"ဒီကို ဘာအတွက် ရောက်နေတာလဲ၊ သေတဲ့လူနဲ့ပတ် သက်ပြီး ခင်ဗျားဘာသိသလဲ၊ ဘာပြောပြနိုင်သလဲ"

ဒေါက်တာမင်းထင်ကျော်က မျက်နှာထားတင်းတင်းဖြင့် မေးလိုက်သောအခါ တွန့်ခနဲ ဖြစ်သွားလေသည်။

"ဒီကိုလာတာ သူဌေးကြီးက သူတို့အတွက် ထောက်ပံ့ ငွေပေးခိုင်းလို့ လာပေးတာပါ၊ ရွှေစိန်က အရင်က ချင်းချောင်း နန်းတော်မှာ အလုပ်လုပ်တဲ့သူပါ"

"အခုတော့ မလုပ်တော့ဘူး မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ဒါဖြင့် အခု သူသေတဲ့ကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျား ဘာ ပြောပြနိုင်သလဲ"

"ကျုပ်က နန်းတော်မှာပဲ နေတာဆိုတော့ သေသေချာ ချာ မသိပါဘူး"

"မသိရင်တော့ ခင်ဗျား တစ်နေရာမှာ သွားနေပေးပါ၊ ပတ်သက်ဆိုင်တဲ့သူကို မေးစရာတွေရှိတယ်"

ဟု ယဉ်ယဉ်ကျေးကျေးနှင့် နှင်ထုတ်လိုက်ရ၊ ကိုရင်



www.burmeseclassic.com

www.burmeseclassic.com

စိန်ဆိုသူမှာ မျက်စိမျက်နှာ ပျက်ပျက်နှင့် ထိုနေရာမှ ထသွားလေသည်။

ထိုအခါမှပင် နေရာတွင်ကျန်ခဲ့သော အကြည်ဆိုသော အမျိုးသမီးအား သိချင်တာ မေးရလေသည်။

"ကိုရွှေစိန်က ချင်းချောင်းသူဌေးဆီမှာ အလုပ်လုပ်နေတာ ဘယ်လောက်ကြာပြီလဲ"

"ကျွန်မတို့ အိမ်ထောင်ကျစကတည်းကဆိုတော့ ဆယ်နှစ်လောက် ရှိမယ်ထင်ပါတယ်"

"ဘာကြောင့် အလုပ်ကထွက်တာလဲ"

"ကျွန်မလည်း သေသေချာချာတော့ မသိဘူး၊ အဲဒီနန်းတော်ကြီးပြီးသွားတော့ သူဌေးက သူ့ကို အဲဒီမှာ ခေါ်ထားတယ် နောက်ပိုင်းရောက်တော့ သရဲတစ္ဆေတွေ လာခြောက်လို့ အလုပ်သမားတွေ တစ်ယောက်ပြီးတစ်ယောက် သေကြတယ်လို့ ပြောတယ်၊ နောက်တော့ သူလည်း ဆက်မနေဝံ့တော့လို့ အလုပ်ထွက်ခဲ့တာလို့ ပြောပါတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"သူမသေခင်က ဘယ်သူတွေ လာတွေ့ကြသေးသလဲ"

"ကျွန်မ သိသလောက်တော့ ဘယ်သူမှ လာမတွေ့ကြပါဘူး၊ တစ်လောကတော့ သတင်းစာတိုက်က လူတွေလာပြီး သိချင်တာတွေ လာမေးသွားကြလို့ သူသိတာတွေတော့ ပြောလိုက်တာပဲ"





"သူ ဘာကြောင့် သေရတယ်လို့ ထင်သလဲ၊ ခင်ဗျားသိတာလေးတွေ ပြောပြပေးပါဦး"

"ကျွန်မယောက်ျား ကိုရွှေစိန်က လူရိုးလူအေးတစ်ယောက်ပါ၊ စကားကိုလည်း မှန်တာပဲ ပြောတတ်တယ်၊ အလုပ်က ထွက်လာပြီးတဲ့နောက်မှာ သူဌေးလူတွေ ရောက်လာပြီး ပြန်ခေါ်ကြသေးတယ်၊ သူ မလုပ်တော့ဘူး"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"မသေခင်ရက်ကတော့ ညဘက်ရောက်ရင် ကြောက်ရွံ့ထိတ်လန့်စရာတွေ တွေ့နေရတယ် ထင်ပါရဲ့၊ သူ့ကြည့်ရတာ ကြောက်နေသလိုပဲ"

အကြည်ဆိုသော အမျိုးသမီးက သူမတွေ့ကြုံခဲ့သော အဖြစ်အပျက်အချို့ကို အောက်ပါအတိုင်း ပြောပြလေသည်။

ကိုရွှေစိန်မှာ အသက်(၄၀)ဝန်းကျင်လောက်သာရှိသေးပြီး တရုတ်အမျိုးသားတစ်ယောက်ဖြစ်သည်။

သူဌေးကြီး လင်ချင်းချောင်းထံမှာ အလုပ်လုပ်ခဲ့သည်မှာလည်း နှစ်အတော်ကြာခဲ့ပြီ ဖြစ်၏။ သစ္စာရှိသည်ကတစ်ကြောင်း စကားဖြောင့်မတ်သောကြောင့်လည်း သူဌေးက သဘောကျသဖြင့် အတွင်းလူတစ်ယောက်အဖြစ်နှင့် ထားလေသည်။ သို့သော် ချင်းချောင်းနန်းတော်ဟုခေါ်သော တိုက်အိမ်ကြီးတည်ဆောက်ပြီးသော အခါမှာတော့ ပြဿနာက စတင်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားမဟုတ်ပေ။ ကိုရွှေစိန်က ထိုအိမ်ကြီးမှာပင် နေရသူဖြစ်သောကြောင့် ညစဉ်ညတိုင်း ခြောက်လှန့်မှုများနှင့် ကြုံတွေ့ရလေသည်။

ညအချိန်ရောက်လာသည်နှင့် . အပြင်ဘက်၌သော်လည်းကောင်း၊ ထိုအိမ်ကြီးအတွင်းမှာသော်လည်းကောင်း သွားလာလှုပ်ရှားနေကြသည့် ဖရလောကသားတို့ကို တွေ့ရသည်။

နောက်ပိုင်းမှာတော့ ထိုမှာနေပြီး အလုပ်လုပ်နေကြသူများ ပရလောကသားများလက်ချက်ဖြင့် တစ်ယောက်ပြီးတစ်ယောက် သေဆုံးကြသည်ကို တွေ့ရသောအခါ သူတို့လင်မယားလည်း ထိုမှာမနေဝံ့တော့သဖြင့် ၎င်းတို့ပိုင်ဆိုင်သော ယခုလက်ရှိနေသောအိမ်သို့ ပြောင်းရွှေ့နေကြသည်။

သူဌေးကတော့ ထိုသို့နေသည်ကို သဘောမကျပေ။

၎င်း၏လူယုံတော်ဖြစ်သည့် ကိုရင်စိန်ကိုလွှတ်ပြီး ပြန်ခေါ်ခိုင်းသည်။

ကိုရွှေစိန်ကလည်း ပြန်မလိုက်တော့ပေ။ နောက်တော့ အဆင်မပြေ ဖြစ်လာသောကြောင့် အလုပ်မှ အပြီးထွက်လိုက်သည်။

နောက်ပိုင်းရောက်တော့ သတင်းစာတိုက်မှ သတင်းထောက်အချို့ ရောက်လာပြီး ချင်းချောင်းနန်းတော်နှင့် ပတ်သက်သော အကြောင်းများကို မေးမြန်းသဖြင့် သူသိသမျှ ပြောပြလိုက်ရာ နောက်တစ်နေ့ထုတ် သတင်းစာများတွင် ထိုအကြောင်း





အရာများက သတင်းအဖြစ်ဖြင့် ပါလာလေသည်။

လူအများက ချင်းချောင်းနန်းတော်ကြီး အကြောင်းကို စိတ်ဝင်စားနေရာမှ ယခုကဲ့သို့ သိကြရသောအခါ ကျေနပ်သွားကြလေသည်။

ထိုအကြောင်းပါသော သတင်းစာမှာလည်း အတော်ပင် ရောင်းချကြရပေသည်။

တစ်နေ့သ၌မှာတော့ ကိုရွှေစိန်တို့အိမ်သို့ ကိုရင်စိန် ရောက်လာပြီး အထုပ်တစ်ထုပ်ပေးလေသည်။

"သူဌေးက မင်းအတွက် ပေးခိုင်းလိုက်တာ၊ တရုတ်ပြည်တပို့လိုက်တဲ့ လက်ဘက်ခြောက်လို့ပြောတယ်၊ မင်းက သူဌေးအပေါ်မှာ ဖြတ်နိုင်ပေမယ့် သူဌေးက အခုထိ သံယောဇဉ်ရှိနေသေးပုံရပါတယ်"

ထိုသို့ပြောဆိုကာ အထုပ်ကိုပေးထားခဲ့ကာ ပြန်သွားလေသည်။

ကိုရွှေစိန်မှာ လက်ဘက်ရည် ကြိုက်တတ်သူမို့ အထုပ်ကို ဖြေကြည့်ရာ တရုတ်ပြည်၌သာရသော လက်ဘက်ခြောက်များကိုတွေ့ရသဖြင့် ဝမ်းသာသွားလေသည်။

သတိတရဖြင့် တကူးတကပို့ပေးသော သူဌေးကိုလည်း စိတ်ထဲမှ ကျေးဇူးတင်မိလေသည်။

နောက်ပိုင်းရောက်လာတော့ ညအချိန်ရောက်လာသျှင် ခြောက်မက်ဖွယ်ရာများကို တွေ့လာရသဖြင့် မအိပ်နိုင်မစားနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာလေသည်။

"ရှင် ဘယ်လိုဖြစ်နေတာလဲ ကိုရွှေစိန်၊ ညဘက်လည်း ကောင်းကောင်းမအိပ်ဘူး"

"ညဘက်ရောက်လာရင် သရဲသဘက်တွေ ရောက်လာပြီး ငါ့ကိုခြောက်လှန့်နေကြတယ်၊ ဒါကြောင့် . အိပ်မရတာ အကြည်ရဲ့"

"ရှင်ပြောတဲ့ ဟိုအိမ်ကြီးက သရဲတစ္ဆေတွေများ ဒီကို ရောက်လာကြတာလား မသိဘူး"

"ငါတို့နဲ့ ဘာဆိုင်လို့ ဒီကိုရောက်လာရမှာလဲကွာ"

"မသိဘူးလေ၊ ရှင်က ဟိုမှာ အကြာကြီး အလုပ်လုပ်ခဲ့တာဆိုတော့ လိုက်ချင်လည်း လိုက်လာတာ ဖြစ်မှာပေါ့၊ ဘယ် နေရာမှာ တွေ့တာလဲ"

"အရင်က အပြင်ဘက်မှာပဲ တွေ့ရတယ်၊ အခုတော့ ငါ့အိမ်ထဲအထိ ရောက်လာကြတယ်၊ မင်းတို့ မမြင်မိဘူးလား"

"ဟင့်အင်း တစ်ခါမှ မတွေ့မိ မမြင်မိပါဘူး"

ထိုသို့ဖြစ်နေပြီး ရက်အနည်းငယ် ကြာသောအခါတွင် ညအချိန် ဟူးဟူးဝါးဝါးအော်သံကြားသဖြင့် ထကြည့်သောအခါမှာ ကိုရွှေစိန်တစ်ယောက် ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံးနေသည်ကိုသာ တွေ့ရပေတော့သည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ ကတော့ အကြည်ဆိုသော အမျိုးသမီး ပြောပြနေသည်ကို အ





သအံ့ချာနားထောင်ကာ မှတ်သားထားကြလေသည်။

"ဒါထက် သူ့ဌေးပို့ပေးခဲ့တဲ့ လက်ဘက်ခြောက်များ ကျန်နေသေးသလား"

"သေသေချာချာတော့ မသိဘူး၊ သွားကြည့်ပေးပါ့မယ်"

ဟု ပြောကာ နေရာမှ ထသွားပြီး နို့မှုန့်ဗူးဟောင်းတစ် ခုကို ယူလာပြီး ပေးသည်။

ဒေါက်တာမင်းထင်ကျော်က အဖုံးဖွင့်ကြည့်တော့ သင်း ပျံ့သောလက်ဘက်ခြောက်ရနံ့များကိုရသည့် လက်ဘက်ခြောက် များကိုသာ တွေ့ရသည်။

"ကျွန်တော်တို့ ဒီလက်ဘက်ခြောက်ဗူး ယူသွားပါ့မယ်၊ ပြီးတော့ ကိုရွှေစိန်အလောင်းကိုလည်း ကြည့်ပါရစေ"

ဟုပြောရာ အကြည်က အလောင်းရှိသော နေရာသို့ ခေါ်သွားလေသည်။ အိမ်တွင်းမှာတော့ လူအချို့ ရှိနေသော် လည်း ကိုရင်စိန်ကိုတော့ မတွေ့ရတော့ပေ။

အလောင်းကို အောက်မှာပင် ထားသေးသောကြောင့် သေသေအချာ စစ်ဆေးကြည့်သည်။ ကိုယ်ပေါ်တွင် ဒဏ်ရာဒဏ် ချက်များ မတွေ့ရသော်လည်း မသေခင် အချိန်အတောအတွင်း က ထိတ်လန့်ကြောက်ရွံ့စရာများ မြင်တွေ့ခဲ့ရဟန်ဖြင့် မျက် နှာမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေလေသည်။

ကိုရွှေစိန်မှာ မသေခင် ကြောက်စရာကောင်းသေးသေးအ ရာများ တွေ့ရသဖြင့် အကြောက်လွန်ကာ နှလုံးသွေးရပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



သေရခြင်းဖြစ်နိုင်ကြောင်း ယေဘူယျမှတ်ချက်ချ၍ ရနိုင်ေ
သည်။

အလောင်းကို စိတ်ကျေနပ်လောက်အောင် စစ်ဆေး
ကြပြီးမှ ထိုအိမ်မှ ပြန်ထွက်လာကြလေသည်။







## အခန်း(၆)

# အဖော်မပါ ဈည်းအဆွရ

ရွှေစိန် သေဆုံးသောအမှုကို စုံစမ်း၍မှမပြီးခင် ချင်း
ောင်းနန်းတော်နှင့် ပတ်သက်ပြီး နောက်ထပ် အမှုတစ်ခု ပေါ်
လေသည်။ အခြားမဟုတ်ပေ။

တရုတ်သူဌေး လင်ချင်းချောင်း လို့ဂှက်စွာထားသော
ငွေရတနာအချို့ ပျောက်ဆုံးသွားသော အမှုပင်ဖြစ်သည်။

ထိုအမှုကို မစ္စတာ လင်ချင်းချောင်းက ဂျင်းနှင့်သို့ကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



သော ပုလိပ်မင်းကြီးကိုတိုင်ကြားရာ ဗဟန်းမြို့နယ်အတွင်း… ဖြစ်ပွားသောအမှု ဖြစ်သဖြင့် ဗဟန်းဂါတ်တဲမှ ဦးမင်းဒင်လက်သို့… လွှဲပေးခဲ့လေသည်။

ဦးမင်းဒင်ကမူ ၎င်းလက်အောက်၌ တာဝန်ထမ်းဆောင်… နေသည့် စုံထောက်ကျော်စွာအား တာဝန်ပေးလိုက်လေရာ… နောက်တစ်မှု စုံစမ်းရပြန်လေတော့သည်။

ဒီတစ်ကြိမ်မှာတော့ အမှုဖြစ်ပွားသော နေရာမှာ ချမ်း… ချောင်းနန်းတော်၌ ဖြစ်သောကြောင့် ထိုနေရာသို့ သွားကြရ… သည်။

ထိုနေရာသို့ ကမ္ဘာအေးစေတီလမ်းဘက်မှ ဝင်ရခြင်း… ဖြစ်ပြီး အတွင်းမှာရှိသော အဆောက်အဦး ရောက်သည်အထိ… မော်တော်ကားလမ်းမှ ဝင်သွားကြရပေသည်။

ကားပေါ်မှာတော့ ဒေါက်တာမင်းထင်ကျော် စုံထောက်… ကျော်စွာတို့အပြင် ဆားပုလင်းငွေမိုးနှင့် ပုလိပ်အချို့လည်း… လာကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားသောအခါ… မစ္စတာလင်ချင်းချောင်ကိုယ်တိုင် တွေ့ရပြီး ၎င်းနှင့်အတူ… နေဂျာဖြစ်သူ ကိုရင်စိန်နှင့် စက္ကထရီ ကျင်မေရီတို့ကိုပါ အ… တွေ့ရလေသည်။

ကိုရင်စိန်က အသားဖြူဖြူ ပိန်ပိန်ပါးပါးနှင့် ရှေ့ကိုင်း… ထားသော မျက်မှန်ကို တပ်ဆင်ထားလေသည်။ အသက်အရွယ်…





…(၅၀)ဝန်းကျင်လောက်သာ ရှိပေသေးသည်။

စက္ကထရီ ကျင်မေရီကတော့ တရုတ်သွေးပါသူ တစ်…ယောက်ဖြစ်ပြီး ချောမောလှပသူတစ်ဦးဖြစ်သည်။ အသက်(၂၅)…နှစ်အရွယ်လောက်သာ ရှိသေးသော်လည်း တရုတ်-မြန်မာ-…အင်္ဂလိပ်ဘာသာတို့ကို ကျွမ်းကျင်စွာ ရေးသားပြောဆိုနိုင်သူ ဖြစ်…သည်။

တရုတ်သူဌေး လင်ချင်းချောင်မှာ (၁၉၂၀)ခုနှစ်တွင် …အသက် (၅၃)နှစ်သာ ရှိသေးသော လူလတ်ပိုင်းအရွယ်သာ ရှိ…သေးသည်။

လင်ချင်းချောင်းသည် ထိုအချိန်က မြန်မာနိုင်ငံ၌သာ …သာ အိမ်နီးချင်း နိုင်ငံများ၌ပါ နာမည်ထင်ရှားသော သူဌေးကြီး …တစ်ဦး ဖြစ်သော်လည်း လူမှုဆက်ဆံရေး ကောင်းမွန်သူတစ်ဦး …င် ဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ကို …ဧည့်ခန်းသို့ ဖိတ်ခေါ်ပြီး ကောင်းမွန်စွာပင် ဧည့်ခံစကားပြောလေ…သည်။

၎င်းက အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်စွာ တတ်သူ …သော်လည်း မြန်မာစကားနှင့်ပင် ပြောဆိုလေသည်။

"အခုလို လာရောက်အကူအညီပေးတာ ကျေးဇူးတင်…တယ်၊ ကျွန်တော့်နာမည်က မစ္စတာ လင်ချင်းချောင်း ဖြစ်ပါ…တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ ဝမ်းသာပါတယ်. . ၊ ကျွန်တော့်နာမည်က
ဒေါက်တာမင်းထင်ကျော် သူက စုံထောက်ကျော်စွာ ဖြစ်ပါတယ်
ကျွန်တော်တို့ကို ဖြစ်ပျက်ပုံ ပြောပြပေးပါ"

"ကျွန်တော်က အလုပ်တွေများတော့ အေးအေးဆေး
ဆေး အချိန်မပေးနိုင်တာ ဝမ်းနည်းပါတယ်၊ ကျွန်တော့် မန်
ဂျာနဲ့ အတွင်းရေးမှူးက လိုအပ်တာတွေ ကူညီဆောင်ရွက်
ကြပါလိမ့်မယ်"

ဟု ပြောဆိုကာ အနားမှာ ရပ်နေကြသည့် ကိုရင်စိန်နှ
ကျင်မေရီတို့အား တရုတ်ဘာသာစကားဖြင့် မှာစရာများ
ကြားပြီးနောက် ဒေါက်တာမင်းထင်ကျော်တို့ကို နှုတ်ဆက်
ရိုးရှိုက်စ်ကားဖြင့် အပြင်သို့ ထွက်သွားလေတော့သည်။

ထိုအခါမှ ကျင်မေရီဆိုသော အမျိုးသမီးက ဦးခေါ
ညွှတ်လျက် နှုတ်ဆက်သည်။

"ကျွန်မနာမည် ကျင်မေရီ ဖြစ်ပါတယ်၊ သူဌေးရဲ့
တွင်းရေးမှူးတစ်ယောက် ဖြစ်ပါတယ်၊ သိချင်တာ မေးမြန်း
ပါတယ်"

ဟု ချိုသာသော အသံဖြင့် ပြောသည်။

"သူဌေးပိုင်တဲ့ ရွှေငွေရတနာတွေ ဘယ်လိုပျောက်သ
ဆိုတာ ပြောပြပါ"

"သူဌေးက သူပိုင်တဲ့ပစ္စည်းတွေကို တစ်နေရာတည်း
မထားပါဘူး၊ သူကအမှတ်အသားနဲ့သူ နေရာအတော်များ





ထားပါတယ်၊ ယူတဲ့သူက သူထားတဲ့ ပစ္စည်းတွေကို အကုန်
ယူပဲ တချို့လောက်သာယူသွားပြီး တချို့ထားခဲ့ပါတယ်"

ထိုစကားကြားတော့. . ဒေါက်တာမင်းထင်ကျော်ပင်
ညြသွားလေသည်။

"အဲဒီလို ထားခဲ့တယ်ဆိုတာရော သေချာရဲ့လား"

"သေချာပါတယ်၊ သူဌေးကိုယ်တိုင် ပြောပြတာပါ"

"ထူးဆန်းလိုက်တာ၊ ဒီခေတ်ထဲမှာတော့ အင်းဝခေတ်
နာမည်ကြီးခဲ့တဲ့ သူခိုးကြီး ငတက်ပြားလို သူခိုးမျိုးက ရှိနေ
တယ် ထင်ပါရဲ့"

"ကျွန်မလည်း စိတ်ထဲကတော့ အံ့ဩနေမိတယ်၊ ဒီအိမ်
ကြီးမှာ အစောင့်တွေ အထပ်ထပ်ရှိတယ်၊ နောက်ပြီး အဓဲ
ပေါက်အောင် ဝင်ဖို့လည်း မလွယ်ပါဘူး၊ ဒီအိမ်ထဲကို ရောက်
အောင် ဝင်လာနိုင်ပြီး ပစ္စည်းတွေ တွေ့တော့မှ တစ်ဝက်ပဲ ယူ
သွားတာတော့ အတော်ကလေး ထူးဆန်းနေသလိုပါပဲ"

ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကို မီး
ညှိဖွာလိုက်ပြီးမှ ဆက်မေးသည်။

"ဒီမှာ အလုပ်သမား ဘယ်နှစ်ယောက်လောက် ရှိသ
လဲ"

"အားလုံး (၁၅)ယောက် ရှိပါတယ်၊ သူတို့က အပြင်
ဘက်က အဆောင်တွေမှာ နေကြပါတယ်"

"ဒီအိမ်ကြီးထဲမှာ ဘယ်သူတွေ နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးလင်မယားရယ်၊ ကလေးတွေရယ်၊ နောက်ပြီး အိမ်စေတွေလည်း ရှိပါတယ်"

"ခင်ဗျားတို့ကရော ဒီမှာပဲ နေကြတာလား"

"ဟုတ်ပါတယ်၊ မန်နေဂျာ ကိုရင်စိန်နဲ့ ကျွန်မက သူဌေး အနားမှာပဲ နေကြရတယ်၊ တစ်ပတ်တစ်ရက်တော့ တစ်လှည့် အိမ်ပြန်ခွင့် ရကြပါတယ်"

"ဒီလောက်ပြောပြတာ ကျေးဇူးတင်ပါတယ်၊ ညီ ပစ္စည်းတွေ အခိုးခံရတဲ့အခန်းကို ကြည့်ချင်ပါတယ်"

"သူဌေးကတော်ကို ခွင့်တောင်းပြီး လိုက်ပြပေးပါမယ် ရှင်"

ဟု ပြောဆိုကာ ကျင်မေရီကပင် ဦးဆောင်ပြီး ဒေါက် တာမင်းထင်ကျော်တို့ နှစ်ယောက်ကို ခေါ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ တစ်ရပ်ကွက်တည်း နေ သဖြင့် ထိုအိမ်ကြီးအကြောင်းကို သတင်းကြားသော်လည်း ကြောင်းမရှိသဖြင့် အတွင်းသို့ တစ်ခေါက်မှ မရောက်ဖူးသေး ပေ။ ယခုတစ်ကြိမ်သာ ရောက်ဖူးခြင်း ဖြစ်ပေသည်။

ဆောက်လုပ်ပြီးစီးသည်မှာ မကြာသေးသောကြော ဆင်ယင်ထားသော ပစ္စည်းများနှင့် ရေးချယ်ထားသော ရောင်တို့မှာ တောက်ပသစ်လွင်လျက်ပင် ရှိကြသေးသည်။

အတွင်း၌ တရုတ်နှင့် အီတလီမှ မှာယူသော အလှ ပစ္စည်းများဖြင့် တန်ဆာဆင်ထားရုံမက အင်္ဂလိပ်လူမျိုး ပ





ဆရာကို ခေါ်ယူပြီး နံရံပန်းချီများဖြင့် အလှဆင်ထားသော ကြောင့် ရှေးခေတ်နန်းတော်ကြီးကဲ့သို့ တင့်တယ်ခမ်းနားမှု ရှိလေ သည်။

ကျင်မေရီက လင်ချင်းချောင်း၏ ဇနီးဖြစ်သူထံ သွား ရောက်ခွင့်တောင်းကာ သက်ဆိုင်ရာ သော့တစ်ချောင်း ယူလာ ပြီးနောက် ဒေါက်တာမင်းထင်ကျော်တို့ကို ဒုတိယထပ်သို့ ခေါ် သွားလေသည်။

ထိုအထပ်သို့ ရောက်သောအခါမှာတော့ လှိုဏ်ဂူကဲ့သို့ ပြုလုပ်ထားသော နံရံကပ် အခန်းတစ်ခန်းကို သော့ဖွင့်ပြသည်။

"ဒီအခန်းထဲမှာထားတဲ့ ရွှေငွေရတနာတွေ အခိုးခံရတာ ပါပဲ"

ဒေါက်တာမင်းထင်ကျော်က အတွင်းသို့ဝင်ပြီး အခြေ အနေကြည့်တော့ ထူးထူးခြားခြား ဘာမှမတွေ့ရပေ။

အခန်းက သိပ်တော့ မကျယ်လှပေ။

လူနေသော အခန်းမျိုး မဟုတ်ပဲ ပစ္စည်းထားရုံသက် သက် စီမံပြုလုပ်ထားသော အခန်းမျိုး ဖြစ်သည်။

လေးဘက်လေးတန် အခန်းနံရံများမှာ ဝင်ပေါက်မရှိပဲ ရှေ့မှဝင်သော အပေါက်တစ်ပေါက်သာ ရှိသည်။

ထိုတံခါးပေါက်မှာလည်း ကျွန်းတံခါးအပြင် သံတံခါး တစ်ဆင့်ထားသောကြောင့် သော့မဖွင့်ပဲ ဝင်၍ရနိုင်သော အ ခန်းမျိုး မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခန်းထဲတွင် ထုထည်ကြီးမားသော ကြေးနီရောင် သေတ္တာကြီးတစ်လုံးသာ ရှိပေသည်။

ထိုအခန်းပေါက်ရောက်တော့ ဒေါက်တာမင်းထင်ကျော်က ထပ်မေးသည်။

"ရွှေငွေရတနာတွေက ဘယ်နေရာမှာ ထားတာလဲ"

"အဲဒီ ကြေးသေတ္တာကြီးထဲမှာပဲ ထားပါတယ်၊ သေတ္တာကို သော့နဲ့ဖွင့်တာ မဟုတ်ပါဘူး၊ ဂဏန်းနံပါတ်တွေနဲ့ ခလုတ်လှည့်ပြီးမှ ဖွင့်လို့ရပါတယ်၊ ဂဏန်းနံပါတ်တွေကို မသိရင် ဘယ်လိုမှ ဖွင့်လို့မရပါဘူး"

"ဒီလျှို့ဝှက်နံပါတ်တွေကို ဘယ်သူသိသလဲ"

"သူဌေးတစ်ယောက်ပဲ သိမယ်ထင်ပါတယ်၊ ကျွန်မတို့လည်း မသိပါဘူး၊ အခုတော့ သေတ္တာကို ဖွင့်ထားပြီးပါပြီ၊ အထဲမှာကျန်တဲ့ ပစ္စည်းတွေကိုတော့ သူဌေး ပြန်ယူထားလို့ မရှိတော့ပါဘူး"

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ကျင်မေရီ တစ်ယောက် အမှန်အတိုင်း ပြောနေသည်ဟုသာ ထင်မိလေသည်။

ထို့နောက် အခြားသိချင်သော အကြောင်းအရာတို့ကို စစ်ဆေးမေးမြန်းပြီးနောက် ထိုအခန်းတွင်းသို့ ဝင်ကြည့်လေသည်။

ထိုအခန်းမှာ ဘေးဘက်များတွင် လေဝင်ပေါက်မရှိသဖြင့် အခန်းကြမ်းပြင်များပေါ်မှာ ဖုံအချို့ တက်နေသည်။





သို့သော်လည်း ၎င်းတို့ မရောက်ခင်ကတည်းက လူအဝင်အထွက်ရှိသဖြင့် ခြေရာများ ထင်ကျန်လေသည်။

ဖိနပ်စီးထားသော ခြေရာများနှင့်အတူ ဖိနပ်မရှိသော ခြေရာအချို့လည်း တွေ့ရလေသည်။

ထိုအိမ်ထဲမှာ နေကြသူများမှာ အိမ်တွင်းစီးဖိနပ်များ စီးထားကြသော်လည်း ထိုအထဲတွင် မြေနီမှုန့်များ စွန်းပေနေသည့် ခြေရာအချို့ ရှိနေသည်ကို တွေ့ရသည်။

ထိုအခန်းထဲမှာ လျှပ်စစ်မီးရောင် ရှိသော်လည်း အလင်းရောင်က နည်းသဖြင့် အသဲကွဲလှပေ၏။

ဒေါက်တာမင်းထင်ကျော်က အသင့်ပါလာသော လက်နှိပ်ဓါတ်မီး အသေးစားလေးဖြင့် ထိုးကြည့်ရာ မြေနီမှုန့်များ စွန်းပေနေသည့် ဖိနပ်မပါသော ခြေရာအချို့ကို တွေ့ရသည်။

မနီးမဝေးမှာရှိနေသည့် ကျင်မေရီကလည်း ထိုခြေရာများကို မြင်သဖြင့် အံ့ဩနေဟန် ရှိလေသည်။

သို့သော်လည်း ဒေါက်တာမင်းထင်ကျော်က သူမကို ဘာမှထပ်မမေးတော့ အခန်းတွင်းမှ အခြေအနေကိုသာ လိုက်လံကြည့်ရှုနေသည်။

စုံထောက်ကျော်စွာကလည်း လူဝင်လူထွက် ပြုနိုင်သော နေရာတို့ကို စေ့စေ့စပ်စပ် လိုက်လံကြည့်ရှုနေလေသည်။

ဒေါက်တာမင်းထင်ကျော်က ရှေးခေတ် ပင်လယ်ဓား

www.burmeseclassic.com

www.burmeseclassic.com



ပြဲများ အသုံးပြုသော ရတနာပစ္စည်းထည့်သည့် သေတ္တာကြီး မျိုးနှင့်တူသော ကြေးသေတ္တာကြီးကို အသာဖွင့်ကြည့်လိုက်သည်။

သော့ချက်များ ဖြုတ်ထားသောကြောင့် အလွယ်တကူ နှင့်ပင် ပွင့်သွားလေသည်။

အတွင်းမှာတော့ ဘာမှမရှိတော့ပေ။ သူခိုးယူသွားပြီး နောက် ကျန်ခဲ့သော ပစ္စည်းများကို သူဌေး လင်ချင်းချောင်းတ အားလုံး ပြန်ယူထားလေပြီ ဖြစ်သဖြင့် ခြေရာလက်ရာ ကြည့်ရှု ပင် မလွယ်တော့ပေ။

ဒေါက်တာမင်းထင်ကျော်က အတွင်းပိုင်းသို့ လက်နှိုက် မီးရောင်ဖြင့်ထိုးကာ စေ့စေ့စပ်စပ်ကြည့်ရာ အံဝှက်တစ်ခုအတွင်း မှ ဒေါင့်စွန်းတစ်ခု ထွက်နေသည့် စာရွက်ခေါက်တစ်ခုကို တွေ့ ရသဖြင့် အသာဆွဲထုတ်လိုက်သည်။

စာရွက်ကိုရတော့ ပြန်ကြည့်လိုက်သည်။ ထိုအခါ ရေး ထားသောစာများကို အောက်ပါအတိုင်း တွေ့ရလေသည်။

"ငါလည်းမယူ
လှူလည်းလှူမယ်
ယူသူလည်းဝ
ငါလည်းလှူစေ"
(အဖော်မပါ၊ ကိုးအက္ခရာ၊ ငါးနာမည်ကိုရှာ)
ဟူသော စာများပင် ဖြစ်သည်။

ထိုအချိန်မှာပင် စုံထောက်ကျော်စွာက အနားရောက်





လာပြီး မေးသည်။

"ဘာထူးခြားသလဲ ဆရာ"

"ကြေးသေတ္တာထဲက ဒီစာတစ်စောင် တွေ့ရတယ်"

ဟုပြောပြီး ပေးလိုက်ရာ စုံထောက်ကျော်စွာက ယူပြီး ဖတ်ကြည့်သည်။

"ဘယ်လိုအဓိပ္ပါယ်လည်း ဆရာ"

"ပစ္စည်းယူသွားတဲ့သူက သဲလွန်စပေးသွားတဲ့ စာပဲ ဖြစ်မှာပါ"

"ဇကန္တ . . သူ့ကိုယ်သူ အတော်အထင်ကြီးနေတဲ့ သူခိုး ဖြစ်နိုင်တယ်"

ဒေါက်တာမင်းထင်ကျော်က ဘာမှမပြောပဲ စာရွက်က လေးကိုခေါက်ပြီး အိတ်တွင်းသို့ အသေအချာ ထည့်လိုက်သည်။

ပြီးမှ ကျင်မေရီတို့ကို နှုတ်ဆက်ပြီး အပြင်သို့ ပြန်ထွက် လာကြသည်။

အပြင်ဘက်ရောက်တော့မှ ဒေါက်တာမင်းထင်ကျော် က ပြောလိုက်သည်။

"ဒီအမှုက သာမန်ခိုးမှုမျိုး မဟုတ်ဘူး၊ နောက်ကွယ်မှာ စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာတွေ အများကြီး ရှိနေဖို့ရတယ်၊ တဖြည်းဖြည်းတော့ သိလာရမယ် ထင်ပါတယ်၊ ဒီသိုလုပ်ကြရအောင် ဆားပုလင်း ငွေမိုးတို့ကို စခန်းကို ပြန် ထွက်လိုက်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့. ."

"ဗိုက်ဆာလှပြီလေ၊ တရုတ်တန်းဘက်သွားပြီး တစ်ခုခု စားသောက်ရရင် မကောင်းပေဘူးလား"

"ကောင်းတာပေါ့ ဆရာရယ်. .၊ ဒီလိုအစီအစဉ်မျိုး လောက်ကောင်းတာ ဘာများရှိသေးလဲ"

ထိုသို့ပြောဆိုပြီးနောက် ဆားပုလင်း ငွေမိုးတို့ပါ ကား ဖြင့်တင်ခေါ်လာကာ ဂါတ်တဲရှေ့ရောက်တော့ ချထားခဲ့သည်။

ပြီးမှ ဒေါက်တာမင်းထင်ကျော်နှင့် နှစ်ယောက်တည်း ကားဖြင့် တရုတ်တန်းဘက်သို့ ဆင်းလာခဲ့သည်။

တရုတ်တန်းသည် ရန်ကုန်မြို့တွင် နာမည်ကြီးသော နေရာဖြစ်သည်။

အစားအသောက် ကောင်းကောင်းများ သူ့နေရာနှင့်သူ ရနိုင်သည့် နေရာလည်း ဖြစ်သည်။

ရှေးအခါကတည်းက ပျော်ပွဲစားရုံ ဘိန်းတန်း၊ လောင်း ကစားဝိုင်းများ၊ ပြည့်တန်ဆာအိမ်များ ပေါသလို တရုတ်အစား အစာမျိုးစုံတို့ ရနိုင်သောနေရာလည်း ဖြစ်သည်။

တရုတ်တန်းဟူ၍ ခေါ် ဝေါ် အသိအမှတ်ပြုထားသော နေရာမှာ တရုတ်လူမျိုး အများစုနေထိုင်ရာ လသာလမ်းနှင့် ကုန် ဈေးတန်းလမ်းအကြား ထိုနေရာကို ခေါ် ဝေါ်ကြခြင်းဖြစ်သည်။

ကုန်းဘောင်ခေတ်ကတည်းက တရုတ်လူမျိုးတို့ အခြေ ချနေထိုင်ရာ အရပ်လည်း ဖြစ်သည်။





ဖူကျန်(အကျီရှည်)နှင့် ကွမ်တုံ(အကျီတို)တို့ ဖြစ်ကြ သည်။

ယခုခေတ်မှာတော့ ထိုနေရာကို Down Town ဟုခေါ် ဝေါ်ကြသည်။

တရုတ်တန်းဟု ဆိုသည်နှင့် အစားအသောက် ကောင်း ကောင်းစားသောက်လိုသူတို့ သတိရလေ့ရှိသော နေရာလည်း ဖြစ်သည်။

အစားအသောက်များ ရောင်းချသော ပတ်ဝန်းကျင်မှာ ဆမ်းမတော်မှ လသာလမ်းအထိ ထိုနေရာတစ်ဝိုက်မှာ ရောင်း ချကြသည်။

တရုတ်တန်းမှာ ရောင်းချသော ခေါက်ဆွဲကြော် ခေါက် ဆွဲပြုတ်၊ ဝက်ကောက်ညှင်းထုပ်၊ ကြက်ကောက်ညှင်းထုပ်၊ အ သားပေါင်း၊ ဖော်ကွေ့ကြည်၊ ငါးရံ့ဆန်ပြုတ်၊ ဆီချက်ခေါက်ဆွဲ စသော အစားအသောက်များ ဖြစ်သည်။

အများစု ရောင်းချကြသော်လည်း တစ်ဆိုင်နှင့်တစ်ဆိုင် ချက်လုပ်ရောင်းချပုံချင်း မတူသောကြောင့် အရသာလည်း မတူ ပေ။

ဘုံဆိုင်များတွင် ဘဲကင်၊ ကြက်ကင်၊ ဘဲပေါင်း၊ ဝက်သား ပေါင်းများ တွဲဖက်ရောင်းချသည်လည်း ရှိ၏။

ဒေါက်တာမင်းထင်ကျော်တို့သည် လသာလမ်းထောင့် မှာ ရောင်းချနေသော ဆီချက်ဆိုင်ရှေ့မှာ ကားရပ်ပြီး လှရှင်း



www.burmeseclassic.com

www.burmeseclassic.com



သော စားပွဲ၌ထိုင်ကာ အစားအသောက်တို့ကို မှာလိုက်သည်။

အေးအေးဆေးဆေး ထိုင်ပြီးတော့မှ စုံထောက်ကျော်စွာက သူသိချင်သော အချက်များကို မေးမြန်းလေသည်။

"ကြေးသေတ္တာထဲက စာရွက်အကြောင်းကို ကျွန်တော့်ကိုလည်း ပြောပြပေးပါဦးဆရာ"

ဒေါက်တာမင်းထင်ကျော်က စီးကရက်ကို ဖွာနေရင်းမှ ရှင်းပြလေသည်။

"ကျွန်တော် အထင်ပြောရရင် ဒီစာရွက်က ပစ္စည်းတွေ ယူသွားတဲ့သူက တမင်ထားခဲ့တာ ဖြစ်ပုံရတယ်"

"ဘာကြောင့် ထားခဲ့တာလဲ"

"သူ့ကို ဘယ်လိုဖမ်းလို့မှ မမိနိုင်ဘူးထင်လို့ သဲလွန်စ ပေးထားခဲ့တာ ဖြစ်မှာပေါ့၊ သူရေးတဲ့စာရဲ့အဓိပ္ပါယ်ကိုကြည့်ရင် သူယူတဲ့ပစ္စည်းတွေကို ယူမသုံးပဲ လှူပစ်နေပုံရပါတယ်"

"ဒါလည်း အတော်ထူးဆန်းတာပဲ၊ အင်းဝခေတ်ကပေါ် ခဲ့တဲ့ သူခိုးကြီး ငတက်ပြားလို လူမျိုးများ ထပ်ပေါ်နေပြန်တာလား မသိဘူး"

"သာမန်လူတော့ ဟုတ်မယ်မထင်ဘူး၊ သူရေးတဲ့ အ ပေါ်စာတန်းလေးကိုကြည့်ရင် အဖော်မပါ ကိုးအက္ခရာ စာလုံးတွေနဲ့ချည်း ရေးထားတာကို သတိပြုမိတယ်"

"ရှင်းပြပါဦးဆရာ"

"သဝေမပါ ကိုးဂါထာဆိုတာ 'ဗုဒ္ဓံသရဏံ ဂစ္ဆာမိ ဓမ္မံ





သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ. . ဆိုတဲ့ သရဏဂုံသုံးပါးပဲ"

"ဟုတ်ကဲ့"

"အဖော်မပါ ကိုးအက္ခရာဆိုတာက ဗျည်း(၃၃)လုံးမှာ အဖော်ပါတဲ့ အက္ခရာက (၂၄)လုံးပါပြီး အဖော်မပါတဲ့ အက္ခရာ (၉)လုံးပါတယ်"

"အဖော်ပါတယ်ဆိုတာ ဘယ်လိုမျိုးလဲ ဆရာ"

စုံထောက်ကျော်စွာ ထပ်မေးသည်။

"အဖော်ပါတယ်ဆိုတာ ကကြီး၊ ခကွေး၊ ဂငယ်. . စတဲ့ အက္ခရာတွေဟာ တစ်လုံးတည်း အသံထွက်လို့ အဓိပ္ပါယ်မပြည့် ဘူး ကကြီးဆိုရင် နောက်ကကြီးဆိုတဲ့ တလုံးနဲ့ တွဲပေးမှ အဓိပ္ပါယ်ပြည့်စုံတယ်၊ အခြားစာလုံးတွေလည်း နောက်က စာလုံး တစ်လုံးစီ တွဲခေါ်ကြရတယ်၊ ဒါကို အဖော်ပါတဲ့ အက္ခရာလို့ ခေါ်ပါတယ်"

"သဘောပေါက်ပြီ ဆရာ"

ပြောပြောဆိုဆိုနှင့် စုံထောက်ကျော်စွာက အိတ်ထဲမှ မှတ်စုစာအုပ်နှင့် ဖောင်တိန်ကိုထုတ်ပြီး ပါးစပ်မှရွတ်လိုက်၊ လက်က လိုက်နှင့် ပြုလုပ်နေရာ အတန်ကြာတော့ စာရွက်ပေါ်မှာ အောက်ပါ အက္ခရာကိုးလုံး ရေးပြီးသွားသည်။

ထိုအက္ခရာ ကိုးလုံးမှာ. . .

"င. ည. မ. ယ. လ. ဝ. သ. ဟ. အ"

ဟူသော စာလုံးကိုးလုံးပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် စားပွဲထိုးက မှာကြားထားသော အစား
အသောက်များကို လာရောက်ချပေးသဖြင့် စကားရပ်ကာ စား
သောက်ကြလေသည်။

စားသောက်ပြီး လက်ဘက်ရည်သောက်ရင်း စီးကရက်
ဖွာရင်းနှင့်မှ စကားပြန်ဆက်ကြသည်။

"သူရေးထားတဲ့ ငါလည်းမဆူ၊ လူလည်းလူမှုမယ်၊ ယူ
လည်းဝ၊ ငါလည်းလှစေ . ဆိုတဲ့ စာလုံးတွေကို တစ်လုံးချင်း
ကောက်ရင် 'င. လ. မ. ယ. လ. လ. လ. မ. ယ. သ. လ.
ဝ. င. လ. လ' ဆိုတဲ့ စာလုံးတွေနဲ့ချည်း ရေးထားတာကို တွေ့
လိမ့်မယ်၊ ဒါကြောင့် ပစ္စည်းတွေ ယူသွားတဲ့လူဟာ သာမ
မဟုတ်ဘူးလို့ ခန့်မှန်းလို့ ရနိုင်တာပေါ့"

ဟု ဒေါက်တာမင်းထင်ကျော် က ရှင်းပြလေသည်။

"ချင်းချောင်းနန်းတော်ကို ရောက်တုန်းက ကျွန်တော်
သေသေချာချာ လေ့လာကြည့်ခဲ့တယ် . ။ အပြင်ကနေ ခြံ
ရောက်ဖို့ မလွယ်သလို ခြံထဲရောက်ရင်တောင် အိမ်ထဲရောက်
မလွယ်လောက်ဘူး"

ဒေါက်တာမင်းထင်ကျော်က လက်ခံသည့် သဘော
ခေါင်းညိတ်ပြလိုက်သည်။

"နောက်ပြီး အိမ်ထဲရောက်အောင် ဝင်လာသည့်တိုင်
ရတနာပစ္စည်းတွေထားတဲ့ အခန်းထဲဝင်ဖို့က မလွယ်ပြန်ဘူး"

"ကိုကျော်စွာပြောချင်တာက အဲဒီအခန်းထဲဝင်လို့





ည့်တိုင်အောင် လို့ဝှက်သင်္ကေတ ဂဏန်းနံပါတ်တွေနဲ့ ဖွင့်ရ
ကြေးသေတ္တာကို ဖွင့်ရဖို့ မလွယ်ဘူးလို့ ပြောချင်တာ မဟုတ်
လား"

"အမှန်ပါပဲ ဆရာရယ်"

"ကြေးသေတ္တာထဲမှာတောင် သဲလွန်စအဖြစ် စာတစ်
ောင်ထားခဲ့ဝံ့မှတော့ ဉာဏ်ကြီးရှင် သူခိုးတစ်ယောက် ဖြစ်ချင်
ဒါမှမဟုတ်ရင်တော့ အိမ်တွင်းမှာရှိနေတဲ့ တစ်ယောက်
ောက်ပဲ ဖြစ်ဖို့များမှာပေါ့"

"ကျွန်တော်လည်း ဒီလိုပဲ ထင်မိတယ်၊ အပြင်ကလူ
် အတွင်းမှာရှိတဲ့ လူတစ်ယောက်ယောက်ရဲ့ လက်ချက်ဖြစ်
ားတယ်၊ ကြေးသေတ္တာထဲမှာ စာတစ်စောင်ထားသွားတယ်
ာကလည်း အမှုလိုက်တဲ့လူတွေ အာရုံများအောင် လမ်း
ောင်းပြောင်းခဲ့တာလည်း ဖြစ်ဖို့များပါတယ်"

စုံထောက်ကျော်စွာက သူ့အယူအဆကို ပြောပြလေ
ည်။

"ထူးဆန်းတဲ့အဖြစ်အပျက်တွေ တိုက်ဆိုင်မှုတွေ အဖြစ်
ျက်တွေကတော့ နေရာတကာမှာ ရှိနေကြတာပါပဲ၊ ဒါပေ
နောက်ဆုံးတော့ အဖြေမှန် ပေါ်ပေါက်လာရစမြဲပါပဲ"

ဒေါက်တာမင်းထင်ကျော်က အေးအေးဆေးဆေးနှင့်
ပြောပြရင်း သူ့စိတ်ထဲတွင် ဖတ်မိထားသော နိုင်ငံခြားသတင်း
ယ်ကို ပြန်လည်သတိရနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် ပြည်ထောင်စု၌ ဖြစ်ပွားခဲ့သော အဖြစ်အ
ပျက်တစ်ခုဖြစ်သည်။ အမေရိကန်နိုင်ငံသားတစ်ယောက်သည်
ကလေးကျောင်းပို့ရန် ကားဖြင့်သွားလေသည်။

ကျောင်းပို့ပြီး၍ အိမ်ပြန်ရောက်လာတော့ သားငယ်
တစ်ယောက် ကားတိုက်ခံရသဖြင့် ဆေးရုံရောက်နေကြောင်း
သိရသဖြင့် ဆေးရုံသို့ လိုက်သွားသည်။

သားငယ်မှာ ဒဏ်ရာပြင်းသောကြောင့် စိုးရိမ်ရသော
အနေအထားမျိုး ရောက်နေသည်။

သို့ကြောင့် သူ့သားကို တိုက်သွားသောကားနှင့် တရား
ခံကို လိုက်လံစုံစမ်းလေတော့သည်။

နောက်ဆုံးတွင် တရားခံကို ရှာဖွေတွေ့လေသည်။

အခြားမဟုတ်ပေ။

သူလိုက်ရှာနေသော တရားခံမှာ သူကိုယ်တိုင်ပင် ဖြ
နေပေတော့သည်။

ဖြစ်ပုံမှာ ကျောင်းချိန်နီးနေပြီ ဖြစ်သဖြင့် စိတ်လော
ကာ ကားကို နောက်ပြန်ဆုတ်ထွက်စဉ်မှာ ကားနောက်ဘက်
ရပ်နေသည့် သားငယ်ကို ဝင်တိုက်မိသွားခြင်းပင် ဖြစ်လေ
သည်။

သူက မသိသဖြင့် ကားကို မောင်းထွက်သွားလေသည်
ထိုလူမှာ ယူကြုံးမရ ဖြစ်ရုံကလွဲပြီး ဘာမှမတတ်
တော့ပေ။ ပုလိပ်များကလည်း သူ့ကိုအမှုမဖွင့်ခဲ့ကြပေ။





"လောကမှာ ဆန်းကြယ်တဲ့အကြောင်းတွေ အများကြီး
ကြုံပါတယ်၊ နောက်တော့လည်း အဖြေပေါ်ခဲ့ကြသည်သာ ဖြစ်
တယ်၊ မည်းမှောင်နေတဲ့ တိမ်တိုက်တွေမှာ အလင်းရောင်
နေသတ်ရှိသလို ရှုတ်ထွေးနေတဲ့ ချည်ခင်ကြီးမှာလည်း အစရှိ
သလို အဆုံးလည်း ရှိပါတယ်၊ ဒီတော့ သိပ်လည်း စိတ်ပူမနေ
နဲ့ ကိုကျော်စွာရယ်၊ ဘယ်လောက်ရှုပ်ထွေးတဲ့ အမှုမျိုးဖြစ်ဖြစ်
ပ်နေ့ကျရင် အဖြေတစ်ခုတော့ ပေါ်လာကြတာချည်းပါပဲ၊ ကဲ
ားကြစို့"

ထို့နောက် စားသောက်သမျှ ကျသင့်ငွေများကို ရှင်း
င်းပေးခဲ့ပြီး ဆိုင်အတွင်းမှ ပြန်ထွက်လာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၇)

# နီမောင်နှင့် မြနှင်းဖြူ

ထိုခရီးလမ်းသည် နီမောင်အတွက်တော့ အတော်ပင်
ရောက်အပေါက်နည်းသော ခရီးလမ်းမျိုး ဖြစ်သည်။

ယခင်က ပဲခူးဘက်သို့သွားလျှင် အခြားအစီအစဉ်များ
ငြိသော သွားလေ့ရှိသော်လည်း မီးရထားဖြင့် ခရီးသွားခြင်းမျိုး
တော့ မရှိလှပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ မီးရထားဖြင့် ခရီးသွားလာခြင်းမျိုးကိုလည်း သူ့အနေဖြင့် ကျွမ်းကျင်လှသည်တော့ မဟုတ်ပေ။

ယခု သူသွားမည့်ခရီးစဉ်မှာ ပဲခူးဘက်မဟုတ်ပေ။

သာယာဝတီဘက်မှာ နေထိုင်သော သူနှင့်ရင်းနှီးခ[င်]မင်သော မိတ်ဆွေတစ်ဦးထံသွားရန် မီးရထားဖြင့် ခရီးထွ[က်]လာခြင်း ဖြစ်သည်။

ရထားက ကွမ်းခြံဘူတာ(ယခု မီးရထား ဘူတာကြီး)[မှ] နေ့လည်ဘက် အချိန်ရောက်မှ ထွက်လာခဲ့ခြင်း ဖြစ်သည်။

ရထားထွက်လာစဉ်ကပင် ရထား၏ လှုပ်ခါမှုကြော[င့်] ခေါင်းမူးလာသောကြောင့် ပါလာသော လွယ်အိတ်ကလေး[ကို] ရင်ခွင်ထဲသို့ထည့်ကာ မှိန်းပြီးလိုက်လာသော နီမောင်မှာ လမ်[း] မည်သည့်ဘူတာရောက်ပြီး မည်သည့်ဘူတာကို ကျော်လွန်လာ[ခဲ့]ခဲ့သည်ကိုပင် မသိတော့ပေ။

သူနှင့် နံဘေးမှာ နေရာရသော ခရီးသည် အဘိုးကြီး[]ကိုသာ သာယာဝတီဘူတာရောက်ကာနီးလျှင် အသိပေးရန် မှာကြားထားရလေသည်။

"လိုပါသေးတယ်၊ နေဝင်ချိန်လောက်မှ ရောက်မှာ[]တော့ ကောင်းကောင်းအိပ်လို့ ရပါသေးတယ်၊ နီးတော့ ငါပြော[]ပါ့မယ်"

ဟု ပြောသဖြင့် စိတ်ချလက်ချပင် အိပ်လေသည်။

ထိုသို့အိပ်နေရင်းမှပင် သူ သွားရောက် အကူအည[ီ]





[တ]တောင်းမည့် မြကျော်ဆိုသော မိတ်ဆွေအကြောင်းကို တွေးနေမိသည်။

မြကျော်က သူနှင့် တစ်ရွာတည်းနေ တစ်ရေတည်း သောက်သော ငယ်ပေါင်းကြီးဖော် တစ်ယောက်တော့ မဟုတ်ပေ။ နယ်ဘက်တွင် လာရောက်အလုပ်လုပ်ရာ အသိအကျွမ်း ရှိသဖြင့် နီမောင်က အကူအညီ ပေးခဲ့ရလေသည်။

မြကျော်က ဇာတိနေရပ်ဒေသသို့ ပြန်ကာနီးတော့ မှာသွားသည်။

"နီမောင် မင်းကျေးဇူးတွေ ငါ့အပေါ် မှာ အများကြီးရှိခဲ့တယ်၊ အခု ငါ ပြန်တော့မယ်၊ ငါတို့က သာယာဝတီနဲ့ မဝေးတဲ့ [ရွ]ာင်ညိုပင်ရွာမှာနေတယ်၊ တကယ်လို့ မင်းအဆင်မပြေလို့ [တ]စ်ခုခုဖြစ် အဲဒီဘက်ရောက်ရင်ပဲဖြစ်ဖြစ်၊ ငါ့ဆီကို ဝင်ဖြစ်အောင် [ဝ]င်ခဲ့ပါကွာ"

ဟု မှာသွားလေသည်။

ထို့နောက် မြကျော်လည်း နေရပ်သို့ ပြန်သွားလေသည်။ နောက်ပိုင်း နီမောင်တို့ မိသားစုလည်း မြစ်ဝကျွန်းပေါ်[ဘ]က်မှာ လုပ်ကိုင်စားသောက်ရတာ အဆင်မပြေလှသော ကြောင့် ရန်ကုန်သို့ ရောက်လာကြသည်။

ရန်ကုန်ရောက်တော့ ရွှေတိဂုံဘုရားနှင့်နီးသော ဗဟန်း[ဘ]က်တွင် နေထိုင်ကြသည်။ သို့သော် အလုပ်အကိုင်ကတော့ အဆင်မပြေလှပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ နီမောင်က မိခင်နှင့် ဖခင်ကို ပြောသည်။

"ဒီရောက်တော့လည်း အလုပ်လုပ်ရတာ သိပ်အဆင်မ[...] ပြေလှဘူး၊ ကျွန်တော် မြကျော်ဆီ ခဏသွားချင်တယ်အမေ"

"ဘာသွားလုပ်မှာလဲ"

"သူနဲ့တွေ့တဲ့အခါ ဟိုမှာ အလုပ်အကိုင်များ အဆင်[...] ပြေမလားလို့ သွားပြီးစုံစမ်းကြည့်ချင်လို့ပါ"

"မြကျော်က ဘယ်မှာနေသတဲ့လဲ"

"သာယာဝတီဘက်က ရွာတစ်ရွာမှာ နေတယ်လို့ ပြော[...] သွားတယ်၊ သူနေတဲ့လိပ်စာနဲ့ လာပုံလာနည်းလည်း ပြော[...] သွားတယ်၊ မီးရထားနဲ့သွားရင် သူတို့ဆီရောက်တယ်လို့ ပြော[...] တယ်"

"သွားတာကတော့ ဟုတ်ပါပြီ၊ မင်းက မီးရထားတွေ[...] ဘာတွေ စီးဖူးလို့လား၊ ဘယ်နေရာဆင်းပြီး ဘယ်နေရာ တက်[...] မှာရော သိလို့လား"

ဖခင်ဖြစ်သူ ဦးဘရှိန်က သူ့ဘဝတစ်လျှောက်လုံး တော[...] မှာသာ နေထိုင်ခဲ့သူဖြစ်သဖြင့် မြို့အကြောင်း သိပ်မသိသော[...] ကြောင့် စိတ်ပူစွာ မေးလိုက်ခြင်း ဖြစ်သည်။

"စိတ်မပူပါနဲ့အဖေ၊ ဒီလိုပဲ မေးမြန်းပြီးသွားရင် ရောက်[...] နိုင်ပါတယ်၊ ခရီးဆိုတာကလည်း သွားလာဖူးမှ သိရတာဆိုတော့ ကျွန်တော် ဖြစ်အောင်သွားပါ့မယ်"

ဟု ပြောဆိုပြီး ထွက်လာခဲ့ခြင်း ဖြစ်သည်။





ရထားပေါ်ရောက်တော့ ရထားမစီးဖူးသောကြောင့် ခေါင်းမူးပြီး အိပ်ပျော်လာခြင်း ဖြစ်သည်။

သူနိုးလာတော့ မှောင်စပျိုးနေချေပြီ။

ရထားလည်း ခုတ်မောင်းနေခြင်း မရှိတော့၊ ငြိမ်သက်စွာဖြင့် ရပ်တံ့ထားလေသည်။

နီမောင်က မျက်စိဖွင့်ကာ ပြူတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သည်။ အမှောင်ရိပ်များ ဖုံးလွှမ်းစပြုနေသည့် တော်ဝန်းကျင်မှာ သစ်တောများကိုသာ မြင်နေရသည်။

ထို့ကြောင့် နံဘေးမှာ ငြိမ်သက်စွာထိုင်နေသော ခရီးသည် အဘိုးကြီးအား မေးလိုက်သည်။

"ကျွန်တော်တို့ ဘယ်နေရာရောက်နေပြီလဲ အဘ. . ၊ ရထားက ဘာဖြစ်လို့ ရပ်ထားတာလဲ"

"မင်းသွားမယ့် သာယာဝတီကို မရောက်သေးဘူး၊ တိုက်ကြီးနဲ့ ဖလုံကြားမှာပဲ ရှိသေးတယ်၊ ရထားရပ်ထားတာက ရှေ့မှာ ရထားသံလမ်းတွေ ဖျက်ဆီးထားလို့ သွားမရတော့ပဲ ရပ်ထားတာ"

ဟု ပြောပြသည်။

"ဘယ်သူတွေက ဖျက်ထားတာလဲဟင်"

"ဒီနေရာတွေမှာ တောပုန်းသူပုန်တွေ ရှိတယ်၊ သူတို့ ဖျက်ထားတာ ဖြစ်မှာပေါ့၊ သူတို့တွေက ရထားတွေ မသွားနိုင်အောင်လုပ်ပြီး ပါတဲ့ပစ္စည်းတွေ လုယက်ကြတယ်၊ စိတ်မထင်ရင်



www.burmeseclassic.com

www.burmeseclassic.com



မထင်သလို သတ်ကြသေးတယ်"

ထိုသို့ ပြောနေစဉ်မှာ သေနတ်သံများ ကြားလာရသည်။ သေနတ်သံများ ကြားသည်နှင့် ရထားပေါ် မှာပါလာသော ခရီးသည်တို့မှာ ကိုယ်ပါလာသော ပစ္စည်းထုပ်များကိုဆွဲပြီး ရထားပေါ် မှ ဆင်းပြေးကြလေတော့သည်။

စောစောက ငြိမ်သက်နေသော ရထားတွဲများပေါ် တွင် ပြေးလွှားသံ၊ အော်သံ၊ ဟစ်သံ၊ အပေါက်ဝမှ တိုးဝှေ့ဆင်းသံများ ဆူညံစွာ ကြားလာရသည်။

သေနတ်သံများကလည်း တဖြည်းဖြည်းနှင့် နီးကပ်လာချေပြီ။ ထိုအခါ အဘိုးကြီးက သူ့အထုပ်ကိုဆွဲပြီး နေရာမှထ ရပ်ရင်း ပြောသည်။

"မင်းလည်း ဘေးလွတ်ရာ ထွက်ပြေးတော့လေ၊ ဒီမှာ နေရင် သတ်သွားလိမ့်မယ်"

ဟု ပြောပြောဆိုဆိုနှင့် အပေါက်မှ ဆင်းပြေးသွားလေ တော့သည်။

နီမောင်ကလည်း ဘာလုပ်ရမှန်းမသိသဖြင့် အထုပ်ကို ဆွဲပြီး နေရာမှထသည်။ သူ့မှာပါလာသော အထုပ်က အဝတ်အစားနှင့် ငွေအနည်းငယ် ထည့်ထားသည့် လွယ်အိတ်ဟောင်း တစ်လုံးသာ ဖြစ်သည်။

ထိုအချိန်တွင် အော်ဟစ်သံနှင့် သေနတ်သံများက ရ ထားဦးပိုင်းသို့ ရောက်လာလေသည်။



သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ပြူ တင်းပေါက်မှကျော်ကာ အောက်သို့ စုန်ဆင်းလိုက်သည်။

ရှေ့ပိုင်းမှာတော့ ထွက်ပြေးကြသူများကို သောင်းကျန်း သူများက သေနတ်များဖြင့် လိုက်လံပစ်ခတ်နေသည်ကို ဗိုးတဝါး လှမ်းမြင်နေရသည်။

ထိုအခြေအနေကြောင့် နီးစပ်ရာ သစ်တောများအတွင်း သို့ ပြေးဝင်ရလေသည်။

တောထဲရောက်တော့ သူနှင့်ဘဝတူ ပြေးလွှားနေသော ခရီးသည်အချို့ကို တွေ့ရသည်။

ထို့အတူ . . နောက်မှပြေးလိုက်လာသော ခြေသံများ တောတိုးလာသံများနှင့် သေနတ်သံများကိုလည်း နီးကပ်စွာ ကြားနေရလေသည်။

နီမောင်က လူအများနှင့် ရောမပြေးတော့ပဲ အခြား တစ်ဖက်သို့ လမ်းခွဲကာ ပြေးလေသည်။ ထိုသို့ပြေးရင်းမှ သူနှင့် အတူ ပြေးလိုက်လာသော အမျိုးသမီးတစ်ယောက်မှာ ခြေ ခေါက်ကာ လဲကျကာ ချိုင့်အတွင်းသို့ လိမ့်ဆင်းသွားသည်ကို လှမ်းမြင်လိုက်ရသည်။

"အောင်မယ်လေး ကယ်ပါဦးရှင်"

ဟူသောအသံလည်း ကြားလိုက်ရသည်။ သို့သော် . . သည်း နီမောင်က အရှိန်ဖြင့် ရှေ့ဆက်ပြေးသည်။

"ကျွန်မကို ကယ်ပါဦးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် အော်သံကြားတော့ ခြေလှမ်းတုံ့သွားသည်။

"ငါလည်း ဒုက္ခသည်၊ သူလည်း ဒုက္ခသည်၊ ဒီအတိုင်းထားခဲ့လို့တော့ မသင့်ဘူးထင်တယ်"

ထိုသို့တွေးတောပြီး အသံကြားသောနေရာသို့ ပြန်သွားလေသည်။ ပတ်ဝန်းကျင်မှာတော့ မြေးလွှားသံ၊ အော်ဟစ်သံ၊ သေနတ်သံများဖြင့် ဆူညံနေသည်။

အသံများကလည်း သူရှိသောနေရာဘက်နှင့် မဝေးလှတော့ပေ။ အချိန်မှာ ညဦးပိုင်း ဖြစ်နေသည်ကတစ်ကြောင်း သစ်ပင်သစ်တောများ ထူထပ်စွာရှိနေသော နေရာတစ်ဝိုက်ဖြစ်နေသည်ကတစ်ကြောင်းကြောင့် ခရီးသည်များအတွက် တ ကောင်းနေသည်ဟုပင် ဆိုရပေတော့မည်။

နီမောင်က အသံကြားနေရသော ချိုင့်ထဲသို့ ဆင်းသွားတော့ ချုံများရှိသောနေရာတွင် ခွေခွေလေး လဲကျနေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။

"ဘယ်လိုဖြစ်သွားသလဲ"

"ခြေထောက်ခေါက်လဲသွားလို့ မထနိုင်တော့ဘူး"

"ဒုက္ခမပါပဲ"

"ကျွန်မကို မထားခဲ့ပါနဲ့ရှင်၊ ကြောက်လွန်းလို့ပါ"

"ခင်ဗျားကို မထားခဲ့ပါဘူး၊ ဒါပေမယ့် နောက်ကလိုက်လာတဲ့ လူဆိုးတွေကလည်း နီးလာပြီဆိုတော့ ဒီချုံထဲမှာပဲ ဝင်ပုန်း





နေရတော့မှာပဲ"

ဟု ပြောဆိုကာ အမျိုးသမီးကို ချုံကွယ်များနောက်သို့ ပြေးပြီးမှ သူပါဝင်နေလိုက်သည်။

ချုံများမှာ နေရာအနှံ့ ရှိနေသောကြောင့် အပေါ်မှ ကြည့်လျှင်တော့ ရုတ်တရက် မြင်ရမည် မဟုတ်ပေ။

ခဏကြာတော့ ပြေးလွှားသံများ ကြားရသည်။ အချို့က တော်နှိပ်မီးရောင်များဖြင့် ချိုင့်ထဲသို့ ထိုးကြည့်ပြီးမှ ရှေ့သို့ဆက်လျှောက်သွားကြလေသည်။

အတန်ကြာတော့ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

"ခင်ဗျား ခြေထောက် သက်သာရဲ့လား"

"သိပ်တော့ ဆိုးဆိုးဝါးဝါးကြီး ဖြစ်တာတော့ ဟုတ်မယ် မထင်ဘူး"

"ဘယ်သွားမှာလဲ. . ၊ အဖော်တွေနဲ့ ဘယ်လိုပြန်ဆက်သွယ်မလဲ"

"ကျွန်မတို့ နေတဲ့နေရာက မဝေးတော့ဘူး၊ ဖလုံဘူတာ ဆက်ရင် ဆင်းကြရမှာ"

"အဲဒီမှာနေတာလား"

"မဟုတ်ပါဘူး၊ အဲဒီဘူတာကမှတဆင့် ရွာကို ဆက်သွားရသေးတယ်၊ ကျွန်မတို့ရွာက ဒီနေရာက သွားရင်လည်း မဝေးပါဘူး၊ ဂျိုးဖြူကန်ကြီးနားမှာရှိတယ်"

"အော်. ."



www.burmeseclassic.com

www.burmeseclassic.com



“ဒါထက် ရှင်ရော ဘယ်သွားမလို့လဲ”

“သာယာဝတီဘက်က အသိတစ်ယောက်ဆီကို သွားမ လို့ပါ။ ဒါပေမယ့် . . .”

“ရထားလမ်းတွေ ဖျက်ထားတော့ ရထားက တော် တော်နဲ့ ခရီးဆက်နိုင်မှာ မဟုတ်ဘူး၊ တစ်ခါတစ်လေ တစ်ပတ် နှစ်ပတ်လောက် ကြာချင်ကြာတတ်တော့ . . .”

“ဒုက္ခပါပဲဗျာ၊ တစ်ခါမှမသွားဖူး၊ မရောက်ဖူးတဲ့ခရီးကို လာတော့မှပဲ၊ လမ်းမှာ အန္တရာယ်တွေနဲ့ ကြုံရတော့တယ်”

ထိုစကားကြားတော့ . . . အမျိုးသမီးက အတော်ကြာ အောင် စဉ်းစားနေပြီးမှ ပြောသည်။

“ဒီနေရာတွေမှာ သောင်တင်နေရင် သွားရေးလာရေး ခက်သလို စားရေးသောက်ရေးလည်း ခက်တယ်၊ ပိုက်ဆံရှိရင် တောင် ဝယ်စားဖို့ နေရာမရှိဘူး”

“ဘယ်တတ်နိုင်ပါ့မလဲဗျာ၊ ဖြစ်သမျှအကြောင်း အ ကောင်းလို့ပဲ သဘောထားရတော့မှာပေါ့၊ ကျွန်တော် သွားတော့ မယ်”

“နေပါဦး၊ ရှင် ဒီအချိန်မျိုးမှာ တောထဲမှာ လျှောက်သွား နေရင် လူဆိုးတွေနဲ့တွေ့ပြီး အသတ်ခံရမှာပေါ့၊ မနက်လင်း တဲ့အထိ ဒီမှာနေပြီး နောက်မှသွားရင် ကောင်းမယ်”

“ကျွန်တော့်မှာ သွားစရာမရှိပါဘူး၊ ရထားတွဲတွေဆီ ပြန်သွားပြီး နေရမှာပဲ”





“ရှင် သွားစရာမရှိရင် မနက်လင်းတော့ ကျွန်မတို့ ရွာကို က်ခဲ့လေ၊ ဟိုမှာပဲနေပြီး ရထားလမ်းတွေ ပြန်ပွင့်သွားမှ ရှင် ားချင်တဲ့နေရာသွားတာ ပိုကောင်းမယ်ထင်တယ်”

ဟု အကြံပေးလေသည်။

နီမောင့်အတွက်လည်း တခြားရွေးချယ်စရာ မရှိတော့ ဖြင့် ငြိမ်နေလိုက်ရလေသည်။

နှစ်ယောက်သား ခြုံများနောက်မှာထိုင်ရင်း နားစွင့် တော့ သေနတ်သံများနှင့် ဆူဆူညံညံအသံများ တဖြည်း ည်းဝေးသွားပြီး မကြားရတော့သလောက် ဖြစ်သွားပေပြီ။

နီမောင်မှာ ညအချိန်မတော်ကြီး တောထဲတွင် အမျိုး ီးတစ်ဦးနှင့် နှစ်ယောက်တည်း နေရသည်ကို စိတ်ထဲမှ မလုံ ဲ ဖြစ်နေမိသော်လည်း မတတ်နိုင်တော့ပေ။

သူမသိသော အရပ်ဒေသဖြစ်သောကြောင့် ဘယ်သွား း မသိသောကြောင့်လည်း ငြိမ်နေရခြင်း ဖြစ်သည်။

အတန်ကြာတော့ အမျိုးသမီးက သူ့ထံမှာပါလာသော အိတ်ထဲမှ ရေဘူးနှင့် အစားအသောက်များ ထည့်ထားသော ်ကို ထုတ်ယူလိုက်သည်။

အထုပ်ထဲမှာတော့ ကောက်ညှင်းဖြင့် ပြုလုပ်ထားသော မုန့်အချို့ ပါလေသည်။

သူမက တစ်ဖက်ခွဲပေးသဖြင့် အားနာစွာနှင့်ပင် လှမ်း း စားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါထက် ခင်ဗျားနာမည်က ဘယ်လိုခေါ်သလဲ"

"ကျွန်မနာမည်က မြနှင်းဖြူလို့ ခေါ်ပါတယ်၊ ကျွန်မတို့က ရွှေကိုးဖြူရွာမှာ နေကြပါတယ်"

"ရွှေကိုးဖြူရွာ ဟုတ်လား"

"ဟုတ်ပါတယ် ကိုးဖြူရေကန်ကြီးနဲ့နီးလို့ ရွှေကိုးဖြူရွာလို့ ပေးထားတာပါ၊ ဘာဖြစ်လို့လဲ"

"အော် . . ဘာမှမဖြစ်ပါဘူး၊ ကြားဖူးတဲ့ 'ရွှေကိုးဖြူ မှုဆိုးမ ခဲ'ဆိုတဲ့ သိုက်သမိုင်းဇာတ်လမ်းထဲက ရွာနာမည်နဲ့ တူနေလို့ပါ"

ထိုစကားကြားတော့ မြနှင်းဖြူဆိုသော အမျိုးသမီး သဘောကျစွာ ရယ်နေလေသည်။

"ဘာလဲ . . ရှင်က ကျွန်မက သိုက်ကလာတဲ့ လူလို့များ ထင်နေလို့လား"

"ဒီ . . ဒီလိုတော့ မထင်ပါဘူး"

"ဒါထက် ရှင်ကရော ဘယ်မှာနေတာလဲ"

"ကျွန်တော်တို့က မြစ်ဝကျွန်းပေါ်ဘက်မှာ နေကြတာ ခေတ်ကာလ မကောင်းတော့လို့ တဖြည်းဖြည်း ပြောင်းရွှေ့ပြီး ရန်ကုန်ရောက်လာကြတာပါ၊ ရန်ကုန်ရောက်တော့လည်း ပြီး အဆင်မပြေလှပါဘူး"

မြနှင်းဖြူက မုန့်စားနေရင်း နားထောင်နေသည်။

"ကျွန်တော်တို့က တောမှာနေကြတာဆိုတော့ တော





လုပ်တွေပဲ လုပ်တတ်တယ်၊ မြို့မှာ လုပ်ရတဲ့အလုပ်တွေကို သိပ် လုပ်တတ်ဘူး၊ ဒါကြောင့် မိတ်ဆွေတစ်ယောက်ရှိတဲ့ နေရာ ပြီး အခြေအနေစုံစမ်းဖို့ ထွက်လာရင်းနဲ့ အခုလို ဖြစ်ရတာ

"ရှင့်မိတ်ဆွေက ဘယ်မှာနေတာလဲ"

"သာယာဝတီနားက ညောင်ညိုပင်ရွာမှာ နေတယ်လို့ ပြောသွားတယ်၊ သူ့နာမည်က မြကျောင်းလို့ ခေါ်ပါတယ်"

ထိုစကားကြားတော့ မြနှင်းဖြူက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကြားရတာ စိတ်မကောင်းစရာပါပဲ"

"ဟင် . . ဘယ်လိုဖြစ်လို့လဲ"

"ဒီလောက်ဆိုရင် ညောင်ညိုပင်ရွာက ရှိတော့မယ်မ ဘူး ဟိုလပိုင်းလောက် သောင်းကျန်းသူတွေ ရောက်လာပြီး ရွာလုံး မီးရှို့ဖျက်ဆီးသွားကြတယ်လို့ သတင်းကြားရတယ်"

"ဖြစ်ရလေဗျာ"

"ရွာမှာရှိတဲ့ သူတွေလည်း သေသူသေ၊ ပြေးသူပြေးပေါ့ ဘက်က ပြေးလာတဲ့ သူတွေတောင် ကျွန်မတို့ ရွာဘက်တွေ လာကြတာ အများကြီးရှိတယ်၊ အဲဒီမှာ ရှင်နဲ့သိတဲ့လူတွေ ပါချင်ပါမှာပေါ့"

နီမောင် စိတ်ထဲမှာတော့ ရှေ့သို့ခရီးဆက်ရန် မဖြစ်နိုင် ကြောင်း စိတ်ထဲမှ တွေးလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ရထားလမ်းပြန်ဖွင့်လျှင်တော့ ရန်ကုန်ပြန်ပြီး ဖြစ်တဲ့နည်းဖြင့် လုပ်ကိုင်စားသောက်ရန်သာ စိတ်ထဲမှ တွေးထား လိုက်သည်။

ဤသို့ဖြင့် တစ်ညလုံး တောထဲမှာ ပုန်းနေရပြီး နောက် တစ်နေ့ မိုးလင်းတော့မှ အခြေအနေ နားစွင့်ကာ အပြင်သို့ ထွက်ကြည့်ကြသည်။

ဆူဆူညံညံ အသံများတော့ မကြားရတော့ပေ။

နှစ်ယောက်သား ရထားတွဲများရှိရာသို့ ပြန်လာ သည်။

တောထဲမှ ဖြတ်လာစဉ် ဒဏ်ရာရနေသူများ၊ သေန ကျည်ဆံထိပြီး သေဆုံးနေသော အလောင်းများကို တွေ့ရသည်

အချို့လည်း ငိုယိုကာ ကွဲကွာနေသော မိမိတို့ အ များကို လိုက်လံရှာဖွေနေကြလေသည်။

"ခင်ဗျားအဖော်တွေ မတွေ့သေးဘူးလား"

"တောထဲမှာတော့မတွေ့ဘူး၊ ရထားတွဲတွေဘက် ကြည့်ကြရအောင်"

ဟုပြောဆိုကာ ရထားတွဲများဘက်သို့ ပြန်လာကြ ထိုနေရာဘက်မှာလည်း လူအချို့ တွေ့ရသည်။

ရထားတွဲများပေါ်၌သော်လည်းကောင်း တွဲအော သော်လည်းကောင်း၊ သောင်းကျန်းသူများ လက်ချက်ဖြင့် ဆုံးနေသူအချို့ကို တွေ့ရသည်။





မြနှင်းဖြူကတော့ ရထားတွဲပတ်ဝန်းကျင်မှာ ရောက်နေ ကြသူများထဲတွင် ၎င်းအဖော်များအား တွေ့လိုတွေ့ငြား လိုက် ရှာဖွေကြည့်သော်လည်း တစ်ယောက်တစ်လေမှ မတွေ့ရ သ။

နီမောင်ကတော့ ခေါင်းတွဲဘက်သို့ သွားပြီး အခြေအ နေသတင်း စုံစမ်းကြည့်လေသည်။

"ရန်ကုန်ဘက်ကလာတဲ့ခေါင်းတွဲက မနက်ဖြန်လောက် ရောက်မယ်၊ ရထားလမ်းတွေ ပျက်ထားလို့ သာယာဝတီဘက် တော့ သွားလို့မရသေးဘူး"

ဟု ပြောပြသည်။

သေချာတာကတော့ နောက်တစ်ရက်နှစ်ရက်လောက် ထိတော့ ဘယ်နေရာကိုမှ ခရီးမဆက်နိုင်သေးပေ။

စိတ်ပျက်လက်ပျက် ဖြစ်နေစဉ် မြနှင်းဖြူက သူရှိသော နေရာသို့ ရောက်လာလေသည်။

"ခင်ဗျားအဖော်တွေ တွေ့သလား"

"မတွေ့တော့ဘူး၊ ညက ရွာဘက် ပြန်ပြေးသွားကြတယ် တော့ သတင်းကြားရတယ်၊ ဒီမှာရော အခြေအနေ ဘယ်လို ယ်"

"ရန်ကုန်ဘက်ကလာတဲ့ ခေါင်းတွဲက နောက်တစ်နေ့ တ်မယ်လို့ ပြောတယ်"

"ဒီလိုဆိုရင် ရှင် ရွာဘက်ကို လိုက်ခဲ့မယ် မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ စောစောမှ လှည်းကြုံနဲ့ ပြန်ဆင်းလာရင် ရတာ
ပဲ”

နီမောင်က ဘာမှ ပြန်မပြောပဲ စဉ်းစားနေသည်။

“ကျွန်မတစ်ယောက်တည်း ရွာဘက်ပြန်ရမှာ မသင့်
ရှင့်ကိုပါ အဖော်ခေါ်နေတာပါ။ ဟိုရောက်တော့လည်း ရှင့်မိ
ဆွေတွေပါမပါ စုံးစမ်းကြည့်လို့လည်း ရတာပေါ့”

ထိုသို့ပြောတော့မှ သဘောပေါက်သွားပြီး မြနှင်းဖြူ
အတူလိုက်ရန် သဘောတူလိုက်လေသည်။

ထို့နောက် အနိဋ္ဌာရုံများရှိနေသော နေရာမှ ရွာဘ
သို့ ဦးတည်ကာ ထွက်လာကြလေတော့သည်။

နီမောင်အတွက် ဘဝခရီးသစ်တစ်ခု စတင်ခြင်း ဖြ
ကြောင်းကိုတော့ ထိုအချိန်က သူမသိခဲ့ပါချေ။







အခန်း(၈)

# ရွှေချိုးဖြူရွာမှ တိုက်ဆိုင်မှုများ

မြနှင်းဖြူတို့ နေထိုင်သော ရွှေချိုးဖြူရွာမှာ ဂိုးဖြူရေကန်
ကြီးနှင့် မဝေးလှသောနေရာ၌ ရှိလေသည်။

အိမ်ခြေပေါင်း တစ်ရာကျော်ခန့်ရှိပြီး သစ်ပင်၊ ဝါးပင်
ငုံးသင်စားပင်တို့ဖြင့် နေပြောက်မထိုးသာအောင် မှိုင်းညို့နေ
သည့် ရွာကြီးတစ်ရွာဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အခြားနေရာများမှ ရွှေ့ပြောင်းလာသဖြင့် လာရောက် နေထိုင်ကြသူတို့လည်း ရှိကြသည်။

မြနှင်းဖြူတစ်ယောက် ဘေးမသီ ရန်မခပဲ ပြန်ရော လာသောကြောင့် မိဘများက ဝမ်းသာနေကြသည်။ သို့သော် အသက်ချင်း မတိမ်းမယိမ်းသာရှိသော လူရွယ်တစ်ယော အတူပါလာသဖြင့်တော့ အံ့သြနေကြလေသည်။

သို့သော် ထွေထွေထူးထူးတော့ မပြောကြပေ။

ညီမဖြစ်သူ ရင်မေကတော့ မြနှင်းဖြူ အနားသို့ က လေသံတိုးတိုးဖြင့် မေးလေသည်။

"အစ်မ မော်ဘီဘက်သွားရင်းနဲ့ ယောက်ျားခိုးယာ တာလားဟင်"

"ဟယ် . . မဟုတ်ကဟုတ်က ယောက်ျားခိုးတယ်ဆို ကြားဖူးပါဘူး၊ ယောက်ျားက မိန်းမခိုးယူတာပဲ ကြားဖူးပါတယ်

"မသိဘူးလေ အစ်မပြန်လာတော့ ယောက်ျားချော တစ်ယောက် ပါလာတာတွေ့လို့ မေးကြည့်တာပါ"

"မဟုတ်တာတွေ မေးမနေနဲ့၊ ဧည့်သည် ကြားသွား ဦးမယ်"

ဟု ပြောလိုက်မှ ရင်မေလည်း ထိုနေရာမှ ထွက်သွား လေသည်။

ထို့နောက် မြနှင်းဖြူက ရထားမှာ အန္တရာယ် တွေ့ မပြန်နိုင်သည့်အကြောင်းနှင့် နီမောင်နှင့်တွေ့ပြီး အတူ





ပေးခဲ့ပုံများအကြောင်းကို ပြန်ပြောပြလေသည်။

"ညက သေနတ်သံတွေတော့ သဲ့သဲ့ကြားမိတယ်၊ ဖလုံ ဘက်က လူတွေပြန်လာတော့မှ အကျိုးအကြောင်း သိရတယ်၊ ဘေးမသီ ရန်မခပဲ အခုလို ပြန်ရောက်လာတာ ဝမ်းသာရမှာပဲ"

ဟု မြနှင်းဖြူ၏ ဖခင်ဖြစ်သူ ဦးဘညိုက ကွမ်းတမြုံ့မြုံ့ ဝါးရင်းမှ ပြောလေသည်။

"အေးကွယ် မောင်ရင့်ကိုလည်း နှမလေးတစ်ယောက် လို အကူအညီပေးခဲ့တာ ကျေးဇူးတင်ပါတယ်၊ ဒီမှာတော့ ဘာမှ အားနာစရာ မရှိပါဘူး၊ ရထားပြန်ထွက်နိုင်တော့မှပဲ ပြန်ပေါ့"

ဒေါ်ငွေရီကပါ ဝင်ပြောပြန်သဖြင့် နီမောင်မှာ များစွာ ကျေးဇူးတင်မိလေသည်။

မြနှင်းဖြူက အကျိုးအကြောင်း ပြောပြသဖြင့် နီမောင် အကြောင်းကို သိတန်သလောက် သိရပြီဖြစ်သော ဦးဘညို က . . .

"ဒီရွာမှာတော့ တခြားက ပြောင်းရွှေ့ပြီး လာနေကြတဲ့ သူတွေရှိကြတယ်၊ တလောကမှ သာယာဝတီဘက်က ရွာပျက် ပြီး ပြောင်းလာတဲ့ လူတွေတောင် ရှိကြတယ်၊ သူတို့တော့ တခြား နေရာမရှိလို့ တောစပ်နားမှာပဲ နေရာချပေးထားရတယ်"

ဟု ပြောပြလေသည်။

နီမောင်စိတ်ထဲမှာတော့ နောက်တစ်နေ့ ရောက်မှပဲ အေးအေးဆေးဆေး သွားစုံစမ်းကြည့်မည်ဟု စိတ်ကူးထားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

နေ့လည်ဘက်ရောက်တော့. . ရေချိုးစားသောက်ပြီး သောအခါ ညကအိပ်ရေးပျက်သဖြင့် တရေးတမောအိပ်လေ သည်။ ညနေပိုင်းရောက်မှ ပြန်နိုးလာသည်။

ထိုအချိန်ရောက်တော့ မြနှင်းဖြူ ရောက်လာလေသည်။

သူမသည် အဝတ်အစားလဲကာ ဖိုးလိမ်းပြင်ဆင်ထားသ ဖြင့် ချောမောလှပနေသည်။

"ကိုနီမောင် ထမင်းစားရအောင် ပြင်ထားပြီးပြီ"

"အားနာစရာပဲဗျာ"

"ဘာမှအားမနာပါနဲ့ ဒုက္ခရောက်လာလို့ အခိုက်အတန့် အကူအညီပေးရတာပဲ၊ စေတနာထားတတ်ရင် ကုသိုလ်တောင် ရပါသေးတယ်"

ဟု ပြောသဖြင့် ထလိုက်သွားပြီး ညစာစားရပြန်လေ သည်။ ထမင်းပွဲမှာတော့ အခြားသူများ မတွေ့ရဘဲ မြနှင်းဖြူ တစ်ယောက်သာ အတူ ဝင်စားလေသည်။ ညီမဖြစ်သူ ရင်မေ ကတော့ ဘယ်လိုသဘောပေါက်နေသည် မသိပေ၊ မနီးမဝေးမှ ဝေယျာဝစ္စ ပြုလုပ်ပေးရင်း သူ့မျက်နှာမှာ ပြုံးစေ့စေ့ ဖြစ်နေလေ သည်။

နီမောင်ကတော့ ထွေထွေထူးထူး တွေးတောမနေတော့ ပဲ ခေါင်းငုံ့ကာ ဝမ်းပြည့်အောင် စားသောက်ရပေတော့သည်။

ညဦးပိုင်းအချိန်ရောက်တော့. . ထိုအိမ်သို့ လူတစ်





ရောက်လာလေသည်။

ထိုအခါမှပင် မြနှင်းဖြူ၏ဖခင် ဦးဘညိုမှာ ရွာလူကြီး တစ်ယောက်ဖြစ်မှန်း သိရလေသည်။

ရောက်လာသော လူများမှာ ရထားပျက်သဖြင့် ဒုက္ခ ရောက်လာကြသူများပင် ဖြစ်လေသည်။

ထိုလူများထဲတွင် နီမောင်နှင့် ဘေးချင်းကပ် ထိုင်လိုက် လာသည့် အဘိုးကြီးလည်း ပါလာသည်။

သူက အဘိုးကြီးကိုမြင်သည်နှင့် ချက်ချင်း မှတ်မိသော် လည်း ထိုအဘိုးကြီးကတော့ မနီးမဝေးမှာ ရှိနေသည့် နီမောင်ကို မြင်လည်းမမြင်၊ မှတ်မိပုံလည်း မရပေ။ ခေါ်လာသောသူကပင် အကျိုးအကြောင်း ပြောပြသည်။

"သူတို့လည်း ရထားပျက်ပြီး ဒုက္ခရောက်နေကြတဲ့ သူ တွေပါသူကြီး"

"အေးအေး. . နေစရာမရှိတော့လည်း နေစရာ ပေးရ တာပေါ့၊ စားစရာ မရှိတော့လည်း စားစရာ ကျွေးရမှာပေါ့။ သူတို့ ကို သင့်တော်တဲ့နေရာတွေမှာ နေရာသာ ချပေးလိုက်ပါတော့ ကွာ"

ဟုပြောရာ ခေါ်လာသူကပင် ထိုလူတစ်စုကိုခေါ်ကာ အပြင်သို့ ပြန်ထွက်သွားလေတော့သည်။

နီမောင် စိတ်ထဲမှာတော့ တွေးမိတွေးရာ တွေးနေမိ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရထားပျက်တဲ့သူတိုင်း တခြားနေရာတွေ မရောက်ပဲ ဒီရွာတွေကိုပဲ ရောက်လာကြရော့သလား၊ တိုက်ဆိုင်လို့ပဲ ဖြစ်ချင်ဖြစ်မှာပေါ့လေ၊ တခြားလူတွေက တခြားနီးစပ်ရာ တခြားရွာတွေ ရောက်သွားကြတာမျိုးလည်း ရှိချင်ရှိကြမှာပေါ့"

ထိုသို့တွေးတောနေစဉ် မြနှင်းဖြူ ရောက်လာလေသည်။

"ရထားပျက်တာ လူတွေအတော်ဒုက္ခရောက်ကြရတယ်နော်"

နီမောင်ကပြောတော့ မြနှင်းဖြူကပါ ခေါင်းညိတ်ပြလေသည်။

"ဟုတ်တယ် ကျွန်မတို့ရွာတွေကို ရောက်လာကြသူတွေ ရှိကြသလို တခြားနေရာ ရွာတွေကိုလည်း ရောက်သွားကြတာတွေလည်း ရှိကြဦးမယ်"

"သနားစရာပါပဲဗျာ"

"ဒါထက် ကိုနီမောင်ကို ပြောရဦးမယ်"

"ဘာများပါလိမ့်"

"ဟိုး.. ရွာဖျားဘက်မှာ သာယာဝတီနယ်ဘက်က ရွှေ လာတဲ့ လူတွေရှိတယ်၊ အဲဒီမှာ ကိုနီမောင် မိတ်ဆွေများ ပါလေ မသိဘူး၊ သွားပြီး စုံစမ်းကြည့်ပါလား"

နီမောင်က အပြင်ဘက်သို့ တစ်ချက်ကြည့်လိုက်သည်။

ညဦးပိုင်းအချိန် ရောက်နေပြီ ဖြစ်သော်လည်း သိပ် မှောင်သေးပဲ အလင်းရောင်အချို့ပင် ရှိနေသေးသည်။





ထို့အပြင် အပြင်ဘက် ရွာလမ်းပေါ်မှာလည်း လူသွားလူလာ ရှိနေသေးသည်။

"ကိုနီမောင် အသွားအလာခက်မှာစိုးရင်.. လူတစ်ယောက် ထည့်ပေးလိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

ထို့နောက် လူရွယ်တစ်ယောက် ရောက်လာပြီး ခေါ်သဖြင့် သူနှင့်အတူ လိုက်သွားလေသည်။

ရွှေချိုးဖြူရွာမှာ ရွာတန်းရှည် အချိုးအစားဖြစ်ပြီး အိမ်ခြေကလည်း အတော်ပင်များသည်။

ထို့ပြင် သူ့ခေတ်သူ့အခါနှင့် အိမ်ကြီးရခိုင်များလည်း အတော်ပင် များလေသည်။

သီးပင်၊ စားပင်၊ ဝါးပင်တို့ဖြင့် မှိုင်းညို့နေသော ခြံများထဲတွင် ပျဉ်ထောင်အိမ်၊ ဝါးထရံကာထားသောအိမ်များ.. ဆောက်လုပ်နေကြသည်ကို ကြည့်ရုံဖြင့် ထိုရွာမှလူများ စီးပွားရေးကောင်းကြသည်ကို သိနိုင်ပေသည်။

ရွာလမ်းမှလျှောက်သွားစဉ် အချို့အိမ်များမှာ သာမန်မီးအိမ်များ ထွန်းထားသော်လည်း ညဘက် အလုပ်ရှိသော အိမ်များမှာတော့ ထိုခေတ်က ရှားပါးပစ္စည်းဖြစ်သဖြင့် တစ်ရွာလုံးထင်မရှိသော အောက်လင်းဓါတ်မီးများထွန်းကာ အလုပ်လုပ်နေသည်ကို လှမ်းမြင်ရသည်။

မီးစာတပ်ကာ လေထိုးပြီး သုံးရသော အောက်လင်း



www.burmeseclassic.com

www.burmeseclassic.com



ခါတ်မီးမှာ အချို့ရွာများတွင် ဘုန်းကြီးကျောင်းနှင့် သူကြီးအိမ်၌ တစ်လုံးတစ်လေရှိပြီး အလျှုအတန်း သာရေးနာရေးကိစ္စများ ရှိမှသာ ငှားရမ်းအသုံးပြုရသော ရှားပါးပစ္စည်းဖြစ်သည်။

ထိုခေတ်က ကျေးလက်တောရွာများတွင် အောက်လင်းခါတ်မီးသော်လည်းကောင်း မာတ်စက်သော်လည်းကောင်း ကိုယ်ပိုင်ရှိသူမှာ သူဌေးပင်ဖြစ်၏။

မာတ်စက်ဖွင့်လျှင်. . တစ်ရွာလုံး ကလေးလူကြီး လာရောက်နားထောင်ကြရလေသည်။

မာတ်စက်မှ လူပြက်က ရယ်စရာပြောလျှင် တသောသောနှင့် ရယ်ကြပြီး ငိုချင်းချလျှင် မျက်ရည်သုပ်ကာ တရှုံ့ရှုံ့ငိုကြရသည်။

နီမောင်ကတော့ မြစ်ဝကျွန်းပေါ် အရပ်သား ဖြစ်သောကြောင့် ထိုကဲ့သို့ ချမ်းချမ်းသာသာနေထိုင်သောရွာမျိုး မြင်ရသောအခါ စိတ်ထဲမှာ အံ့သြနေမိခြင်း ဖြစ်ပေသည်။

"အစ်ကို အသိနာမည်က ဘယ်သူတဲ့လဲ"

ရွာထဲရောက်လာတော့ နံဘေးမှာပါလာသော လူရွယ်က သူ့ကိုမေးသည်။

"မြကျော်လို့ခေါ်တယ်၊ သူတို့က အရင် ညောင်ညိုပင်ရွာမှာ နေကြတယ်လို့ ပြောသွားတယ်"

ထိုအခါ ခေါ်လာသောလူရွယ်က အနည်းငယ်ကြောအောင် စဉ်းစားနေပြီးမှ. . .

☺ အောင်မြင်စာပေ ☺



"အဲဒီနာမည်နဲ့ ရှိမယ်ထင်တယ်"

ဟုပြောရာ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ၊ စိတ်ထဲမှာဝမ်းသာသွားသည်။ အားရှိလာသည်။

"သူတို့နေတဲ့အိမ်က ရွာအစွန်ဘက်မှာထင်တယ်၊ ဟိုရောက်တော့ အစ်ကိုသွားမေးကြည့်ပေါ့"

"အခုလို ပို့ပေးတာ ကျေးဇူးတင်ပါတယ်ကွာ"

ပြောပြောဆိုဆိုနှင့်လျှောက်လာရာ ရွှေခိုးဖြူရွာဟောင်းဆုံးသွားကာ နောက်ထပ်ပြောင်းရွှေ့လာသူများ နေထိုင်ကြသည့်ရွာသစ်သို့ ရောက်ကြလေသည်။

"သူတို့က အဲဒီမှာ နေကြတယ်၊ အစ်ကို သွားမေးကြည့်ပေါ့၊ ကျွန်တော်တော့ မလိုက်တော့ဘူး"

ဟုပြောဆိုကာ လိုက်ပို့ပေးသူက နီမောင်ကို နှုတ်ဆက်ကာ လာရာလမ်းအတိုင်း ပြန်လှည့်သွားလေတော့သည်။

နီမောင်လည်း ထိုနေရာအထိ ရောက်လာပြီးမှ မထူးတော့ပြီမို့ တစ်ယောက်တည်း ဆက်လျှောက်လာလေသည်။

ရွာဟုသာဆိုသော်လည်း အတန်းလိုက် စံနစ်တကျဆောက်ထားသည့်မျိုး မဟုတ်ပဲ သစ်ပင်ဝါးပင်များကြားမှာ တစ်နေရာစီ အဆင်ပြေသလို ဆောက်ထားကြခြင်း ဖြစ်သည်။

ထိုနေရာရောက်တော့ မြကျော်နာမည်ကို ပြောပြကာ မေးမြန်းစုံစမ်း ကြည့်ရလေသည်။

ထိုအခါ လူတစ်ယောက်က ပြောပြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

"ရှာပုဂ်လို့ ပြေးလာကြတဲ့အထဲမှာ သူတို့မိသားစုတွေလဲ ပါလာကြတယ်ဗျ။ သူတို့က ဟိုဘက်သစ်တောနားက အိမ်ကြီးမှာနေကြတယ်"

ထို့ကြောင့် ဝမ်းသာအားရနှင့်ပင် ဆက်လျှောက်လာရာ ဝါးရုံတောများအောက်တွင် ဓနိနှင့်ဒေးများ သုတ်ထားသော အိမ်မည်းကြီးတစ်လုံးကို တွေ့ရလေသည်။

မြကျော်နှင့် ပြန်တွေ့ရတော့မည် ဆိုသောအခါ လွန်ခဲ့သော နှစ်များက သူနှင့်အတူတွဲကာ အလုပ်လုပ်ခဲ့ရပုံများကိုပါ ပြန်လည်သတိရလာမိလေသည်။

မြကျော်လည်း ပိန်ပိန်ပါးပါးနှင့် သဘောမနောကောင်းကာ အစဉ်သဖြင့် ပျော်ပျော်နေတတ်သူပင် ဖြစ်၏။

ရယ်စရာ မောစရာများလည်း ပြောတတ်သူ ဖြစ်သဖြင့် ဘယ်နေရာရောက်ရောက် လူချစ်လူခင် ပေါသူလည်း ဖြစ်သည်။

နီမောင်က တွေတွေထူးထူး စဉ်းစားမနေတော့ပဲ၊ အိမ်ပေါက်ဝသို့ ရောက်အောင်သွားကာ တံခါးခေါက်လိုက်ရာ မရှေးမနှောင်းမှာပင် တံခါးချပ်က ပွင့်သွားလေတော့သည်။

တံခါးနှစ်ချပ်ကြားမှ ဦးခေါင်းထွက်ကြည့်သူမှာ သူတွေ့လိုသော 'မြကျော်'ကိုယ်တိုင်ပင် ဖြစ်ပေသည်။

သို့သော် နီမောင်ကိုမြင်တော့ မှတ်မိဟန်မတူပေ။

အလင်းရောင် သိပ်မရှိသဖြင့် သဲသဲကွဲကွဲ မြင်ရပုံလည်း မရပေ။





"မင်း မြကျော်မဟုတ်လား"

"မင်း ဘယ်သူလဲ"

"ငါ နီမောင်လေ မမှတ်မိတော့ဘူးလား"

"နီမောင်"

သူက ရေရွတ်ရင်း အတော်ပင် အံ့ဩသွားဟန် ရှိလေသည်။

"နီ. . နီမောင် မင်း ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ၊ မင်းသေလို့ ငါ့ကို သရဲလာခြောက်နေတာ မဟုတ်လား"

"မဟုတ်ပါဘူးကွာ၊ ငါ မင်းနဲ့တွေ့ဖို့ တမင်လာတာပါ"

"ဒါ. . ဒါဖြင့်. . မင်း. . လူ. . လူပေါ့"

"ဟုတ်ပါတယ် ငါက လူပါ။ သရဲဘဝနဲ့ လာတာမဟုတ်ဘူး"

"ဝမ်းသာလိုက်တာကွာ၊ လာ. . သူငယ်ချင်း အိမ်ထဲကိုဘာ"

ဟု ပြောကာ တံခါးဖွင့်ပေးသဖြင့် အိမ်ထဲသို့ ဝင်ရလေသည်။

အတွင်း၌ မီးအိမ်တစ်လုံး ထွန်းထားသော်လည်း အလင်းရောင်က ခပ်မှိန်မှိန်သာ ရှိနေသည်။

အိမ်မှာ အတော်ကြီးပြီး ကျယ်ဝန်းသော်လည်း တစ်လုံး တစ်ယောက်တည်း ရှိနေသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီအိမ်မှာ ဘယ်သူမှ မရှိကြဘူးလား။ မင်းတစ်ယောက် တည်း နေတာလား"

"ရှိကြပါတယ်"

မြကျော်က ပြောပြောဆိုဆိုနှင့် မီးအိမ်ကို မီးစာမြှင့် လိုက်ရာ အလင်းရောင် ပိုရလာလေသည်။

ထိုအခါမှ အတွင်းဘက်မှာ ထိုင်နေကြသည့်လူများကို တွေ့ရလေသည်။ စုစုပေါင်း လေးယောက်ဖြစ်သည်။

နီမောင် စိတ်ထဲမှာတော့ စောစောက ဝင်လာစဉ် တည်းက ထိုကဲ့သို့ ထိုင်နေကြသည့်လူများကို ဘာကြောင့် မမြင် မိရသလဲဟု သူ့ဘာသာ အပြစ်တင်နေမိသည်။

ထိုင်နေသူများက သူ့ကို ကြည့်နေကြသည်။

"ဒီဘက်အစွန်မှာ ထိုင်နေတာ ငါ့အဖေလေ၊ နာမည်က ဦးပန်းညို"

"အော်. . ဟုတ်ကဲ့. ."

"မင်းအကြောင်းကိုတော့ မြကျော်က မကြာမကြာ ပြော ပါတယ်၊ ဒီမှာတော့ ဘာမှ အားနာစရာမရှိပါဘူး"

ဟု ဦးပန်းညိုက လေသံခပ်တိုးတိုးဖြင့် ပြန်ပြောသည်။

"ဒါက ငါ့အမေ၊ နာမည်က ဒေါ်မြမေ"

"မင်းက ငါ့သားကို စောင့်ရှောက်ပေးခဲ့တော့ ငါတို့ ရောက်လာတော့လည်း ငါတို့က စောင့်ရှောက်ပေးရမှာပေါ့ ပျော်သလောက်နေပါ"





"ဟုတ်. . ဟုတ်ကဲ့"

ဒီလောက်သာပြောပြီး နေရာမှတော့ ထမလာကြပေ။

"ဟိုမှာထိုင်နေတာ ငါ့အစ်မ မနှင်းစိန်"

မနှင်းစိန်ဆိုသော အမျိုးသမီးက သူ့ထက် အသက်အ နည်းငယ်ကြီးပုံရပြီး အသိအမှတ် ပြုသည့်အနေဖြင့် ပြုံးပြလေသည်။

"သူ့ဘေးမှာ ထိုင်နေတာ ငါ့ညီလေး၊ သူ့နာမည်က. . စံတိုး"

စံတိုးက အသက်(၁၀)နှစ်ကျော်လောက်သာ ရှိသေး နီမောင်နှင့် နီးသောနေရာရောက်အောင် နေရာရွှေ့လာပြီးမှ ကြည့်လေသည်။

သူ့အမူအယာမှာ နီမောင်ကို ခင်မင်ဟန်ရှိသည်။

"အစ်ကိုမြကျော်က ဟိုက ပြန်ရောက်လာတော့ ပြော တယ်၊ အစ်ကိုက မှိုကျောင်းဖမ်းတတ်တယ်လို့ ပြောတယ်၊ ငါးဖမ်းတာလည်း အတော်ကျွမ်းကျင်တယ်လို့ ပြောတယ်၊ ဒီက သွားရင် သိပ်မဝေးပါဘူး၊ ဂျိုးဖြူရေကန်ကြီးထဲမှာ ငါးတွေ ကြီးရှိတယ်၊ အစ်ကိုမပြန်ခင် ကျွန်တော့်ကို ငါးဖမ်းပေးပါ."

"ဖမ်းပေးရမှာပေါ့"

နီမောင်က ရင်းနှီးလိုသည့် သဘောဖြင့် သူ့လက်ကို ကိုင်လိုက်ရာ အကိုင်မခံပဲ မသိမသာနှင့် ရှောင်ထွက်သွား


www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"မင်း ညနေစာ စားခဲ့ပြီးပြီလား နီမောင်"

"အေး. . ပြီးခဲ့ပါပြီ"

"ဒီရွာကို ဘယ်လိုကနေဘယ်လို ရောက်လာတာလဲ ပြောပြပါဦး"

"ငါ မင်းဆီကိုသွားဖို့ သာယာဝတီကို ရထားနဲ့လာရင်း သောင်းကျန်းသူတွေနဲ့တွေ့လို့ ထွက်ပြေးခဲ့ရတယ်"

နီမောင်က မြနှင်းဖြူနှင့် တွေ့သဖြင့် ရွှေချိုးဖြူရွာသို့ ရောက်ခဲ့ရပုံများကို ပြောပြလိုက်သည်။

"ဒါကြောင့် စနေညက သေနတ်သံတွေ ကြားမိတာပေါ့ ဒီဘက်တွေမှာ သောင်းကျန်းသူတွေ နှိပ်စက်တာကို ခံကြရ တယ်၊ ရွာလုံးကျွတ်သတ်လို့ သေကြရတာတွေလည်း ရှိကြ တယ်၊ ငါတို့ရွာလည်း သူတို့ဖျက်ဆီးလို့ ပျက်ဆီးခဲ့ရတယ်"

"ကြားရတာ စိတ်မကောင်းပါဘူးကွာ"

"ငါတို့မိသားစုတွေတောင် ဒီဘက်ကို ထွက်ပြေးလာကြ လို့ အသက်ချမ်းသာရာရခဲ့ကြတာ၊ ဒီရောက်တော့ မြနှင်းဖြူ အဖေ ရွာလူကြီးက နေရာထိုင်ခင်းပေးပြီး စောင့်ရှောက်ပေး ထားလို့ ဒီမှာနေကြရတာ"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်းနဲ့တွေ့ဖို့ ကြံဖန်ပြီးဖြစ်တယ်လို့ပဲ သဘောထား ရတော့မှာပေါ့"





"အေးကွာ. . ငါလည်း မင်းနဲ့ အခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ ငါနဲ့တွေ့မှတော့ ဒီမှာပဲ တည်းပေါ့၊ နောက်နေ့မှပဲ မြနှင်းဖြူတို့ကို အကျိုးအကြောင်း သွားပြောပြလိုက်ပေါ့"

နီမောင်က ခေါင်းညိတ်ပြသဖြင့် မြကျော်က အိမ်အပေါ်ထပ်သို့ ခေါ်သွားကာ သူ့အတွက် နေရာပြင်ပေးသည်။

ထို့နောက် အောက်ထပ်သို့ ပြန်ဆင်းသွားလေတော့သည်။ နီမောင် စိတ်ထဲမှာတော့ မမျှော်လင့်ပဲ ထိုနေရာမျိုးမှာ မြကျော်နှင့် ပြန်တွေ့ရသဖြင့် အံ့ဩနေသည်။

သို့သော် ယခုအခြေအနေရောက်မှတော့ မတတ်နိုင်တော့ပေ။ ဖြစ်သမျှအကြောင်း အကောင်းဟု သဘောထားပြီး စိတ်ပျော်ရန် ကြိုးစားရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၉)

# ပဟေဠိဆန်သော အဖြစ်အပျက်များ

ညအချိန်ရောက်လာတော့ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ကျေးလက်တောရွာများဖြစ်သော ကြောင့်လည်း ယခုလို ညအချိန်ရောက်လာပြီဆိုလျှင် သဘာဝ သံမျိုးမှလွဲပြီး အခြားအသံများ မကြားရတော့ခြင်း ဖြစ်ပေ သည်။ မြို့ကြီးများမှာတော့ ထိုသို့မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



နေ့ဘက်တွင် ဆူညံနေသလို ညအချိန်ရောက်တော့လည်း အသံများက ရပ်တုံ့မသွားပဲ ဆူညံနေမြဲပင် ဖြစ်သည်။

ညလုံးပေါက်ဖွင့်သောဆိုင်များ၊ ညလုံးပေါက် လုပ်နေသော အလုပ်များကြောင့်သော်လည်းကောင်း၊ အသံများကိုကြားနေကြရပေသည်။

နေ့မရှိ ညမရှိ၊ တစ်နေ့လုံး တစ်ညလုံး အလုပ်လုပ်ကြသော ကီလီဈေးကဲ့သို့ နေရာမျိုးလည်းရှိပေရာ နေ့ညအသံမပြတ်သည်မှာ အဆန်းတော့မဟုတ်ပေ။

ရှေးအခါက ကျေးလက်တောရွာများတွင် လယ်ယာလုပ်သူသည် ထိုအလုပ်တစ်မျိုးတည်းနှင့်ပင် တစ်နှစ်ပတ်လုံး မပူမပင် စားသောက်နေနိုင်ရုံမကပဲ လှူဖို့တန်းဖို့ပင် ရကြသေးသည်။

မြို့မှာတော့ ထိုသို့မဟုတ်ပေ၊ နေ့ရောညပါ အလုပ်မပြတ် လက် မပြတ်အောင် လုပ်နိုင်မှ ဝမ်းရေးလှုကြလေသည်။

ကျေးလက်တောရွာများမှာတော့ စပါးစိုက်ချိန်စိုက် ရိတ်ချိန်တန် ရိတ်ကြကာ မိုးတစ်လုပ်၊ နွေတစ်လုပ်သာ ရှိသည် မြို့မှာကဲ့သို့ ဆူဆူညံညံ အသံများ မကြားရခြင်း ဖြစ်ပေသည်။

ကျေးလက်တောရွာများမှာတော့ ညအချိန်ရောက်လျှင် ဖား၊ ပုရစ် အော်သံ၊ ကြက်တွန်သံ စသော သဘာဝအသံများသာ ကြားရတော့သည်။

နီမောင်လည်း ခရီးပင်ပန်းလာပြီဖြစ်သဖြင့် အိပ်





နေပြီဖြစ်သော်လည်း ထူးဆန်းသော တိုက်ဆိုင်မှုများ အကြောင်းတို တွေးနေမိသောကြောင့် တော်တော်နှင့် အိပ်မပျော်နိုင်ပဲ ရှိလေသည်။

မြနှင်းဖြူအကြောင်း၊ သာယာဝတီနယ်ဘက်မှာနေသည်ပြော၍ လိပ်စာပေးထားခဲ့ပြီးမှ ဂျိုးဖြူရေကန်ကြီးနားမှာရှိသည့် ရွှေခိုးဖြူရွာမှာ ပြန်တွေ့ရသော မြကျော်အကြောင်း.. များကို တွေးတောနေမိသဖြင့် တော်တော်နှင့် အိပ်မပျော်ခြင်းဖြစ်သည်။

ညဉ့်နက်ပိုင်း အချိန်ရောက်တော့မှ မှေးခနဲ အိပ်ပျော်သွားလေသည်။

ထိုသို့ အိပ်ပျော်သွားစဉ် နားထဲမှာ ခြေသံလိုလို ကြားရသဖြင့် ဖျပ်ခနဲ ပြန်နိုးလာသည်။ အသံကြားရာဘက်သို့ မျက်လုံးဖွင့်ဘဲ မျက်စိကိုမှေးရင်း လှမ်းကြည့်လိုက်သည်။

အိမ်က သစ်သားနှင့် ဆောက်ထားသောအိမ် ဖြစ်သည်တစ်ကြောင်း၊ ကြမ်းခင်းကလည်း ပျဉ်ချပ်များဖြင့် ခင်းထားသည်ကတစ်ကြောင်း၊ အချို့နေရာများတွင် ခြေနင်းလိုက်သည်နှင့် 'တကျွိကျွိ'နှင့် အသံမြည်နေတတ်သည်။

နားထဲမှာ ထိုအသံကို ကြားသဖြင့် ပြန်နိုးလာခြင်းဖြစ်သည်။

ကြည့်လိုက်တော့ အမှောင်ရိပ်ထဲမှာ တတ်နိုင်သမျှ ခြေသံမကြားအောင် ခြေဖွပြီးလျှောက်လာသော မည်းမည်းသဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ရသည်။

ပုံပန်းသဏ္ဌာန် မြင်ရုံနှင့်ပင် မြကျော်ဖြစ်သည်ကို စိတ်ထဲက သိနေသည်။

မြကျော်က တဖြည်းဖြည်းလျှောက်လာပြီး သူ့အနားရောက်တော့ ဆောင့်ကြောင့်ထိုင်ကာ အခြေအနေကို ကြည့်နေသည်။ နီမောင်ကလည်း အသက်မှန်မှန်ရှူရင်းနှင့် အိပ်ပျော်ဟန်ဆောင်နေလိုက်သည်။

မြကျော်က နီမောင်အိပ်ပျော်နေသည်ကို ကြည့်နေပြီးမှ နေရာမှ ပြန်ထသွားသည်။

အတော်ကြာတော့ ပြန်ဝင်လာပြန်သည်။ ဒီတစ်ကြိမ်မှာတော့ သူတစ်ယောက်တည်း မဟုတ်တော့ပဲ သူနှင့်အတူ နှစ်ယောက်ပါလာသည်။ ဦးပန်းညိုနှင့် ဒေါ်မြမေတို့ပင် ဖြစ်ကြသည်။

ထိုနှစ်ယောက်က . . နီမောင်ရောက်နေသော နေရာရောက်တော့ ဆောင့်ကြောင့်ထိုင်ကာ အသေအချာ ငုံ့ကြည့်နေကြပြန်သည်။

နီမောင်စိတ်ထဲမှာတော့ ထိုအခြေအနေကို နားမလည်နိုင်သလို ဖြစ်နေသော်လည်း မိမိကိုယ် အန္တရာယ်ပေးမည့်သူများ မဟုတ်မှန်းတော့ သိနေမိသည်။

"သူက သူကောင်းတစ်ယောက်ပဲ"

ဟု ဦးပန်းညိုက လေသံတိုးတိုးဖြင့်ပြောရာ ဒေါ်မြမေ





တပါ ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် . . စိတ်ကလည်း ဖြူစင်တယ်၊ ဒီအလုပ်မျိုးဟာ သူနဲ့ပဲ သင့်တော်မှာပါ"

ဟုပြောဆိုပြီး နှစ်ယောက်စလုံး နေရာမှထကာ ပြန်ထွက်သွားကြလေသည်။

ခဏကြာတော့ အပေါက်ဝမှ နောက်ထပ်နှစ်ယောက်ဝင်လာကြပြန်သည်။

မနှင်းစိန်နှင့် မောင်စံတိုင်းတို့ပင် ဖြစ်သည်။

နီမောင်အနားရောက်တော့ ဆောင့်ကြောင့်ထိုင်ကာ ငုံ့ကြည့်ကြပြန်သည်။ မြကျော်ကတော့ အနားမှပင် အခြေအနေ ကြည့်နေလေသည်။

"သူ အိပ်ပျော်နေပြီလား"

မနှင်းစိန်က လေသံတိုးတိုးဖြင့်မေးရာ မြကျော်ကခေါင်း ညိတ်ပြလိုက်သည်။

ဒီလိုအချိန်မတော်မှ မိမိအိမ်သို့ ရောက်နေသော ဧည့်သည်တစ်ယောက် ရောက်နေသည်ကို အိမ်ရှင်များက ဘယ်လို သဘောဖြင့် တစ်ယောက်ပြီးတစ်ယောက် လာကြည့်နေကြသည် ကိုတော့ မသိနိုင်တော့ပေ။

အတန်ကြာတော့ မောင်စံတိုင်းဆိုသော ကလေးက ပြောသည်။

"ကျွန်တော် သူ့ကကို သဘောကျတယ်၊ သူ့လက်ကို



www.burmeseclassic.com

www.burmeseclassic.com

ကိုင်ကြည့်ချင်တယ်”

“မဖြစ်ဘူး. . သူနိုးသွားလိမ့်မယ်”

“မနိုးအောင် အသာကလေးပဲ ထိရုံထိကြည့်ပါ့မယ်”

ဟုပြောကာ မောင်စံတိုင်းက နီမောင်လက်တစ်ဖက်ကို သူ့လက်ကလေးဖြင့် လာထိကြည့်သည်။

နီမောင်ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားလေသည်။

ပါးစပ်မှ အသံမထွက်မိအောင်ပင် အတော်ပင် သတိထားလိုက်သည်။

မောင်စံတိုင်းလက်မှာ လူတစ်ယောက်၏ လက်ကဲ့သို့ နွေးမနေပေ။ ရေခဲတမျှ အေးစိမ့်နေလေသည်။

သာမန်အေးနေသော လက်မျိုးနှင့် တူသည်မျိုးမဟုတ် လေ၏ အေးစိမ့်မှုမျိုးကဲ့သို့ ဖြစ်သည်။

ထို့ပြင် မောင်စံတိုင်းက နီမောင်လက်ပေါ်သို့ သူ့လက် တစ်ဖက် တင်ထားသော်လည်း အလေးချိန်မရှိသော ထိတွေ့ မျိုးလောက်သာ ရှိသည်။

ထို့နောက် များစွာသဘောကျသော အပြုံးမျိုးဖြင့် ချက်ပြုံးလိုက်သည်။ သူပြုံးတာမြင်တော့ မနှင်းစိန်ကပါ လိုက် ပြုံးလေသည်။

သူတို့ အပြုံးများက နှစ်လိုဖွယ်ရာကောင်းသော အပြုံး မျိုး ဖြစ်ပေသည်။ နောက်တော့ ဘာမှ ထွေထွေထူးထူး မပြော ကြပဲ နေရာမှထသွားကြလေသည်။





နီမောင်လည်း အချိန်အတော်ကြာသည်အထိ အိပ်မပျော်ပဲ ရှိနေရာမှ နောက်တော့ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားလေသည်။

နောက်တစ်နေ့ နံနက်ပိုင်း နေအတော်မြင့်တော့မှ ပြန်နိုးလာသည်။ အိပ်ယာမှနိုးသည်နှင့် ပထမဆုံး တွေးလိုက်မိသော အတွေးမှာ. . .

“ငါ ညကအိပ်တဲ့နေရာမှ ရှိသေးရဲ့လား၊ တောထဲ တစ်နေရာများ ရောက်နေသလား”

ဟူ၍ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သူကြားဖူးသော အဖြစ်အပျက်များထဲတွင် ညအချိန် ကြွက်ကုန်းရောက်သွားသော သူတို့မှာ အိမ်ကြီးအိမ်ကောင်း အိပ်ယာကောင်းများနှင့် အိပ်ရသော်လည်း နောက်တစ်နေ့ အိပ်ယာမှ ပြန်နိုးလာသောအခါ တောအောင်များအတွင်း ရောက်နေတတ်ခြင်းစသော အဖြစ်အပျက်များ ရှိခဲ့ဘူးသောကြောင့် ဖြစ်သည်။

ယခုတော့ ထိုအခြေအနေမျိုး မရောက်သေးပေ။

မျက်လုံးဖွင့်ကြည့်လိုက်တော့ ညကအိပ်ခဲ့သော အိမ်ကြီးအတွင်းမှာပင် ရှိသေးပြီး အိပ်ယာကလည်း ညကအတိုင်းပင် ဖြစ်သည်။

သို့ကြောင့် အိပ်ယာမှထကာ အောက်ထပ်သို့ ဆင်းလာသည်။ အောက်ထပ်ရောက်တော့ မြကျော်ကိုသာ တွေ့ရသည်။


www.burmeseclassic.com

www.burmeseclassic.com



အခြားအိမ်သားများတော့ မတွေ့ရပေ။

မြကျော်က ကောက်ညှင်းပေါင်း၊ ငါးခြောက်ဖုတ်ဆီ ဆမ်း၊ လက်ဘက်ရည်ကြမ်း၊ ပြင်ထားသဖြင့် စားသောက်ရပြန် လေသည်။

စားသောက်ရင်းနှင့် နီမောင်က အိမ်အခြေအနေကို ကြည့်ရင်းနှင့် မေးသည်။

"မင်းအိမ်က မိသားစုတွေရော တစ်ယောက်မှ မမြင်ကြ ပါလား"

"ဟုတ်တယ် သူတို့ အလုပ်သွားကြတယ်၊ ငါတို့လုပ်တဲ့ လယ်က ဝေးတော့ မိုးမလင်းခင်ကတည်းက သွားကြရပြီး မိုးချုပ် တော့မှ သူတို့ ပြန်လာနိုင်ကြတယ်"

မြကျော်လေသံက စိတ်မကောင်းသော လေသံမျိုး ဝါ နေသည်ကိုတော့ သတိပြုမိလိုက်သည်။

"မင်းရော ဘာကြောင့်လိုက်မသွားတာလဲ၊ ငါ ရောက် နေလို့လား"

"မဟုတ်ပါဘူးကွာ၊ ဟိုမှာလည်း ပင်ပင်ပန်းပန်း လုပ်ရ မယ့်အလုပ် မရှိတော့ပါဘူး"

ထို့နောက် နီမောင်က စားသောက်ရင်းနှင့် သူလာသော အကြောင်းများကို ပြောပြလိုက်သည်။

"ငါတို့လည်း နယ်မှာအဆင်မပြေလို့ ရန်ကုန်ပြောင်း လာကြတယ်၊ ရန်ကုန်ရောက်တော့လည်း ဘာလုပ်ရမှန်း မသိ





တာနဲ့ မင်းတို့ဆီ အခြေအနေ လာကြည့်တာပါ"

"မင်းအတွက်က အလုပ်ရှိပါတယ်"

ထိုစကားကြောင့် စိတ်ထဲမှာ အံနည်းငယ်တော့ အား ရှိသွားလေသည်။

"ဘယ်လိုအလုပ်မျိုးလဲ"

"မင်းကို အလုပ်ပေးနိုင်တာ ငါ မဟုတ်ဘူး၊ မြနှင်းဖြူတို့ သားစုပါ၊ မင်းမပြန်ခင် အလုပ်တစ်ခုတော့ ရမှာပါ"

ဟု ပြောပြလေသည်။

နေ့လည်ဘက်ရောက်တော့ အလုပ်မရှိသောကြောင့် နေရာတစ်ဝိုက်သို့ လိုက်လံကြည့်ရှုပြီးမှ ညနေစောင်းတွင် ည်းခိုရာနေရာသို့ ပြန်လာလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ အလုပ်သွားသောမိသားစု ေယောက် ပြန်လာသောကြောင့် လူသံသူသံများဖြင့် ဆူည် သည်။

တစ်နေ့လုံး တိတ်ဆိတ်နေသည့် အိမ်ကြီးမှာလည်း ပြန် ည်အသက်ဝင်လာလေသည်။

ညဦးပိုင်းရောက်တော့ ထမင်းစားပွဲဝိုင်းကြီးမှာ နီမောင် ဝိုင်းထိုင်ရင်း ထမင်းစားရလေသည်။

ထမင်းစားရင်းနှင့် ရှေ့ဖြစ်နောက်ကြောင်းများ ပြော ကြသောအခါ မိမိစိတ်ထဲမှာ ထင်နေသည်များမှာ မဖြစ်နိုင် ကြောင်း သဘောပေါက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်ပိုင်း အိပ်ယာဝင်ကြတော့ နီမောင် အိပ်ပျော်နေသော အိပ်ယာသို့ တစ်ယောက်ပြီးတစ်ယောက် တက်လာပြီး ငုံ့ကြည့်ကြပြန်သည်။

မြကျော်ကတော့ ဘာမှဝင်မပြောပဲ နီမောင် နိုးသွားလေမလားဟူသော စိုးရိမ်သောကရောက်နေသည့် မျက်နှာမျိုးဖြင့် ထိုင်ကြည့်နေသည်။

ညဥ့်နက်ပိုင်းအချိန်ရောက်တော့ အောက်ထပ်မှ ခပ်တိုးတိုးအသံ ပေါ်ထွက်လာသည်။

"မြကျော် အောက်မှာဧည့်သည်ရောက်နေတယ်"

ထိုအသံကြောင့် မြကျော်အပါအဝင် အားလုံး အောက်ထပ်သို့ ပြန်ဆင်းသွားကြလေသည်။

နီမောင်လည်း စိတ်ဝင်စားသောကြောင့် နေရာမှထကာ ကြမ်းပြင်အပေါက်မှ အောက်သို့ ချောင်းကြည့်လိုက်သည်။

အောက်ထပ်မှာတော့ မြကျော်တို့ မိသားစုငါးယောက်အပြင် အခြားဧည့်သည်တစ်ယောက်ပါ ရောက်နေသည်ကို တွေ့ရသည်။

မီးရောင်က မှိန်သောကြောင့် လူကိုသာ မြင်ရပြီး ဘယ်သူဘယ်ဝါမှန်းတော့ မသိရပေ။

၎င်းတို့သည် အတန်ကြာအောင် စကားပြောဆိုနေပြီး ဧည့်သည်က ပြန်သွားလေသည်။

နီမောင် စိတ်ထဲမှာတော့ ပဟေဠိဆန်သော အိမ်ကြီး





အစ်လုံးထဲတွင် ရောက်နေသကဲ့သို့ ထင်မိသော်လည်း ထို့ထက်ပြီး မတွေးတတ်တော့ပေ။

နောက်တစ်နေ့ နံနက်ပိုင်း အချိန်ရောက်တော့ နီမောင်တည်းခိုနေသောအိမ်သို့ မြနှင်းဖြူ ရောက်လာလေသည်။

"ကိုနီမောင် ဒီမှာနေရတာ အဆင်ပြေတယ် မဟုတ်လား"

"ဟုတ်ကဲ့ ပြေပါတယ်"

"အဖေက ကိုနီမောင်နဲ့ တွေ့ချင်တယ်ဆိုလို့ လာခေါ်တာပါ"

ဟု ပြောသဖြင့် တွေတွေထူးထူး စဉ်းစားမနေတော့ပဲ မြနှင်းဖြူနှင့် လိုက်လာလေသည်။ သူတို့အိမ်ရောက်တော့ ဦးဘညိုနှင့် တွေ့ရလေသည်။

"ထိုင်ပါဦးကွယ်၊ ပြောစရာ ရှိတာလေးတွေ ပြောရတာပါ"

ထိုသို့ပြောသဖြင့် မနီးမဝေးမှာ ဝင်ထိုင်လေသည်။

"မင်းအကြောင်းကိုတော့ ငါ့သမီးက ပြောပြထားလို့ သိသလောက် သိရပြီးပါပြီ၊ ဒီအရပ်ကိုရောက်လာတာ အလုပ်ရှာဖို့အတွက်ပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဦးကြီး"

"ဒီလိုဆိုရင်တော့ မင်းကို အလုပ်တစ်ခု ပေးချင်တယ်၊ လုပ်နိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုအလုပ်မျိုးလဲ၊ ကောင်းတဲ့အလုပ်မျိုးဆို
တော့ လုပ်ပါ့မယ်"

"တခြားအလုပ်တော့ မဟုတ်ပါဘူး၊ ကုသိုလ်လည်း
ဝမ်းလည်းဝ ဆိုသလို ဘုရားတည် သာသနာပြုအလုပ်တွေ
နောက်ပြီး မရှိဆင်းရဲသားတွေကို လှူပေးတဲ့အလုပ်မျိုးပါ"

ထိုစကားကြားတော့ အတော်ပင် အံ့ဩသွားလေသည်

"အဲဒါ ကျွန်တော်လုပ်ရမယ့် အလုပ်လား"

"ဟုတ်တယ် အဲဒါ မင်းနဲ့ထိုက်တန်တဲ့ အလုပ်မျိုး"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်တော်တို့မှာ ငွေမရှိပါဘူး၊ ဒီအလုပ်မျိုးတွေ
ငွေရှိမှ လုပ်နိုင်တဲ့ အလုပ်မျိုးတွေ မဟုတ်လား"

"ဟုတ်ပါတယ်၊ ငွေရှိဖို့က လွယ်ပါတယ်၊ ချမ်းသာ
လူတွေဆီက ယူရမှာပေါ့"

"ဟင်. . ဘယ်လိုယူရမှာလဲ. . ခိုးယူရမှာလား၊ ဒါ
ဟုတ် တိုက်ခိုက်လုယက် ယူရမှာလား"

"သူတို့မသိအောင် ယူရမှာပေါ့"

"ဒီအလုပ်မျိုးတော့ ကျွန်တော် မလုပ်နိုင်ပါဘူး၊ သူ
အာဇီဝကျတဲ့ အလုပ်မျိုးဆိုရင် ဘာပဲဖြစ်ဖြစ် လုပ်ပါ့မယ်
မကောင်းတဲ့ အလုပ်မျိုးတော့ ဘာမှမလုပ်ပါဘူး"

နီမောင်က ပြတ်သားစွာပင် ပြန်ပြောလိုက်သည်။

"စဉ်းစားဦးပေါ့ကွယ်၊ မင်းကို ဒီအလုပ်လုပ်ခိုင်း





ခြားကြောင့် မဟုတ်ဘူး၊ မင်းလုပ်ပေးရင် မင်းရဲ့မိတ်ဆွေတွေ
လည်း ကယ်တင်ရာ ရောက်ပါလိမ့်မယ်၊ တကယ်လို့ မလုပ်
ဘူးဆိုရင်တော့ သူတို့ဘဝတွေ ဒီလိုပဲနေကြရလိမ့်မယ်"

ဟုပြောကာ နေရာမှ ထသွားလေသည်။

နီမောင်ကတော့ ဘာမှနားမလည်သော အမူအယာ
ဖြင့် မျက်လုံးအပြူးသားနှင့် ကျန်ခဲ့လေသည်။


www.burmeseclassic.com

www.burmeseclassic.com







အခန်း(၁၀)

# ူးဆန်းသော ဝိညာဉ်မျက်လုံး

ညအချိန်ရောက်တော့မှ မြကျော်နှင့်တွေ့ပြီး သိချင်နေ
အကြောင်းများကို မေးကြည့်ရလေသည်။

"မြကျော် ငါ့ကိုတော့ အမှန်အတိုင်း ပြောပြပေးပါကွာ၊
အတိုင်းပြန်သွားရရင် တစ်သက်လုံး စိတ်ကောင်းနိုင်မှာ
တ်ဘူး"

"မင်းက ဘာတွေသိချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“တခြားတော့ မဟုတ်ပါဘူး. . ၊ ငါ အခုရောက်နေ
ရွှေချိုးဖြူရွာဆိုတာ တကယ်ရှိတဲ့ရွာရော ဟုတ်ရဲ့လား၊ နောက်
လူတွေနေတဲ့ရွာရော ဟုတ်ရဲ့လား”

မြကျော်က ဘာမှပြန်မပြောပဲ အပြင်ဘက်သို့ငေးကြ
နေလေသည်။

“မြကျော် မင်းတို့ကရော ဘယ်ဘ၀ ရောက်နေကြ
လဲ၊ ငါ့ကို အမှန်အတိုင်း ပြောပြပေးပါကွာ”

“မင်းကိုတော့ အမှန်အတိုင်း ပြောပြပါ့မယ်. . ၊ ငါ
မိသားစု ငါးယောက်စလုံး လူဆိုးတွေလက်ချက်ကြောင့်
ကြရပြီး အခု ပရလောကကို ရောက်နေကြရတယ်”

“ဟင်. .”

နီမောင်မှာ များစွာအံ့ဩသွားလေသည်။

ရင့်ထဲမှာ စိတ်မကောင်းခြင်းလည်း ဖြစ်သွားမိ
သည်။

“ဖြစ်ရလေကွာ၊ ကြားရတာစိတ်မကောင်းလိုက်

“မင်းတို့ဆီက ပြန်လာပြီးတဲ့နောက်၊ မကြာခင်မှာပဲ
အားလုံး သေခဲ့ကြရတယ်၊ အဲ့ဒီလိုသေပြီး နေစရာမရှိ
မြနှင်းဖြူတို့ အဖေက ငါတို့ကိုခေါ်ပြီး ဒီမှာ နေရာပေးထား
ပါပဲ၊ ဒီပတ်ဝန်းကျင်မှာ နေကြတဲ့သူတွေအားလုံးက ပရ
ရောက်နေကြတဲ့ သူတွေချည်းပါပဲ”

“ဒါဖြင့် ဦးဘညိုတို့ မြနှင်းဖြူတို့ကရော ပရ





တွေပဲလား”

“သူတို့က သိုက်စောင့်တွေပါ၊ ဒါပေမယ့် ဘ၀ခြားနေတဲ့
တွေတော့ မဟုတ်ဘူး၊ သိုက်နဲ့ အဆက်အသွယ်ရှိတဲ့ သူတွေပါ

“ဘယ်သိုက်လဲ”

“ကိုးဖြူရေကန်ကြီးနားမှာရှိတဲ့ ရွှေချိုးဖြူ မူလာခဲ့ သိုက်

“ဆန်းကြယ်လိုက်တာ”

“သူတို့က ဘ၀မခြားသေးပဲ သိုက်က စေခိုင်းသမျှတွေ
တာဝန်ယူ ဆောင်ရွက်ပေးနေတဲ့သူတွေပေါ့ကွာ၊ မင်း ဒီနေ
ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတယ်ဆိုတာ တိုက်ဆိုင်မှု
ဘူး နီမောင်၊ သူတို့က ခိုင်းစရာရှိလို့ တမင်ရောက်အောင်
သူခဲ့တာပါပဲ”

“ဒါပေမယ့် သူတို့ခိုင်းတဲ့ အလုပ်မျိုးတော့ ငါ မလုပ်နိုင်
တွာ”

“မင်းကို ငါ တောင်းပန်ပါရစေ၊ ဒီပတ်ဝန်းကျင်မှာတင်
သို ပရလောကရောက်ပြီး မကျွတ်မလွတ်သေးတဲ့လူတွေ
ကြီး ရှိကြတယ်၊ အားလုံးက အမှုအတန်းရပြီး သာဓုခေါ်
ဒီဘ၀က လွတ်မြောက်ခွင့်ရကြမယ်၊ ဒါကြောင့် မင်းကူညီ

ဟု သနားစဖွယ် ပြောနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်၏ ပင်ကိုယ်စိတ်မှာ လူတစ်ဖက်သားကို သနားတတ်သူဖြစ်သည်။ ဒုက္ခရောက်နေသူတွေ့လျှင် အကူအညီပေးချင်သည့် စိတ်မျိုးဖြစ်သည်။

မြကျော်က ဆက်ပြောသည်။

"ဒီနေရာတစ်ပိုက်က ရွှေမျိုးဖြူ မူလာခဲ့သိုက်နယ်နိမိတ်နဲ့ မလွတ်တဲ့နေရာတွေဆိုတော့ လူတိုင်းလာလို့ မရသလို လူတိုင်းကိုလည်း အကူအညီတောင်းလို့မရဘူး၊ သိုက်ချုပ်ဘိုးဘိုး သိုက်စောင့်မောင်နှမ လက်ခံမှသာ လာလို့ရတယ်"

နီမောင်ကတော့ စိတ်ဝင်စားစွာ နားထောင်နေသေးသည်။

"အဓိကက သိုက်စောင့်တွေ အလိုရှိတဲ့သူမျိုးပေါ့၊ အဲဒီသဖြင့် စိတ်သဘောဖြူစင်တဲ့ သူတွေမှ သူတို့တွေနဲ့ ဆက်သွယ်ဆက်ဆံလို့ရကြတယ်"

"ဒါထက် ငါက မင်းတို့ ဒီဘဝက ကျွတ်လွတ်အောင် ဘာတွေ လုပ်ပေးခဲ့ရမလဲ"

"မင်းစိတ်ထဲမှာ ငါတို့အတွက် အကူအညီပေးချင်စိတ် ရှိလာတာ ငါ ဝမ်းသာပါတယ်၊ ငါတို့ တစ်အိမ်သားလုံးကလည်း ဝမ်းသာကြလိမ့်မယ်၊ ဒါ့အပြင် ဒီအနားပတ်ဝန်းကျင်တွေမှာ ကြီးတစ်ရွာလောက် များပြားတဲ့ ပရလောကသားတွေကလည်း ဝမ်းသာကြမှာပါကွာ"

နီမောင်ကတော့ အတော်ကြာအောင် စဉ်းစားနေသည်။





အဖြစ်ဆိုးများနှင့် ကြုံတွေ့နေကြသည့် မြကျော်တို့ မိသားစု အပါအဝင် မကျွတ်မလွတ်သေးသူများအတွက် စိတ်မကောင်းသဖြင့် သက်ပြင်းချလိုက်လေသည်။

"အေးပါကွာ၊ မင်းတို့ ဒီဘဝက ကျွတ်လွတ်ခွင့်ရအောင် ငါမပြန်ခင် တတ်နိုင်သမျှ အကူအညီ ပေးခဲ့ပါမယ်၊ ဘယ်လိုကူညီပေးရမယ်ဆိုတာသာ ပြောပြပေးပါ"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ကွာ၊ မင်း အကူအညီပေးမယ်ဆိုရင် ဘယ်ပုံဘယ်နည်း အကူအညီပေးရမယ်ဆိုတာ မြနှင်းဖြူက ပြောပြပေးပါလိမ့်မယ်"

ဟုပြောကာ နေရာမှ ပြန်ထသွားလေသည်။

ညဦးနက်ပိုင်း အချိန်ရောက်၍ အိပ်ယာဝင်သောအခါ ထုံးစံအတိုင်း မြကျော်တို့ မိသားစုက သူ့နံဘေးသို့ ရောက်လာကြပြန်သည်။ သူတို့ အမူအယာများမှာ ပျော်ရွှင်နေကြဟန်ရှိသည်။

ဦးပန်းညိုက အိပ်ပျော်နေသည် ထင်သဖြင့် အပေါ်မှငုံ့ကြည့်သည်။ နောက်တော့ . တစ်ယောက်ပြီးတစ်ယောက် ငုံ့ကြည့်ကြသည်။

မောင်စံတိုင်းကတော့ ထုံးစံအတိုင်း နီမောင့်ကိုယ်ကို အေးစက်နေသော သူ့လက်ဖြင့်ထိကြည့်သည်၊ ကိုင်ကြည့်သည်။

ရေခဲတမျှ အေးစက်လှသော သူ့လက်နှင့် ထိမိသော်လည်း အံ့ဩထိတ်လန့်ခြင်း မဖြစ်မိပေ။



www.burmeseclassic.com

www.burmeseclassic.com



မိမိနံဘေးမှာ ထိုင်နေကြသူတို့မှာ သာမန်လူများ မဟုတ်ပဲ ပရလောကဘဝ ရောက်နေကြသူမှန်း စိတ်ထဲမှသိသော်လည်း အံ့သြခြင်း ကြောက်ရွံ့ထိတ်လန့်ခြင်းမျိုးတော့ စိတ်ထဲမှ မရှိတော့ပေ။

"ငါပြောခဲ့တယ် မဟုတ်လား၊ သူက စိတ်ဖြူစင်သူ တစ်ယောက်ဆိုရင်တော့ ငါတို့အတွက် သူ အကူအညီ ပေးနိုင်မယ်ဆိုတာလေ"

"ဟုတ်ပါတယ်၊ ဘာပဲဖြစ်ဖြစ်သူ အကူအညီပေးရင်တော့ ကျုပ်တို့ ဒီဘဝက ကျွတ်လွတ်ခွင့် ရကြမှာပါ"

ထိုအခါ မနှင်းစိန်က မြကျော်ဘက်သို့ လှည့်ပြီး. . .

"သူက ဘာပြောသလဲဟင်"

ဟုမေးသည်။

"လုပ်ပေးမယ်လို့တော့ ပြောပါတယ်"

"ဝမ်းသာလိုက်တာ၊ သူလုပ်ပေးမှပဲ ငါတို့လည်း တစ်နေရာ ရောက်ကြတော့မှာပဲ"

ထုံးစံအတိုင်း စံတိုင်းက ပြုံးစေ့စေ့မျက်နှာနှင့် နီမောင်မျက်နှာအနီးသို့ သူ့မျက်နှာဖြင့် ထိလုမတတ် ကြည့်လေသည်။ မျက်နှာချင်း နီးလာသောအခါ ရေခဲတုံးမှ အငွေ့ထွက်နေသည့် အေးစိမ့်မှုမျိုးနှင့် ထိရသကဲ့သို့ မျက်နှာတစ်ခုလုံး အေးစိမ့်သွားသည်။

"သူ အိပ်ပါစေ. . နိုးသွားပါ့မယ်၊ သွားကြစို့"





ဟု ပြောဆိုကာ နေရာမှ အသီးသီး ထသွားကြရာ ထိုနေရာတွင် ဘယ်သူမှ မရှိတော့ပေ။

ပထမ ရောက်စညက သူတို့ရောက်လာပြီး. . .

"သူက လူကောင်းတစ်ယောက်ပဲ"

"စိတ်ကလည်း ဖြူစင်တယ်၊ ဒီအလုပ်မျိုးက သူပဲ လုပ်ပေးနိုင်မှာ"

ဟုပြောခဲ့ရာ နားမလည်ခဲ့ပေ။

ယခုမှပင် အခြေအနေကို သဘောပေါက်ကာ သူတို့ပြောခဲ့သည့် စကားအဓိပ္ပါယ်များကို နားလည်စ ပြုလာလေသည်။

နောက်တော့ ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ အိပ်ပျော်ရန်သာ ကြိုးစားရလေတော့သည်။

နောက်တစ်နေ့ရောက်တော့ မြနှင်းဖြူ ရောက်လာပြန်လေသည်။ သူမ ရောက်လာသောအချိန်တွင် ထိုအိမ်ကြီးတွင် မြကျော်တို့ တတွေကို တစ်ယောက်မှ မတွေ့ရတော့ပေ။

"ကိုနီမောင် ညက အိပ်ပျော်ရဲ့လား"

"ပျော်ပါတယ်"

"မြကျော်က ကိုနီမောင်ကို ပြောသင့်တာတွေကို ပြောပြထားပြီးပြီ ထင်ပါတယ်"

နီမောင်က သူမကိုမကြည့်ပဲ ခေါင်းညိတ်ပြလိုက်သည်။

"ဒီတော့ ဘယ်လိုဆုံးဖြတ်ထားသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဆုံးဖြတ်ချက်ကို မပြောခင်၊ မြနှင်းဖြူတို့ အခြေအနေတွေကို အမှန်အတိုင်း ပြောပြပေးစေချင်ပါတယ်"

ထိုအခါ မြနှင်းဖြူက သက်ပြင်းတစ်ချက် ချလိုက်ပြီး သူမတို့နှင့် သက်ဆိုင်သော အကြောင်းအရာ အချို့ကို ပြောပြလေသည်။

"ကျွန်မတို့ မိသားစုတွေက သိုက်ကလူတွေနဲ့ အဆက်အသွယ် ရှိသူတွေ ဖြစ်ပါတယ်၊ ကျွန်မတို့က သူတို့ကို မြင်ရပြီး ပြောဆိုဆက်ဆံလို့ရသလို သူတို့ကလည်း ကျွန်မတို့နဲ့ ပြောဆိုဆက်ဆံလို့ ရကြပါတယ်"

"ဘယ်လိုကြောင့် မြင်ရတာလဲ"

"အမှန်အတိုင်းပြောရရင် ကျွန်မတို့ဆီမှာ ဝိဉာဉ်လောကမှာ ရှိသမျှတွေကို မြင်လို့ရတဲ့ ဆေးမြစ်တွေ ရှိပါတယ်၊ ဝိဉာဉ်မျက်လုံးလို့ ခေါ်ပါတယ်"

"ဘယ်လိုရထားတာလဲ"

"သိုက်ကပုဂ္ဂိုလ်တွေက ပေးထားတာပါ၊ သူတို့နဲ့ ဆက်သွယ်တဲ့အခါ မြင်နိုင်တွေ့နိုင်အောင်လို့ ပေးထားကြတာပါ"

"မြနှင်းဖြူတို့က သူတို့အတွက် ဘာတွေလုပ်ပေးကြရသလဲ"

"သူတို့လိုအပ်တာတွေ ခိုင်းစေတာတွေကို လုပ်ပေးရပါတယ်၊ ဒီဆေးမြစ်ရှိနေတော့ ဝိဉာဉ်လောကသားတွေကို အားလုံးတွေ့မြင်ရပါတယ်၊ ဒါကြောင့် ကိုယ်နဲ့ပတ်သက် ဆက်နွယ်မှုရှိခဲ့တဲ့၊ ပရလောကရောက်နေတဲ့ သူတွေကို ဒီနေရာကို ခေါ်ပြီး နေရာပေးထားရတာပါ"

"အဲဒီလိုနေရာပေးတော့ သူတို့ကို ခွင့်တောင်းရသေးတယ် မဟုတ်လား"

"ခွင့်တောင်းရပါတယ်၊ သိုက်နယ်နိမိတ်နဲ့ မလွတ်တဲ့ နေရာတွေမို့ သူတို့ခွင့်မပေးရင် နေရာပေးလို့ မရပါဘူး"

ထိုမျှလောက် ပြောပြသောအခါ မြနှင်းဖြူတို့ အခြေအနေကို သိတန်သလောက် သိရလေတော့သည်။

"အခု ကျွန်တော့်ကို အကူအညီ ရတောင်းတာက ဘယ်လိုကိစ္စမျိုးလဲ"

"ကျွန်မတို့က သူတို့ကို ဒီနေရာတွေမှာ ခေါ်ထားတယ်ဆိုတော့ ကျွတ်လွတ်တဲ့ ဘုံဘဝရောက်အောင် အကူအညီ ပေးဖို့ပါ၊ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပြီး အမျှဝေပေးရမယ်၊ အဲဒါ ကျွန်မတို့ချည်း လုပ်လို့မရဘူး"

"ဘယ်လိုကြောင့်လဲ"

"ကျွန်မတို့ကို သိုက်နဲ့ အဆက်အသွယ်ရှိတဲ့ သူတွေမှန်း သိရင် . . သိုက်အတွက်လည်း မကောင်းဘူး၊ ကျွန်မတို့အတွက်လည်း မကောင်းဘူး"

"ဒီတော့ ကျွန်တော်က ဘယ်လို အကူအညီပေးရမလဲ"

"ငွေရအောင်ရှာပြီး ဘုရားတည် ကျောင်းဆောက်တဲ့ အလုပ်တွေ လုပ်ပေးရမယ်၊ မရှိဆင်းရဲတဲ့လူတွေကို လှူပေးရ






www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ငွေရအောင် ရှာဖို့ကခက်တယ်၊ ဘယ်လိုရှာရမလဲ"

"မတရားတဲ့နည်းနဲ့ ချမ်းသာတဲ့လူတွေဆီက ဥစ္စာပစ္စည်းတွေကို ပြန်ယူရမယ်၊ အဲဒါတွေကို အကျိုးရှိတဲ့နေရာတွေ ကောင်းတဲ့နေရာတွေမှာ အသုံးပြုရမယ်"

"ဒါတော့ မလွယ်ဘူးထင်တယ်၊ ကျွန်တော်ကြားဖူးတာတော့ သိုက်ထဲမှာ ရွှေငွေရတနာတွေ အများကြီးရှိတယ်လို့ ကြားတယ်၊ အဲဒါတွေ ယူသုံးလို့ မရဘူးလား"

"သိုက်ထဲမှာရှိတဲ့ ရွှေငွေရတနာတွေဆိုတာ အမျိုးမျိုးရှိတယ်၊ မြတ်စွာဘုရားအတွက် ရည်စူးပြီးထားတဲ့ ရွှေငွေရတနာတွေဆိုရင် ဘာမှယူလို့မရပါဘူး"

ဟု ပြောပြလေသည်။

နီမောင်လည်း တဖြည်းဖြည်းနှင့်တော့ သဘောပေါက်ပြုလာလေသည်။

"ခင်ဗျားပြောတဲ့အတိုင်း သူများပစ္စည်းတွေ ယူဖို့ဆိုတာ မလွယ်လှဘူးထင်တယ်၊ ကျွန်တော်လည်း မလုပ်တတ်ဘူး"

"လွယ်တဲ့နည်းရှိပါတယ်"

"ဘယ်လိုနည်းမျိုးလဲ"

"ဝိညာဉ်မျက်လုံး ဆေးမြစ်ကို ရှင့်ကိုပေးလိုက်ပါ့မယ် ဒီဆေးမြစ်ရှိနေရင် ရှင်က ဝိညာဉ်လောကသားတွေကို အား မြင်တွေ့နိုင်ပြီး ရှင့်ကိုတော့ လူတွေက မြင်ရတော့မှာ မဟုတ်





ဘူး"

ထိုစကားကြားတော့ နီမောင့်စိတ်ထဲမှာ အတော်ပင် လှုပ်ရှားသွားသလို အံ့သြမှုလည်း များစွာဖြစ်မိလေသည်။

"ဒီဆေးမြစ်က သာမညမဟုတ်ပါဘူး၊ ရွှေဂျိုးဖြူသိုက်ချုပ် ဘိုးဘိုးကြီးက ဒီအတွက် ပေးထားတာပါ၊ ဒါကြောင့် ကျွန်မတို့ကလည်း ကိုယ့်သဘောနဲ့ကိုယ် တခြားလူတွေကို ပေးလို့ မရပါဘူး"

"ဒီဆေးမြစ်ရရင် ပရလောကသားတွေကို အားလုံးမြင်ရမှာပေါ့နော်"

"ဟုတ်ပါတယ်. .၊ အဲဒီလို မြင်ရရင် သူတို့ဘဝတွေက ကြောက်စရာမကောင်းပဲ သနားစရာကောင်းနေတာမို့. . ကိုနီမောင် စိတ်ထဲမှာ အကူအညီ ပေးချင်လာပါလိမ့်မယ်"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကိုနီမောင် ဆုံးဖြတ်ချက်ချပြီးပြီလား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော် လုပ်ပေးပါ့မယ်"

ထိုသို့ ကတိပေးလိုက်သောအခါ မြနှင်းဖြူက သူမ,ယူလာသော ရွှေဘူးကလေးကို ထုတ်ယူကာ ချပေးလိုက်သည်။

"ဒီရွှေဘူးထဲမှာ ဝိညာဉ်မျက်လုံး ဆေးမြစ်ရှိပါတယ်၊ ဒီအတိုင်းပဲထားရင် ဘာမှမထူးခြားပါဘူး၊ အဖုံးဖွင့်ပြီး ဆေးမြစ်ကို လက်ဝါးနဲ့ ဆုပ်ကိုင်ထားလိုက်တော့ ကိုယ်ပျောက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ပရလောကသားတွေကို မြင်တွေ့ရမှာပါ"

ဟု ပြောပြောဆိုဆိုနှင့် နီမောင်ရှေ့သို့ တိုးပေးလိုက်သဖြင့် စိတ်လှုပ်ရှားစွာဖြင့် ကောက်ကိုင်လိုက်သည်။

ဗူးမှာ ရွှေသားအစစ်နှင့်ပြုလုပ်ထားကာ တစ်ဗူးလုံးကနုတ်ပန်းများ ရေးထားသည်။ နှစ်လက်မလောက်သာ ရှိလေသည်။

နီမောင်က အဖုံးဖွင့်လိုက်တော့ အတွင်း၌ ရွှေရောင်တောက်ပနေသည့် ဆေးမြစ်တစ်ခုကို တွေ့ရသည်။

"ကိုနီမောင် လက်တွေ့စမ်းကြည့်ချင်လို့ ပတ်ဝန်းကျင်မှာရှိတဲ့ ပရလောကသားတွေ ဝိညာဉ်တွေကို မြင်တွေ့ချင်တယ်ဆိုရင် ဆေးမြစ်ကို လက်ဝါးနဲ့ ဆုပ်ကိုင်ထားလိုက်ပါ"

ဟု မြနှင်းဖြူက ပြောသည်။

ထို့ကြောင့် တွေတွေထူးထူး စဉ်းစားမနေတော့ပဲ ဗူးအတွင်းမှ ဆေးမြစ်ကို နှိုက်ယူပြီးနောက် လက်ဖြင့်ဆုပ်ကိုင်ထားလိုက်လေသည်။

ထိုသို့ ဆုပ်ကိုင်ပြီးသည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံး ပြောင်းသွားသော မြင်ကွင်းမျိုး မြင်တွေ့ရသည်။ ပြီးမှ တဖြည်းဖြည်းနှင့် မြူနှင်းများ ဝေ့ဆိုင်းနေသည့် မြင်ကွင်းမျိုး ပေါ်လာလေသည်။

ပထမတော့ ဘာမှ သဲသဲကွဲကွဲမရှိပဲ ဝေဝါးနေသည်။ နောက်မှ တဖြည်းဖြည်း မြင်ကွင်းများကို စတင်





တွေ့လာရလေသည်။

သူတို့ပတ်ဝန်းကျင်မှာတော့ ဘာမှမမြင်ရပေ။

အိမ်နှင့် အတော်ဝေးဝေး နေရာမှာတော့ ရပ်နေကြသူများ ရှိကြသည်။ အခြားတော့ မဟုတ်ပေ။

မြကျော်တို့ မိသားစုငါးယောက်ပင် ဖြစ်သည်။

၎င်းတို့သည် အနားမကပ်ဝံ့သော အမူအယာမျိုးဖြင့် အဝေးမှာ သွားရပ်နေကြဟန် ရှိလေသည်။

သူတို့ကိုမြင်ရပြီးနောက် အခြားနေရာများကို ကြည့်သောအခါမှာလည်း နေရာအနှံ့အပြားမှာ ရှိနေကြသော ပရလောကသားတို့ကို မြင်တွေ့ရသည်။

ပြိတ္တာတို့နှင့်ပတ်သက်သည့် အကြောင်းအရာများကို အကျဉ်းချုပ်၍ ဖော်ပြပါမည်။

ရှေးဦးစွာ ပြိတ္တာတို့၏ ဘုံဌာနကို ဖော်ပြပါမည်။

အပါယ်လေးဘုံရှိသည့်အနက် ငရဲဘုံသည် သီးခြား သူ့ဘုံနှင့်သူ ရှိသည်။

သို့သော် ပြိတ္တာတို့မှာမူ သူ့ဘုံနှင့်သူ သီးခြားမရှိပေ။ လူ့ဘုံ၌ လူတို့နှင့် တစ်စပ်တည်း နေထိုင်နေကြရသည်။

ဗုဒ္ဓဘုရားရှင် လက်ထက်က ပြိတ္တာတို့သည် ဟိမဝန္တာတောင်၏ နံပါးဝယ် ဝိဉ္ဈာဋဝီမည်သော တောအုပ်ကြီး၌ အများအပြားနေထိုင်ကြကြောင်း သိရှိရသည်။

ကမ္ဘဇိဒ္ဓိကြီးမားသော ပြိတ္တာ တချို့တို့မှာ နေထိုင်စရာ



www.burmeseclassic.com

www.burmeseclassic.com



ဗီမာန်ရှိသော်လည်း ကမ္ဘဇိဒ္ဓိမကြီးမားသော ပြိတ္တာ တစ္ဆေတို့မှာ ကား. . .

- သစ်ပင်၊ တော၊ ချုံပုတ်များ၌သော်လည်းကောင်း၊
- လှိုဏ်ရိုး၊ မြောင်းရိုးတို့၌လည်းကောင်း၊
- ဟောင်းမြည်းသော လိုဏ်အိုး၊ ဂူအိုကြီးတို့၌ လည်းကောင်း၊
- သုသာန်၊ သင်္ချိုင်း စသည်တို့၌ လည်းကောင်း၊
- ကျောင်းအို၊ ဇရပ်အို၊ ကျောင်းပျက် ဇရပ်ပျက်တို့၌ လည်းကောင်း၊
- တောင်စောင်း ချောက်ကမ်းပါး၊ စသည်တို့၌လည်း ကောင်း၊ သူတို့ပြုလုပ်ခဲ့သည့် အကုသိုလ် ကံအားလျော်စွာ နေထိုင်ခဲ့ကြရလေသည်။

ပြိတ္တာ၊ တစ္ဆေတို့၏ အစားအစာမှာလည်း သူတို့ပြုလုပ်ခဲ့သော အကုသိုလ်ကံအားလျော်စွာ မသဒ်ီစရာ၊ ရွံရှာစရာ အစားအစာများသာ ဖြစ်သည်။

ယင်းတို့မှာ. . .

- လူတို့ စွန့်ပစ်ထားသော စားကြွင်းစားကျန်များ၊
- ထမင်းလုံး ဟင်းလုံး မုန့်ကြွင်းမုန့်ကျန်များ၊
- စွန့်ပစ်ထားသော ငါး၊ အမဲ စသည်များ၊
- ရွံရှာစရာ အကောင်ပုပ်များ၊
- သွေးပုပ်၊ ပြည်ပုပ်များ၊





စသည်တို့ဖြစ်သည်။

ဤထက်ပင် ကုသိုလ်နိမ့်ကျလှသော အကုသိုလ်ကံကြီးမားလှသော ပြိတ္တာတစ္ဆေတို့မှာမူ ဤမျှလောက်ကိုပင် မစားသောက်ကြရပေ။

- နှစ်ပေါင်းများစွာ ဘာမျှမစား၊ မသောက်ရသဖြင့် မွတ်မိုးဆာလောင်နေသော ပြိတ္တာတစ္ဆေများ၊

နှစ်ပေါင်း (၅၅)နှစ်လုံးလုံး ရေတပေါက်မျှ မသောက်ရသော ဂင်္ဂါ မြစ်ကမ်းဘေးမှ ပြိတ္တာမ စသော ဝတ္ထုများကို ...ခေတ် ကိုယ်တွေ့တစ္ဆေ ဝတ္ထုညွှန့်ပေါင်း”၌ တွေ့မြင် ဖတ်ရှုရပေသည်။

နှစ်ပေါင်း ရာထောင်သိန်းသန်းမက ကာလပတ်လုံးလည်းကောင်း၊ ဘုရားတစ်ဆူနှင့် တစ်ဆူအကြား ကာလပတ်လုံးလည်းကောင်း၊ ထမင်းတစ်လုံး ရေတစ်ပေါက်မျှ မသောက်ရဘဲ ...များစွာ ဆင်းရဲဒုက္ခခံစားနေကြရသော ပြိတ္တာ၊ တစ္ဆေများ ...များပြားလှသည်။

ပြိတ္တာတို့၏ ရုပ်ဆင်းသဏ္ဌာန်တို့ ဆက်လက်ဖော်ပြပါ ...

စက်ဆုပ်ရွံရှာဖွယ်ရာ အစားအစာများကိုသာ စား...တ်နေကြရသော ပြိတ္တာတစ္ဆေတို့၏ မူလရုပ်ဆင်းသဏ္ဌာန် ...မြင်ဝံ့ မကြည့်ဝံ့စရာ ကြောက်မက်ဖွယ်ရာ ကောင်းလှပေ...



www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာတို့သည် အမြဲတမ်း ဆာလောင်ငတ်မွတ်နေရသဖြင့် အသားအသွေးလည်း မရှိသဲ အရေ၊ အကြော၊ အရိုးမျှသာရှိသောကြောင့် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ ရုပ်ဆင်းသဏ္ဍာန်ရှိနေသူများ ဖြစ်သည်။

နာနာဘာဝအကြောင်းကို ဖော်ပြပါဦးမည်။

နာနာဘာဝတို့သည် အမြဲတမ်း ဆာလောင်မွတ်သိပ်နေမှု၊ ကြောက်ရွံ့ထိတ်လန့်ဖွယ် ရုပ်ဆင်းသဏ္ဍာန် ရှိနေကြသည်။

သို့သော် အချို့ ပြိတ္တာ၊ တစ္ဆေများမှာ ကမ္မဇိဒ္ဓိကြီးမားသဖြင့် အမျိုးမျိုး ဖန်ဆင်းပြနိုင်သော တန်ခိုးအာနိသင် ရှိကြလေသည်။ သို့ဖြစ်ရာ. . .

- အိမ်သဏ္ဍာန်၊ ကျောင်းသဏ္ဍာန် ဖန်ဆင်းနိုင်ခြင်း
- လူသဏ္ဍာန်၊ တိရိစ္ဆာန်အမျိုးမျိုးသဏ္ဍာန် ဖန်ဆင်းနိုင်ခြင်း။
- ထူးထူးဆန်းဆန်း အဖြစ်ဆန်းအမျိုးမျိုး ဖန်ဆင်းနိုင်ခြင်း။

စသည်တို့ကို ပြုလုပ်နိုင်သောကြောင့် လူများက သူတို့ကို "နာနာဘာဝများ"ဟူ၍လည်း ခေါ်ဝေါ်ကြသည်။

ပြိတ္တာ၊ တစ္ဆေတို့သည် လူ့လောကနှင့် တစ်စပ်တည်း နေထိုင်သူများဖြစ်၍ လင်ယူသားမွေး အိမ်ထောင်ရေး ကိစ္စများကို လူတို့ကဲ့သို့ပင် ပြုလုပ်ကြသည်။



ပြိတ္တာအချင်းချင်း အိမ်ထောင်ပြုခြင်း၊ သားသမီး မွေးဖွားခြင်းတို့ ပြုရုံမျှမက ပြိတ္တာတို့သည် လူသားများနှင့်ပင် အိမ်ထောင်ပြုကြသည့် ဝတ္ထုသာဓကများ ရှိခဲ့သည်။

ပြိတ္တာတို့သည် သားသမီးမွေးဖွားခြင်းကိုလည်း ပြုလုပ်ကြသည်။

လူသားများနှင့် အိမ်ထောင်ပြုကြသည့် ပြိတ္တာများသည် မိမိတို့၏ ကြောက်မက်ဖွယ်ကောင်းလှသော မူရင်းရုပ်ဆင်းသဏ္ဍာန်ကို ဖုံးကွယ်ထားကြသည်။

ပြိတ္တာ၊ တစ္ဆေတို့၏ ရုပ်ကြွင်းကို ဖော်ပြပါမည်။

ပြိတ္တာ၊ တစ္ဆေတို့သည် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ ရုပ်ဆင်းသဏ္ဍာန်ရှိသောကြောင့် သူတို့ သေဆုံးသောအခါ သူတို့၏ ရုပ်ကြွင်းကို အရှိအတိုင်း၊ မူလရုပ်ဆင်းသဏ္ဍာန်အတိုင်း ကျန်ရစ်အောင် မထားရှိခဲ့ကြပေ။

တိရိစ္ဆာန်၊ ပိုးမွှားစသော အကောင်တစ်မျိုးမျိုးတို့၏ အသွင်သဏ္ဍာန်အဖြစ် ပြောင်းလဲကာ ထားရစ်ခဲ့ကြသည်။

ဤအကြောင်းနှင့်ပတ်သက်၍ မိလိန္ဒမင်းကြီးက အရှင်နာဂသိန်အား မေးလျှောက်ခဲ့ဖူးသည်။

ထိုအခါ အရှင်နာဂသိန်က. . .

"မင်းကြီး. . သေကုန်သော တစ္ဆေ၊ ပြိတ္တာတို့၏ ကိုယ်ကောင်ကို တွေ့မြင်ရ၏။ ထိုတစ္ဆေ၊ ပြိတ္တာတို့၏ အပုပ်နံ့သည်လည်း လှိုင်၏။ မင်းကြီး. . သေကုန်သော တစ္ဆေ၊ ပြိတ္တာတို့၏

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကောင်ကို

- ပိုးကောင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏။
- ပေါက်ဖတ်အသွင်ဖြင့်လည်း တွေ့မြင်ရ၏။
- ခြပုန်းအသွင်ဖြင့်လည်း တွေ့မြင်ရ၏။
- ပိုးနှံကောင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏။
- ကင်းခြေများအသွင်ဖြင်လည်း တွေ့မြင်ရ၏။
- ငှက်အသွင်ဖြင့်လည်း တွေ့မြင်ရ၏။
- သမင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏။

ဤသို့ သားတိရိစ္ဆာန် ပိုးမွှားစသော အကောင်အ[illegible] မျိုးတို့၏ အသွင်သဏ္ဌာန်အဖြစ်ဖြင့်သာ တွေ့မြင်ကြရကုန်သည် စသည်ဖြင့် ဖြေကြားတော်မူခဲ့သည်။

အထက်ပါ ရေးသားဖော်ပြသော အကြောင်းအရာ[illegible] မှာ ပြိတ္တာလောကရောက်နေကြသူတို့ နေထိုင်စားသောက်[illegible] သော ဘဝများပင် ဖြစ်ပေသည်။

ဝိညာဉ်မျက်လုံးဟု အမည်ပေးထားသော ဆေးမြစ်[illegible] လက်ထဲမှာ ဆုပ်ကိုင်လိုက်ပြီးနောက်တွင် နီမောင်မျက်စိထဲ[illegible] မြင်တွေ့ရသော မြင်ကွင်းများမှာလည်း ထိုအတိုင်းပင် ဖြစ်[illegible] သည်။

သစ်ပင်တစ်ပင်မှာသော်လည်းကောင်း၊ သစ်ချုံတစ်[illegible] မှာသော်လည်းကောင်း၊ သစ်ကိုင်းတစ်ကိုင်းမှာသော်လည်း ကောင်း၊ မှီတွယ်နေရသော ပြိတ္တာလောကသားတို့မှာ မ[illegible]





တွက်နိုင်အောင် ရှိကြလေသည်။

အားလုံးမှာ စက်ဆုပ်ရွံရှာဖွယ်ရာ အဆင်းသဏ္ဌာန် ရှိကြသော်လည်း သနားစရာ ကောင်းလှသည်။

လူကိုမြင်သည်နှင့် 'အစာရေစာပေးပါ' 'အမျှအတန်းဝေ ပေးပါ'ဟု မပြောသော်လည်း ပြောနေသည့် ဟန်ပန်အမူအယာ များ ရှိကြလေသည်။

နီမောင်လည်း မြင်ရသော မြင်ကွင်းများကို စိတ်ချမ်း သာသောကြောင့် လက်ထဲမှာ ဆုပ်ကိုင်ထားသော ဝိညာဉ်မျက် လုံးဆေးမြစ်ကို ရွှေဘူးအတွင်းသို့ ပြန်ထည့်ကာ အဖုံးပြန်ဖုံးထား လိုက်လေသည်။

ထိုအခါမှပင် စောစောက မြင်နေရသော ပရလောက သားများ ပျောက်ကွယ်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၁)

# ရေဲဆုံနှင့် နတ်ဆုံတို့အကြောင်းများ

ယခုရေးသားမည့်အခန်းတွင် သတ္တဝါတို့သေပြီးနောက် ကူးပြောင်းကြရသည့် ဘုံဘဝများအကြောင်းကိုလည်း သင့်တော်သလောက် ထည့်သွင်းရေးသားရပေသည်။

ယေဘုယျအားဖြင့် ကောင်းသော အထက်ဘုံများနှင့် မကောင်းသော အောက်ဘုံဘဝများဟူ၍ နှစ်မျိုးနှစ်စား ခွဲခြား

www.burmeseclassic.com

www.burmeseclassic.com

ထားပေသည်။

အထက်ဘုံများနှင့် ပတ်သက်ပြီး အမျိုးအမည် အဆင့်အတန်း ကွဲပြားမှုရှိကြသလို အောက်ဘုံဘဝများနှင့် ပတ်သက်၍လည်း အမျိုးအမည် အဆင့်အတန်း ခြားနားမှုများလည်း အများကြီးရှိကြပေသည်။

မည်သို့ပင်ရှိစေ၊ နိဗ္ဗာန်မရမချင်း သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြရသည်ကတော့ မလွဲမသွေ အမှန်တရားပင် ဖြစ်စေသည်။ သုံးဆယ့်တစ်ဘုံတွင် အပါယ်လေးဘုံသားများအကြောင်းကို စိတ်ဝင်စားသောကြောင့် သုတေသနပြု လေ့လာကြသည်များလည်း ရှိကြပေသည်။

နာနာဘာဝများအကြောင်းကို လေ့လာစူးစမ်းသော နာနာဘာဝ မှဆိုးများနှင့် အသင်းအဖွဲ့ထူထောင်ကာ ပရလောကသားများအကြောင်းကို လေ့လာသုတေသန ပြုနေကြသော အဖွဲ့အစည်းများလည်း ရှိကြပေသည်။

သတ္တဝါမှန်သမျှ သေသောအခါ ကိုယ်နောက်ပါသော ကံနှစ်မျိုးသာရှိသည်။ ကောင်းမှုကုသိုလ်ကံနှင့် မကောင်းမှု အကုသိုလ်ကံပင် ဖြစ်သည်။ ထိုကံများကြောင့်ပင် ကောင်းသောဘုံနှင့် မကောင်းသောဘုံဘဝတို့ကို ရောက်ကြရပေသည်။

ထိုအကြောင်းများကို နိုင်ငံခြားမှ သုတေသန ပညာရှင်တို့ သုတေသနပြုကာ ရေးသားထားသော မှတ်တမ်းများလည်း ရှိပေသည်။





ဆွီဒင်နိုင်ငံမှ ဆွီဒင်ဘော့အမည်ရှိသော စာရေးဆရာသည် "နတ်ဘုံနှင့် ငရဲဘုံ"(HEAVEN AND HELL) ဟူသော စာအုပ်ကို (၁၇၅၈)တွင် ရေးသားထုတ်ဝေခဲ့သည်။

ဆွီဒင်နိုင်ငံသားဖြစ်သည့် ဆွီဒင်ဘော့သည် သိပ္ပံဘာသာရပ် အားလုံးလိုလိုကို နက်နက်နဲနဲ လေ့လာခဲ့သည့် သိပ္ပံသုတေသီတစ်ဦးဖြစ်သည်။

သူသည် ဆွီဒင်သတ္တုတွင်း အုပ်ချုပ်ရေး ဘုတ်အဖွဲ့မှာ သတ္တုတွင်းထွက်ပစ္စည်းများကို တန်ဖိုးဖြတ်ပေးရသည့် ရာဖြတ်အလုပ်ကို လုပ်ကိုင်ခဲ့သည်။

ဆွီဒင်ဘော့သည် အသက်အရွယ် ကြီးလာသောအခါ စိတ်ပိုင်း၊ နာမ်ပိုင်း၊ ဝိညာဉ်ပိုင်းဆိုင်ရာ ပညာရပ်များကို တစိုက်မတ်မတ် လေ့လာခဲ့သည်။ ဤအာရုံစူးစိုက်မှု၊ စိတ်တည်ငြိမ်မှုများ ရလာသောကြောင့် (၁၇၄၄)တွင် အာရုံထူးများ ပွင့်လာခဲ့သည်။

ဆွီဒင်ဘော့သည် အသက်(၅၀)ကျော်အရွယ်တွင် စိတ်အာရုံစူးစိုက်နိုင်မှု ကောင်းလာသောကြောင့် တမလွန်လောကခေါ် ပရလောကကို မြင်နိုင်ကြားနိုင် ဆက်သွယ်နိုင်လာသည်။

သူ့ပုံစံက မျက်စိမှိတ်ပြီး စိတ်နှစ်မြော်သွားတဲ့အခါမှာ မြင်ရသည့် အမြင်အာရုံထူးမျိုး မဟုတ်ပေ။

ဆွီဒင်ဘော့သည် မျက်စိနှစ်လုံးဖွင့်ပြီး နဂို စိတ်ကြည်လင်နိုးကြားသော အသိစိတ်ဖြင့် ပရလောကမှ ပရလောကသားတွေကို ဆက်သွယ်ပြီး ပရလောကကြီးအကြောင်း လေ့လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။

သူကိုယ်တွေ့ မြင်ရသော်လည်း မရှင်းလင်းသည့် အချို့ကိစ္စများကို နတ်မင်းကြီးများအား မေးမြန်းဆွေးနွေးခဲ့ရသည်။

ဤသို့ အာရုံထူးနှင့် ပရလောကကို လေ့လာရာမှ ယုံကြည်မှု မယုံကြည်မှုထက် အကြောင်းအရာကို မှန်ကန်စွာ သိနိုင်ရန် သမာသမတ်ကျကျ လေ့လာခဲ့ခြင်းဖြစ်သည်။

ပရလောကကြီး၏ သဘောသဘာဝနှင့် သဘာဝရုပ်သွင်များကို အရှိအတိုင်း (၁၃)နှစ်ကြာအောင် လေ့လာခဲ့ပြီး တွေ့ရှိချက်များကို "နတ်ဘုံနှင့် ငရဲဘုံ"ဟူသော စာအုပ်တွင် ထည့်သွင်းရေးသားခဲ့ခြင်း ဖြစ်သည်။

ဆွီဒင်ဘော့သည် အာရုံထူးသည့် အမြင်အကြားများကို သူကွယ်လွန်ချိန်အထိ ရရှိခဲ့သူဖြစ်သည်။ ခရစ်ယာန်ဘာသာဝင်ဖြစ်သော ဆွီဒင်ဘော့၏ တွေ့ရှိချက်နှင့် ဖော်ပြချက်များတွင် ခရစ်ယာန်ဘာသာနှင့် ကိုက်ညီသော အမြင်များ ရှိသကဲ့သို့ ဆန့်ကျင်ဘက်အမြင်များကိုလည်း ခရစ်ယာန်တရားနှင့်မတူကြောင်း ဝန်ခံ၍ ရေးသားဖော်ပြခဲ့သည်။

အဆိုပါ"နတ်ဘုံနှင့် ငရဲဘုံ"စာအုပ်မှာ စာမျက်နှာ(၄၉၈) ပါရှိပြီး အခန်းပေါင်း(၆၃)ခန်း ခွဲခြားရေးသားထားသည်။

အခန်းမာတိကာ များသော်လည်း ပါဝင်သည့် အကြောင်းအရာမှာ သုံးမျိုးသာဖြစ်သည်။ ၎င်းတို့မှာ နတ်ဘုံ ပြိတ္တာဘုံနှင့် ငရဲဘုံတို့ ဖြစ်သည်။ နတ်ဘုံအကြောင်းကို စာအုပ်၏





သုံးပုံနှစ်ပုံရေးထားပြီး ပြိတ္တာဘုံနှင့် ငရဲဘုံအကြောင်းကို စာအုပ်၏ သုံးပုံတစ်ပုံသာ ရေးထားသည်။

နတ်ဒေဝတာဟုခေါ်သော ကောင်းကင်ဘုံမှာရှိသည့် နတ်တို့၏ဘုံအကြောင်းကို ဖော်ပြရာတွင် နတ်မိစ္ဆာနှင့် နတ်ဆိုးတို့၏အကြောင်း မပါရှိပေ။ နတ်ဘုံနှင့် သက်ဆိုင်သော အချက်အလက်များကို အထပ်ထပ်အခါခါ လေ့လာ၍ မရှင်းလင်းသည့် အချက်များရှိပါက နတ်များကို မေးမြန်းစုံစမ်းပြီး ရေးသားထားပါသည်။

နတ်ပြည်ကို အကြမ်းအားဖြင့် သုံးဆင့်ခွဲထားသည်။ ပထမနှင့် ဒုတိယအဆင့်တို့သည် အထက်နတ်ဘုံဖြစ်သည်။

ပထမအဆင့်သည် အမြင့်ဆုံးဖြစ်ပြီး မိုးနတ်မင်းနှင့် အနီးဆုံးဘုံဖြစ်သည်။

အဆိုပါ ပထမနှင့် ဒုတိယအဆင့် နတ်ဘုံနှစ်ဘုံကို အနန္တကောင်းကင်ဘုံဟုခေါ်သည်။

တတိယဘုံကို ဝိညာဏ်နတ်ဘုံဟုခေါ်သည်။ ထိုဘုံသည် အနိမ့်ဆုံးနတ်ဘုံဖြစ်သည်။ ဆင်းရဲချမ်းသာ မခွဲဘဲ စိတ်နှင်းစေတနာမှန်သောလူတိုင်း သေပြီးနောက် ရောက်ရှိသည့် နတ်ဘုံဖြစ်သည်။

ဝိညာဏ်နတ်ဘုံတွင်ရှိသော နတ်အားလုံးသည် စိတ်နှင်းစေတနာ ဖြူစင်သန့်ရှင်းပြီး အသိဉာဏ် အဆင့်မီသူများသာ [illegible]ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်ဖြူစင်သန့်ရှင်းသည့် စေတနာကို ကောင်းမှုဟုခေါ်ပြီး အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ခြင်းကို အသိဉာဏ်အဆင့်မီသည်ဟုခေါ်သည်။ အဆိုပါနှစ်ချက်နှင့် ပြည့်စုံသူတိုင်းသည် ဝိညာဏနတ်ဘုံ(တတိယဘုံ)သို့ ရောက်ရှိကြခြင်း ဖြစ်သည်။

ဖြူစင်သန့်ရှင်းသည့် စေတနာသည် မေတ္တာဖြစ်သည်။ မေတ္တာနှင့် အသိဉာဏ်ဟူသော သစ္စာဉာဏ်သည် နတ်ဘုံသို့ ရောက်စေသည့် အဓိကအချက်များ ဖြစ်သည်။

နတ်ဘုံများတွင် အထက်ဘုံနှင့် အောက်ဘုံခြားနားမှုသည် မေတ္တာနှင့် သစ္စာဉာဏ်တို့ အနည်းအများအလိုက် ကွဲပြားခြင်း ဖြစ်သည်။

မေတ္တာနှင့် သစ္စာဉာဏ် အများဆုံးရှိသူသည် နတ်ဘုံအမြင့်ဆုံးရောက်နိုင်ပြီး အနိမ့်ဆုံးရှိသူသည် နတ်ပြည်အောက်ဆုံးဘုံကို ရောက်နိုင်သည်။

နတ်ဘုံ အထက်ဘုံကိုရောက်လေ တန်ခိုးကြီးလေ၊ ရုပ်ရူပကာယ တင့်တယ်လေ၊ ကိုယ်ရောင်ခြည် တောက်ပလေ ဖြစ်သည်။

နတ်၏ ကိုယ်ရောင်ခြည်ကိုကြည့်၍ ထိုနတ်၏ အဆင့်ကို သိနိုင်သည်။

နတ်တို့သည် လူများကဲ့သို့ ရပ်ရွာမြို့နယ်များနှင့် နေထိုင်ကြသည်။ အရပ်လေးမျက်နှာတွင် အရှေ့အရပ်သည် အကောင်းဆုံး ဖြစ်သည်။





နတ်များသည် လူပုံသဏ္ဌာန်မျိုးကဲ့သို့ ခေါင်း၊ ခြေ လက်များရှိပြီး မျက်နှာသည် လူမျက်နှာနှင့် တူသည်။

နတ်တစ်ဦးနှင့်တစ်ဦးသည် နတ်စကားနှင့် ဆက်သွယ်ကြသည်။ နတ်စာလည်း ရှိသည်။ နတ်စကား၊ နတ်စာတို့သည် လူ့စကား လူ့စာနှင့်မတူပေ။ နတ်စကားတစ်လုံး နတ်စာတစ်လုံးသည် လူ့စာ လူ့စကား အလုံး(၅၀၀)နှင့် ညီသည်။ လူ့ပြည်သား လူ၏ရုပ်သဏ္ဌာန်နှင့် စာတို့သည် နတ်ပုံသဏ္ဌာန်နှင့် စာလုံးများ၏ ရောင်ပြန်များ ဖြစ်သည်။

နတ်ပြည်သည် လူ့ပြည်မှ ရပ်ရွာများကဲ့သို့ ရပ်ရွာ၊ လမ်း၊ ဥယျာဉ်၊ အဆောက်အအုံများ၊ အိမ်များ၊ နန်းတော်များ ရှိသည်။

ပန်းပင်၊ သစ်ပင်များသည် လူ့ပြည်မှ ပန်းပင်ထက် အရည်အသွေး အရောင်စုံလင်၍ လှပသည်။

နတ်ပြည်မှ နန်းတော်သည် ငေးမောကြည့်ရအောင် ခမ်းနားလှပ ကျက်သရေရှိသည်။ နတ်ပြည်နတ်နန်း အံ့မခန်းဟု ခေါ်ကြသည်။

နတ်ပြည်တွင် အဆင့်ဆင့် အုပ်ချုပ်ရေးရှိသည်။ နတ်ပြည်ကို အုပ်ချုပ်သူ နတ်မင်းကြီးတို့သည် နတ်ဂိုဏ်းများ နေရေး ထိုင်ရေး၊ သာယာရေးကို တရားမျှတစွာ စီမံရသည်။ နတ်ဘုံ၏ အကျိုးကို ဆောင်ရွက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်အထက်ဘုံက အောက်နတ်ဘုံကို ဆက်သွယ်နိုင်သည်။ သွားရောက်နိုင်သည်။ အောက်ဘုံက အထက်နတ်ဘုံကို မဆက်သွယ်နိုင်၊ မဝင်နိုင်ပေ။

နတ်များ၏အလုပ်မှာ လောကအကျိုးကို ဆောင်ရွက်ခြင်း ဖြစ်သည်။ လူ့ပြည်နှင့် ငရဲပြည်တွင် ရှိသူတို့၏ ဆိုးသွမ်းစိတ်များယွင်းသော အတွေးအခေါ် ရှိသူများကို လမ်းမှန်ရောက်အောင် သတိပေးရသည်။ ဖျောင်းဖျရသည်။ ကလေးသူငယ်များကို စောင့်ရှောက်ရသည်။ နတ်ပြည်ရောက်လာသည့် ကလေးများကို ထိန်းသိမ်းစောင့်ရှောက်၍ ပညာသင်ကြားပေးရသည်။

နတ်များတွင် စားရေး၊ ဝတ်ရေး၊ နေအိမ်ရရှိရေး၊ ခရီးသွားလာရေးတို့အတွက် စိုးရိမ်ဖွယ် မရှိပေ။ မိမိချစ်သူနှင့် အတူနေနိုင်သည်။

နတ်အိမ်ထောင်ရေးသည် နတ်သားနတ်သမီးတို့၏ စိတ်နှစ်ခုကို ပူးပေါင်းခြင်း ဖြစ်သည်။ နှစ်ကိုယ့်တစ်စိတ် ချစ်ခင်ခြင်းဖြစ်သည်။ တစ်ဖက်နတ်က မေတ္တာလျော့သွားသည်နှင့် အလိုလို ခွဲခွာပြီး ဖြစ်သည်။ သားသမီးမျိုးဆက် မရှိနိုင်ခြင်းကြောင့် အိမ်ထောင်ရေးကိစ္စ၊ သားသမီးအတွက် စိုးရိမ်သောကများ မရှိပေ။

နတ်ဘုံသည် မေတ္တာနှင့်သစ္စာသာ ရှိသည့်အတွက် ကြောင့်ကြပူပန်မှု မရှိသည့် အေးချမ်းသာယာသည့် ဘုံဖြစ်သည်။





လူ့ပြည်က လူများသေပြီးနောက် နတ်ပြည်သို့ ချက်ခြင်းရောက်သူ အနည်းငယ်သာ ရှိသည်။

အများစုသည် သေပြီးပါက ကြားစခန်းဖြစ်သော ပြိတ္တာဘုံ(ခေါ်)တမလွန်ဘုံတွင် ခေတ္တနေရသေးသည်။

သို့ဖြစ်၍ တမလွန်ဘုံ(ခေါ်) ပြိတ္တာဘုံသည် သေဆုံးသူများနေဖြင့် နတ်ဘုံနှင့်ငရဲဘုံ မရောက်သေးခင်မှာ နားနေပြင်ဆင်ရသော လမ်းခုလတ် စခန်းဖြစ်သည်။ သေသွားတဲ့ လူတိုင်းလိုလို ဖြတ်သန်းသွားရသော ဘုံဖြစ်သောကြောင့် အလွန်ကျယ်ဝန်းပြီးမားသည့် ဘုံဖြစ်သည်။

တမလွန်ဘုံ(ခေါ်)ပြိတ္တာဘုံသည် နတ်ဘုံနှင့် ငရဲဘုံရောက်သေးခင်မှာ နားနေပြင်ဆင်ရသော လမ်းခုလတ်စခန်းဖြစ်သည့်အတွက် လူ့ဘုံလောကနှင့် တစ်ဆက်တည်း တစ်စပ်တည်းရှိသော ဘုံဖြစ်သည်။

ဤဘုံသည် နတ်ပြည်နှင့် ငရဲပြည်သွား လမ်းခွဲရသည့် ဆောင်ညိုပင်စခန်းဖြစ်သည်။

လူ့ပြည်မှာ နောက်ဆုံး အသက်ထွက်သွားသည့်အခါ မြေဩကဲ့သို့ ဇာပုဝါပါးကလေးကို ဆွဲဖွင့်လိုက်သကဲ့သို့ ခံစားကြရသည့်အချိန်မှာ တမလွန် ပြိတ္တာဘုံကို ရောက်သွားသည်ကို ပထမဆုံး သိလိုက်ခြင်း ဖြစ်သည်။

ဤသို့ မေ့မြောနေသည်မှာ အများအားဖြင့် သုံးလေးမိနစ် ကြာတတ်သည်။ သတိရလာသည့် အချိန်မှာ မျက်ခင်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်ယာက နိုးလာသကဲ့သို့ ခံစားရသည်။

သေသွားသူသည် မသေခင်ကရှိသော အာရုံခံစာ
များ၊ အသိဉာဏ်များ၊ မှတ်ဉာဏ်များ ဆက်လက်ရှိနေသေး
ဖြင့် သေသွားသောကြောင့် တမလွန်ဘုံ ရောက်နေပြီဟု မသိ
သူ့ကိုယ်သူ လူ့ဘဝမှာ ဆက်နေသည်ဟု ထင်မှတ်နေသ
နိုးတစ်ဝက် အိပ်တစ်ဝက် စိတ်မျိုးဖြစ်သည်။ ထိုသူ၏ ရုပ်
အကျင့်စရိုက်၊ ဝါသနာ ခံ့မင်တပ်မက်မှု စသည်တို့သည် လူ့
ကအတိုင်း ဖြစ်သည်။ အသံသည်လည်း လူ့ဘဝကအတိုင်း
သည်။ ယုံကြည်မှုနှင့် အတွေးအခေါ်များမှာလည်း မူလအ
ဖြစ်သည်။

အဆိုပါအဆင့်သည် သေပြီးစမှ ပထမဆုံး တွေ့ရ
ဖြစ်သည်။

အဆင့်သုံးဆင့် ကူးပြောင်းရသည့်အနက် ဒုတိယ
ဆင့်မှာ အရှုတ္တအတွင်းစိတ်များ ပေါ်ထွက်လာသည့် အ
ဖြစ်သည်။ အချိန်ကြာသည့်အခါ ဖုံးဖိထားသော စိတ်ရင်း
ပေါ်လာသည်။

တမလွန်လောကတွင် ဟန်ဆောင်ဖုံးဖိ၍ မရသ
ကိုယ်ကျိုးကိုသာ ကြည့်တတ်သည့် စိတ်များသည် အပြင်
ပေါ်လာသည်။

မည်သည့် အချုပ်အချယ် မရှိတော့သဖြင့် ယခ
ဖုံးဖိထားသော တပ်မက်မှုများ၊ လောဘများ၊ မခံချင်စိတ်၊ ေ





တဏှာရာဂများသည် ဒလဟော ထွက်လာသောကြောင့် ဤ
အခြေအနေတွင် လူတို့သည် စိတ်ရောဂါဝေဒနာသည်များလို
ဘမောက်ကမ ထိန်းမနိုင်သိမ်းမရ ဖြစ်လာသည်။

ထိုသူတို့ကို နတ်များက လာရောက်ပြီး ဖျောင်းဖျကြ
သည်။ လမ်းညွှန်ကြသည်။ သတိပေးကြသည်။

နတ်များက သတိပေးတားမြစ်သော်လည်း နားမ
ထောင်သူ များသည်။ နားမထောင်နိုင်သူများသည် ငရဲဘုံရောက်
သွားပြီး သတိသံဝေဂ ရသူများသည် နတ်ပြည်ရောက်သွား
သည်။

ဤအဆင့်ကို ဘုံကူးပြောင်းရေး ပြင်ဆင်ရေး အဆင့်ဟု
ခေါ်သည်။

တမလွန် ပြိတ္တာဘုံမှာ သီတင်းသုံးပတ် လေးပတ်ကနေ
ပြီး နှစ်ချီ၍ ကြာတတ်သည်။ သို့သော်နှစ်(၃၀)ထက်တော့ မပို
ပေ။

ငရဲဘုံသည် နတ်ဘုံကဲ့သို့ ကူရာများကို စုထားသော
ဘုံခွဲသုံးခုရှိသည်။

၎င်းမှထပ်ပြီး ခွဲထားသော ငရဲဘုံခွဲ များစွာရှိသည်။

တမလွန်ဘုံက ပြောဆိုဆုံးမ၍ မရသူတို့သည် နောက်
ဆုံး ငရဲဘုံကို ဇောက်ထိုးကျလာသည်။

ငရဲဘုံကို နတ်များက အုပ်ချုပ်သည်။ နတ်များသည်
ငရဲကျနေသူများကို ပြစ်ဒဏ်ပေးပြီး အကြောက်တရားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ထားသည်။

ငရဲဘုံသို့ ရောက်လာသူများသည် မိမိပြုခဲ့သည့် အက
သိုလ်ကံကြောင့် ရောက်လာကြခြင်း ဖြစ်သည်။ မိမိပြုခဲ့သည့်
မကောင်းမှုကံ၏ အကျိုးဆက်ဖြစ်သည်။

ငရဲဘုံမှာ ပြစ်ဒဏ်ခံရခြင်းတွင် ပြင်းပြင်းထန်ထန် ခံ
ခြင်းနှင့် သက်သက်သာသာ ခံရခြင်းဟူ၍ အမျိုးမျိုးရှိသည်။

ငရဲဘုံသားတို့၏ မျက်နှာပုံသဏ္ဌာန်သည် မနှစ်မြို့ဖွယ်
လူသေကောင်မျက်နှာနှင့်တူ၍ အရောင်အဆင်းမှာ မည်းမှောင်
နေသည်။

ထိုငရဲဘုံသားတို့သည် လူ့ဘဝမှာ နေထိုင်ခဲ့စဉ်က
မရွှည်းဥစ္စာ မက်မောသူများ၊ အမုန်းတရား လွှန်ကဲသူများ၊ မ
လိုရန်လိုသူများ၊ ကောက်ကျစ်လိမ်ညာသူများ၊ အကြင်နာကင်း
၍ ရက်စက်သူများ၊ ဒေါသလွှန်ကဲသူများ ဖြစ်သည်။

ငရဲဘုံသည် ကမ္ဘာကြီးအောက် နေရာတကာမှာရှိ
ငရဲဘုံဝင်ရာ ဂိတ်ပေါက်များသည်. . တောင်ခြေလိုဏ်ဂူများ
ကျောက်ဂူများ၊ ကျောက်တုံးများ ကြားမှာရှိသည်။ ထိုအပေါက်
အောက်ဖက်သို့ ဆင်းလိုက်ပါက အသူတစ်ရာနက်သည့် တွင်း
ကြီးထဲသို့ ကျရောက်သွားသည်။

ငရဲဘုံကို အရပ်လေးမျက်နှာ ခွဲခြားထားသည်။
နောက်ဘက် ငရဲခန်းသည် အဆိုးဝါးဆုံးဖြစ်ပြီး အရှေ့ဘက်
ရဲခန်းသည် သက်သာသည်။





အနောက်ဘက်ငရဲခန်း ရောက်သူများသည် လူ့ဘဝ
တွင် နေထိုင်ခဲ့ကြစဉ်က အမုန်းတရားများသူ၊ ဒေါသလွှန်ကဲသူ၊
သူ လိမ်ကကျစ်ကျသူများ ရောက်သည့်နေရာဖြစ်သည်။

အရှေ့ဘက်ငရဲခန်းမှာ ဘုရားမဲ့၊ တရားမဲ့သူများ၊ မာန်
မာနတက်သူများ ကျရောက်သောနေရာဖြစ်သည်။

အနောက်ငရဲခန်း၏ နောက်ဘက်မှာ သစ်တောကြီး
ရှိသည်။ အဲဒီမှာ နတ်မိစ္ဆာများ ကျက်စားနေကြသည်။

မြောက်ဘက်ငရဲခန်း၏ နောက်ဘက်မှာ နတ်ဆိုးများ
မှီခိုနေသည်။

တောင်ဘက်ငရဲခန်းများ၏ နောက်ဘက်တွင် သဲကန္တာ
ရကြီး ရှိသည်။

ငရဲဘုံများသည် လွှန်စွာကျယ်ဝန်းလှပြီး အထပ်ပေါင်း
များစွာရှိသည်။ ငရဲအထပ်ထပ်နှင့် အောက်ထပ်ကူးတဲ့ လမ်း
ကြောင်းများရှိသည်။

ငရဲပြည်ဝင်ရာ ဂိတ်ပေါက်များတွင် နတ်များစောင့်နေ
သည်။ ငရဲခန်းများကိုလည်း နတ်များက အလှည့်ကျစောင့်
ရှောက်နေကြရသည်။

ဤနတ်ဘုံ၊ ပြိတ္တာဘုံ၊ ငရဲဘုံများကို ပရလောကဟု
ခေါ်သည်။

အဆိုပါ ပရလောကဘုံများနှင့် လူ့ဘုံသည်-အနီးအ
နားမတူသော်လည်း လူများသေလျှင် ကူးပြောင်းသွားရသည့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း တည်ရှိနေသောဘုံဖြစ်သည်။

ဤပရလောကဘုံတွင် ရောက်ရှိနေသည့်လူ၏ မေတ္တာ စိတ်ပြည့်ဝမှုနှင့် စရဏတရား ကောင်းမွန်မှုတို့က ထိုလူကို အထက်ဘုံကို ရောက်စေသည်။

သို့ဖြစ်၍ လူသည် မိမိ၏ လားရာဂတိကောင်းရန် လူ့ဘဝတွင် အသက်ရှင်စဉ်မှာပင် ကြိုးစားကျင့်ကြံရပေမည်။

ထိုကဲ့သို့ရေးသားဖော်ပြထားသည်ကို တွေ့ရလေသည်







## အခန်း (၁၂)

# မေတ္တာရနံ့ သင်းပျံ့သောည

ဝိညာဉ်မျက်လုံးဟူခေါ် သော ပရလောကသားတို့ကို ...နိုင်တွေ့နိုင်သောဆေးမြစ် ရပြီးသည့်နောက်မှာတော့ နီမောင် ...ဉ မြကျော်တို့နေသော အိမ်ကြီးမှာ မနေတော့ပဲ မြနှင်းဖြူတို့ ...နအိမ်သို့ ပြောင်းသွားလေတော့သည်။

သွားကာနီးတော့ မြကျော်ကို ပြောပြရသည်။

"ငါ သွားတော့မယ် မြကျော်၊ မင်းတို့မိသားစုအတွက်



www.burmeseclassic.com

www.burmeseclassic.com



ငါ စိတ်မကောင်းပါဘူး၊ ဘာပဲဖြစ်ဖြစ် ကုသိုလ်ကောင်းမှု[illegible] ပြုလုပ်ပြီးတော့ မင်းတို့မိသားစုတွေ ကျွတ်ရာလွတ်ရာ ဘုံအ[illegible] ရောက်အောင် ငါ အမျှအတန်း ဝေပေးပါ့မယ်”

“ကျေးဇူးတင်ပါတယ်ကွာ၊ ငါတို့အခြေအနေက သူ[illegible] လုပ်ပေးမှပဲ ရနိုင်တော့မှာမို့ မင်းကိုပဲ မျှော်နေပါ့မယ်”

“စိတ်ချပါကွာ၊ တကယ်တော့ သူတို့ခိုင်းစေတဲ့ အလု[illegible] မျိုးကို သာမန်အခြေအနေသာဆိုရင် ငါ မလုပ်ပါဘူး၊ ဒါပေမဲ့ မင်းတို့ရောက်နေကြရတဲ့ ဘဝတွေကို မြင်ရတွေ့ရပြီးတဲ့နောက် မှာ ငါလုပ်ပေးဖို့ ဆုံးဖြတ်ခဲ့တာပါ”

မြကျော်ကတော့ ဝမ်းနည်းနေသော မျက်နှာအမူအရာ[illegible] မျိုးဖြင့် ကြည့်နေလေသည်။

“ဘာမှအားမငယ်ပါနဲ့ကွာ၊ အခုတော့ ငါလည်း [illegible] ပေးပါ့မယ်လို့ ကတိပေးလိုက်ပြီးပါပြီ၊ မကြာခင် ငါ ပြန်လာ[illegible] ပါ့မယ်”

မြကျော်က ခေါင်းညိတ်ပြလေသည်။

ထို့နောက်တွင် မြနှင်းဖြူတို့အိမ်သို့ လိုက်သွားလေသည်[illegible]

သို့သော်လည်း ချက်ချင်းပြန်၍ မရသေးပေ။

သောင်းကျန်းသူများ ဖျက်ဆီးထားခဲ့သည့် ရထား[illegible] လမ်းများ ပြုပြင်နေသောကြောင့် ရန်ကုန်ဘက်ပြန်သော ရထား[illegible] မရှိသေးသဖြင့် မပြန်နိုင်သေးသောကြောင့် ထိုမှာပင် ခတ်[illegible] ရသည်။





ထိုသို့နေရသဖြင့် မြနှင်းဖြူနှင့်တော့ ခင်မင်ရင်းနှီးမှု ပိုရလာလေသည်။

မြနှင်းဖြူ၏ မိသားစုများကလည်း ထိုသို့ နီမောင်တစ်ယောက် အလုပ်လုပ်ပေးရန် လက်ခံလိုက်ခြင်းကို ဝမ်းသာနေကြလေသည်။ ဦးဘညိုက. . .

“ဒီအလုပ်မျိုးတွေက လူတိုင်းကို ခိုင်းစေလို့ မရသလို သိဒ္ဓိရှိတဲ့ ဝိညာဉ်မျက်လုံး ဆေးမြစ်ကိုလည်း လူတိုင်းလက်ထဲကို ထည့်ပေးလို့မရဘူး. . ၊ ဆေးမြစ်ရသွားပြီးမှ မဟုတ်တာတွေ လျှောက်လုပ်ရင် ခက်ကရော မဟုတ်လား”

ဟု ကွမ်းဝါးနေရင်းမှပြောရာ နီမောင်က အသာအယာ ခေါင်းညိတ်ပြလိုက်သည်။

“ဒါကြောင့် ကောင်းတဲ့ကိစ္စအတွက် လုပ်ပေးဖို့ လူရွေးတဲ့နေရာမှာ အတော်ကလေး အရေးကြီးတယ်၊ လူရွေးတာမှားရင် အားလုံးဒုက္ခရောက်ကြရလိမ့်မယ်”

“မှန်ပါတယ်. . ၊ ကျွန်တော်နဲ့ တစ်ခါမှ မတွေ့ဘူးကြပဲ ဘာကြောင့် ကျွန်တော့်ကို ရွေးတာပါလဲ”

“ငါတို့က သာမန်လူတွေပါကွာ၊ လူတွေရဲ့ အကြောင်းတွေကိုလည်း မသိပါဘူး၊ ဒါပေမယ့် သူတို့နဲ့ အဆက်အသွယ်ရှိတော့ သူတို့ထားရာမှာနေ စေခိုင်းတာကို လုပ်ပေးနေကြရသူတွေပါ၊ ဒါကြောင့် မင်းအကြောင်းလည်း ငါတို့က ဘာမှမသိကြပါဘူး၊ မင်းကို စေခိုင်းဖို့ ရွေးချယ်တာက ရွှေဂိုဏ်းဆိုက်က



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်တွေပါပဲ”

နီမောင်က ဘာမှပြန်မပြောပဲ သက်ပြင်းတစ်ချက် ချ လိုက်လေသည်။

“မင်း ဒီထက်ပိုပြီး သဘောပေါက်သွားအောင် အခွင့်ရ တာနဲ့ ရွှေဂျိုးဖြူသိုက်ကြီးထဲ ခေါ်သွားပါ့မယ်”

ဟုပြောပြရာ နီမောင်လည်း စိတ်ဝင်စားသွားလေတော့ သည်။

ညနေစောင်း အချိန်ရောက်တော့ တစ်နေရာမှ မောင်း ထုနေသော အသံမျိုး ကြားကြရသည်။

ရွာလူကြီးအိမ်မှ အကြောင်းရှိသဖြင့် အချက်ပေးသော မောင်းသံမျိုး ဖြစ်သည်။

ထိုအသံကြားတော့ မြနှင်းဖြူက ပြောသည်။

“မောင်းသံကြားရပြီ . . ။ ကျွန်မတို့သွားရအောင် ကိုနီ မောင်”

“ဟင် . . ဘယ်ကိုသွားရမှာလဲ”

“ရွှေဂျိုးဖြူသိုက်ကို သွားရမယ်၊ သူတို့က လာဖို့ခေါ်နေ ကြပြီ”

ထိုအခါမှ မောင်းသံကြားရသည့် အဓိပ္ပါယ်ကို သဘော ပေါက်ရပေတော့သည်။

ထို့နောက် မြနှင်းဖြူနှင့်အတူ မောင်းသံကြားနေရာ ဘက်သို့ ထွက်လာကြလေသည်။





လမ်းတစ်လျှောက်မှာ သစ်ပင်များ ချုံနွယ်ပိတ်ပေါင်း များသာရှိပြီး လူသွားလမ်းကလေးများအတိုင်း လာကြရာ နောက် ဆုံး ဂျိုးဖြူရေကန်ကြီးအစပ်သို့ ရောက်သွားကြသည်။

အချိန်က ညဦးပိုင်းအချိန် ရောက်နေပြီ ဖြစ်သော ကြောင့် ကောင်းကင်၌ လရောင်ရှိနေသည်။ ထိုလရောင်ကြောင့် ကန်ရေပြင်တစ်ခုလုံး ငွေရောင်တလက်လက် တောက်ပနေ လျက် ရှိပေသည်။ ရေကန်မှာလည်း အတော်ပင် ကျယ်ဝန်းလှ သည်။ ကမ်းစပ်ရောက်တော့ အနောက်ဘက်သို့ လျှောက်သွား ကြရာ တစ်နေရာရောက်တော့ ကျောက်တောင်တစ်ခုကို တွေ့ရ သည်။

အမြင့်ပေတော့ သိပ်မများလှပေ။

အောက်ဘက်တွင် ဂူပေါက်ဝတစ်ခုရှိသည်။ မောင်းသံ က ထိုဂူပေါက်အတွင်းမှ လာနေခြင်းဖြစ်သည်။

ထိုနေရာရောက်တော့ မြနှင်းဖြူက ပြောသည်။

“ကျွန်မတို့ ဂူထဲဝင်ကြရမယ်၊ ဂူထဲရောက်လို့ ကြောက်စ ရာကောင်းတာတွေ တွေ့ရင်လည်း မကြောက်နဲ့နော်၊ သူတို့က ကိုနီမောင်ကို ဘာမှ အန္တရာယ်ပေးကြမှာ မဟုတ်ဘူး”

ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် မောင်းသံကြားနေရသော ဂူပေါက်အတွင်း သို့ ဝင်ကြလေသည်။

အပေါက်ဝရောက်သည်နှင့် ကြောက်စရာကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းက ဆီးကြိုနေတော့သည်။ အခြားမဟုတ်ပေ။

တင်းပုတ်ကြီးများ ထမ်းထားသော ကျောက်ဘီလူးကြီး နှစ်ကောင်က သူတို့ဝင်လာတာမြင်သည်နှင့် အသက်ဝင်လာသကဲ့သို့ ဖြစ်လာရကာ လှုပ်ရှားလာလေတော့သည်။

ရှေ့မှသွားနေသော မြနှင်းဖြူက ထိုနေရာရောက်တော့ ခြေလှမ်းရပ်ပေးလိုက်သည်။

ကျောက်ဘီလူးနှစ်ကောင် အသေအချာကြည့်ပြီးတော့မှ ငြိမ်သက်သွားကြသဖြင့် ရှေ့သို့ ဆက်ဝင်ကြသည်။

တစ်နေရာရောက်တော့ မြွေကြီးတစ်ကောင် ခွေနေသည်ကို တွေ့ရပြန်သည်။ အကောင်အရွယ်အစား ကြီးမားသောကြောင့်ဇင်း၊ ခွေနေသည်မှာ ဂူပေါက်တစ်ခုလုံး ပိတ်နေရာ. . လူတစ်ယောက်ပင် မစင်သာတော့ပေ။

မြနှင်းဖြူ ထိုနေရာရောက်တော့ ရပ်တံ့ပေးလိုက်ပြန်သည်။ ထိုသို့ရပ်ပေးလိုက်တော့ မြွေကြီးဦးခေါင်းက တဖြည်းဖြည်း လျှောဆင်းလာရာ အနားသို့ ရောက်လာသည်။

ဦးခေါင်းက တင်းတောင်းလောက်ကြီးပြီး မျက်လုံးက လင်းကွင်းလောက်ရှိပေမည်။

နီမောင့်အနီး ရောက်လာတော့ အသက်ပင် ပြင်းပြင်းမရှူဝံ့သောကြောင့် ငြိမ်နေရသည်။

အတန်ကြာတော့ မြွေကြီးက ကိုယ်ကိုကျုံ့ပေးရာ လူဝင်လောက်သော အပေါက်တစ်ခု ပေါ်လာသဖြင့် ထိုနေရာမှ





အတွင်းသို့ ဝင်သွားကြလေသည်။

ဤသို့ဖြင့် ကြောက်စရာကောင်းသော အစောင့်များ၊ အတားအဆီးများကို တဆင့်ပြီးတဆင့် ကျော်သွားကြပြီးနောက်မှာတော့ မီးရောင်များဖြင့် လင်းထိန်နေသော အခန်းကျယ်တစ်ခုအတွင်းသို့ ရောက်သွားကြသည်။

ထိုအခန်းမှာ ကျောက်ဂူတစ်ဂူနှင့်မတူပဲ နန်းတော်ခန်းမဆောင်တစ်ဆောင်ကဲ့သို့ပင် လှပခမ်းနားခြင်းမျိုး ရှိလေသည်။

ရှေးခေတ် အသုံးအဆောင် ပစ္စည်းများရှိသော ထိုခန်းမကျယ်ကြီးထဲမှာ ရပ်နေသော လူသုံးယောက်တို့နှင့်အတူ အခြားအစေအပါးဖြစ်ဟန်ရှိသော အမျိုးသမီးများကိုလည်း တွေ့ရသည်။

သက်တူရွယ်တူများဖြစ်ပြီး ရှေးက နန်းတွင်းသူများ ဝတ်ဆင်သော အဝတ်အစားများကို ဝတ်ဆင်ထားကြလေသည်။

အခန်းအလယ်မှာ ရပ်နေသူသုံးယောက်တို့မှာ ယောက်ျားနှစ်ယောက်နှင့် မိန်းမတစ်ယောက်ဖြစ်သည်။

အသက်ချင်း မတိမ်းမယိမ်း ရှိကြကာ ချောမောလှပသူများ ဖြစ်ကြလေသည်။ ၎င်းတို့ကလည်း ရှေးခေတ်က ဝတ်ဆင်သော အဝတ်အစားတို့ကို ဝတ်ဆင်ထားကြလေသည်။

နီမောင်နှင့် မြနှင်းဖြူတို့ ဆင်းလာသည်ကို မြင်သောအခါ ချိုသာသောအပြုံးများဖြင့် ဆီးကြိုကြသည်။

ထို့နောက် အခန်းတစ်ခန်းအတွင်းသို့ ခေါ်သွားရာ. .



www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းတွင်းရောက်တော့ ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသော အဘိုးကြီးတစ်ယောက်ကို တွေ့ရသဖြင့် နှစ်ယောက်စလုံး လက်အုပ်ချီလျက်အရိုအသေ ပေးလိုက်ကြသည်။

အဘိုးကြီးက အေးချမ်းစွာဖြင့် ခေါင်းညိတ်ပြရင်း သင့်တော်သောနေရာတွင် ထိုင်စေသဖြင့် ဝင်ထိုင်ကြရသည်။

"ရှေးအတိတ်ဘဝက အဝဆောက်၊ ပဌာန်းဆက်တွေ ပါလာကြတော့လည်း ပြန်တွေ့ကြရတယ်၊ လူ့ဘဝဆိုတာ ရခဲတဲ့နေရာတစ်ခုပဲ. . ၊ အဘတို့လို ပရလောကသားတွေမှာ ဘယ်လောက်ပဲ ကမ္မဇိတ္တိတန်ခိုးတွေ ရှိကြပေမယ့် လူ့ဘဝကို မမီကြရပါဘူး၊ လူ့ဘဝဆိုတာ ရချင်ပေမယ့် ရောက်ဖို့မလွယ်တဲ့ နေရာတစ်ခုပါပဲ"

နီမောင်တို့ကတော့ ငြိမ်သက်စွာနှင့်ပင် နားထောင်နေကြလေသည်။

"ငါ့မြေးတို့တတွေ ကံကောင်းလို့ လူ့ဘဝ ရောက်တဲ့အခိုက်မှာ အမြတ်မရရင်တောင် အရှုံးမရှိအောင် ကြိုးစားရမယ်၊ ကိုယ်လုပ်ပေးရမယ့် အလုပ်တွေကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးကြရမယ်၊ လောကက အမျှဝေသံတစ်ခုဟာ ပရလောကသားတွေရဲ့ ဘဝတစ်ခုလုံး ပြောင်းလဲသွားနိုင်တယ်ဆိုတာ သတိရကြပါ။

ကိုယ်ပေးလိုက်တဲ့ ကောင်းမှုကုသိုလ်ရဲ့ အမျှကို သာဓုခေါ်ခွင့်ရတဲ့ ပရလောကသားတစ်ဦးဟာ ယုတ်ညံ့တဲ့ ပြိတ္တာဘဝကနေ အဆင့်အတန်းမြင့်တဲ့ ဘုံဘဝကို ချက်ချင်းရောက်သွားနိုင်တယ်၊ ဒါကြောင့် ငါ့မြေးတို့ ဒီလိုကောင်းမှုမျိုးကို လုပ်ပေးခွင့်ရတဲ့အချိန်မှာ အကောင်းဆုံးဖြစ်အောင်သာ လုပ်ပေးကြပါ"





ထိုစကားကြားတော့မှ နီမောင်မှာ သူဆောင်ရွက်ပေးရမည့် တာဝန်များကို ပိုပြီးသဘောပေါက်လာရပေပြီ။

"ဒီတာဝန်မျိုးတွေက အဘတို့တတွေက လုပ်ပေးလို့မရဘူး၊ ကမ္မဇိတ္တိတန်ခိုးရှိပေမယ့် ဘာမှမတတ်နိုင်ကြပါဘူး၊ ဒါကြောင့်. . လုပ်ပေးနိုင်တဲ့ သူတွေကိုပဲ အားကိုးကြရပါတယ်၊ ဒီလောက်ဆိုရင် မင်း လုပ်ပေးရမယ့် တာဝန်တွေကို သဘောပေါက်ပြီ မဟုတ်လား. . လူကလေး"

"ဟုတ်ကဲ့. . . သဘောပေါက်ပါပြီ အဘိုး၊ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

"သာဓု. . သာဓု. . သာဓု"

ထိုသို့ သာဓုခေါ်ပြီး ထသွားရာ နီမောင်တို့လည်း ပြန်ထွက်လာကြလေသည်။

စောစောက လူသုံးယောက်က နီမောင်တို့ကို ကျောက်ဂူအပေါက်ဝရောက်သည်အထိ ပြန်လိုက်ပို့ကြလေသည်။

၎င်းတို့ ပါလာသောကြောင့် ဝင်လာစဉ်က တွေ့ခဲ့ရသော ဆိုက်စောင့်ပရလောကသားများကို မတွေ့ကြရတော့ပေ။

သူတို့ ကျောက်ဂူအပြင်ဘက်ရောက်တော့ ဂူပေါက်ဝ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြန်ပိတ်သွားသည်။

မောင်းသံလည်း တိတ်သွားလေတော့သည်။

အပြင်ဘက်ရောက်တော့ နှစ်ယောက်သား ကန်နှင့်မနီး မဝေး နေရာမှ ရွာဘက်သို့ ပြန်လျှောက်လာကြသည်။

လရောင်က မြင့်တက်လာပြီဖြစ်သောကြောင့် ပတ်ဝန်း ကျင်တစ်ဝိုက်တွင် အလင်းရောင်များ ရနေလေသည်။

သူတို့ ပြန်လာတော့ ပတ်ဝန်းကျင်တစ်ခုလုံး လူသွားလူ လာ မတွေ့ရတော့ပဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

တစ်နေရာရောက်တော့ တစ်ဖင်လုံး ဖွေးနေအောင်ပွင့် နေသော ညမွှေးပန်းရုံကို တွေ့ရသည်။

ပန်းရနံ့များက လေနှင့်အတူ ပတ်ဝန်းကျင်တစ်ခုလုံး ပြန့်နှံ့နေလေသည်။

မြနှင်းဖြူက ပန်းရုံနားရောက်တော့ ပန်းခိုင်တစ်ခိုင်ကို ချိုးယူပြီး ခေါင်းမှာပန်သည်။

ပြီးမှ ရှေ့ဆက်လျှောက်လာရင်း မေးသည်။

“ခုတော့ ကိုနီမောင် သဘောပေါက်သွားပြီ မဟုတ် လား”

“သဘောပေါက်မိပြီ၊ ဒါကြောင့်လည်း လုပ်ပေးဖို့ ကတိ ပေးခဲ့တာပါ”

“သူတို့အတွက် လုပ်ပေးတယ်ဆိုရင် သူတို့ကလည်း ကို နီမောင် လိုချင်တာရှိရင် ပြန်ပေးကြပါလိမ့်မယ်”





“ဘာတွေများလဲ”

“ရွှေဆိုရွှေ၊ ငွေဆိုငွေပေါ့”

“ကျွန်တော်က ဒါတွေလိုချင်လို့ လုပ်ပေးတာ မဟုတ်ပါ ဘူး”

“ဒါပေမယ့် ပရလောကသားတွေမှာ အပေးအယူဆို တာမျိုး ရှိကြတယ်၊ မယူချင်လို့လည်း မရဘူး၊ မပေးချင်လည်း ရဘူး”

“ကျွန်တော်က ရွှေငွေရတနာတွေ မလိုချင်ပါဘူး၊ တ ခုခုယ်လို့ ရမယ်ဆိုရင် တစ်ခုတော့ လိုချင်ပါတယ်”

“ဘယ်လိုမျိုးလဲ”

မြနှင်းဖြူက အကဲခတ်သည့်အနေဖြင့် တစ်ချက်လှည့် ကြည့်ရာ နီမောင်ကလည်း အကြည့်နှင့် အကြည့်ချင်း ဆုံသွား လေသည်။

“တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော်လိုချင်တာက မြနှင်းဖြူရဲ့ မေတ္တာပါ”

“ဟင်. . တွေ့တာတောင် မကြာသေးဘူး၊ လူပျိုစကား [illegible]ပြီလား”

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

“ဒါက သူတို့နဲ့ မဆိုင်ဘူးလေ၊ ကျွန်မဘဝနဲ့ သက်ဆိုင်တဲ့ [illegible]မဟုတ်လား”

“ဟုတ်ပါတယ်၊ ဒါကြောင့် မြနှင်းဖြူကိုပဲ ပြောတာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ကိုနီမောင်အကြောင်းကိုလည်း ကျွန်မက ဘာမှမသိရ သေးဘူး"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်တော်တို့က အဖေရယ်၊ အမေရယ်၊ ကျွန်တော် ရယ် မိသားစု သုံးယောက်ရှိပါတယ်၊ ဒါပေမယ့် ပစ္စည်းဥစ္စာက တော့ မပြည့်စုံပါဘူး"

"ကျွန်မက ပစ္စည်းဥစ္စာ မက်မောလို့ မေးနေတယ်လို့များ ထင်နေလို့လား"

"ဒီလိုမထင်ပေမယ့် ပြောပြထားတာပါ၊ ဒါပေမယ့် မြ နှင်းဖြူ အပေါ် မှာတော့ တကယ်မေတ္တာရှိပါတယ်"

"ကိုနီမောင်ဘက်က ဖွင့်ပြောလာတော့လည်း ကျွန်မ ဘက်က စဉ်းစားပေးပါ့မယ်"

"မနက်ဖြန်ဆိုရင် ကျွန်တော် ပြန်တော့မယ်၊ မြနှင်းဖြူ နဲ့ ဘယ်တော့ထပ်တွေ့ရမလဲ မသိဘူး"

"မကြာခဏ တွေ့နေကျမှာပါ"

"ဟင်. . ဘယ်လိုဖြစ်လို့လဲ"

"ကိုနီမောင် ဆောင်ရွက်မယ့် ကိစ္စတွေကို အကူအညီ ပေးဖို့ ကျွန်မကိုလည်း တာဝန်ပေးထားတယ်လေ"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ၊ မနက်ဖြန် ရုံး ကုန်ကို တစ်ခါတည်း လိုက်ခဲ့မှာလား"

"ဒီလိုတော့ မဟုတ်သေးပါဘူး ကိုနီမောင်၊ ဟိုမှာ အ





ခင်ပြေပြီဆိုတာနဲ့ ဘယ်နေရာတွေမှာ ဘာတွေလုပ်ရမယ်ဆို တာ ကျွန်မ လာပြောပြမှာပါ"

"မြနှင်းဖြူက ကျွန်တော့်နေရာ သိလို့လား"

"ကျွန်မမသိလည်း သိတဲ့လူတွေ မေးလိုက်ရင် ရတာပဲ ဟုတ်လား၊ မခက်ပါဘူး"

ထိုသို့ပြောတော့မှ သဘောပေါက်သွားလေသည်။

"ဘာပဲဖြစ်ဖြစ် မြနှင်းဖြူနဲ့ အခုလိုတွေ့ခွင့်ရတာ၊ အ သိတွဲလုပ်ခွင့် ရတာတွေကိုတော့ ဝမ်းသာမိတာ အမှန်ပါပဲ. . ၊ မြနှင်းဖြူဆီက ကျွန်တော်လိုချင်တဲ့ အဖြေမျိုးရရှင်တော့ ဒီထက် ပိုပြီး ဝမ်းသာရမှာပဲ"

ထိုစကားကြောင့် မြနှင်းဖြူက တစ်ချက်လှည့်ကြည့်ကာ ပြုံးလိုက်လေသည်။

"ကိုနီမောင်က ဆန္ဒစောနေလို့ပါ၊ တကယ်လို့သာ စိတ် အေးအေးထားပြီး အခြေအနေကို သုံးသပ်ကြည့်ရင် အခုက တည်းက ကျွန်မအခြေအနေကို သိနိုင်မှာပါ"

ဟုပြောသဖြင့် နီမောင်မှာ လမ်းလျှောက်နေရာမှ တုန့် ခနဲ ဖြစ်သွားသည်။ ဖြစ်နိုင်ခြေရှိသော အခြေအနေများကိုလည်း အလောတကြီး စဉ်းစားကြည့်နေသည်။ အတန်ကြာတော့မှ သ ဘောပေါက်သလို ဖြစ်လာလေသည်။

"မြ. . မြနှင်းဖြူ ကျွန်တော့်မေတ္တာကို လက်ခံပေးထား ပြီပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"သဘောမပေါက်သေးဘူးလား"

"သဘောပေါက်ပါပြီ၊ ဒါပေမယ့် သေချာအောင်ပြော တာတော့ နားထောင်ချင်သေးတယ်"

"ရှင့်မှာ ဝိညာဉ်မျက်လုံး ရှိနေတာပဲ၊ ကျွန်မရင်ထဲက အဖြေကို သိချင်ရင် ဝိညာဉ်မျက်လုံးနဲ့ ကြည့်ပါလား"

"အမယ်လေး မလုပ်ပါနဲ့၊ ကြောက်စရာကောင်းတဲ့ သရဲ တစ္ဆေတွေကိုသာ ကြည့်ဝံ့တာပါ။ ကိုယ်ချစ်နေတဲ့သူကိုတော့ ဒီ လိုအကြည့်မျိုးနဲ့ မကြည့်ပါရစေနဲ့"

ဟု အလောတကြီး ပြောလိုက်ရာ မြနှင်းဖြူက နီမောင် အမူအယာကိုကြည့်ပြီး သဘောကျစွာ ရယ်မောနေလေသည်။

"အစ်ကို့မှာ အဲဒီလိုရိုးသားဖြူစင်တဲ့ စိတ်မျိုးရှိလို့ လူ တွေကစာင်မကဘူး၊ ပရလောက ပုဂ္ဂိုလ်တွေကပါ သဘောတူ လို့ တမင်ရွေးချယ်ခဲ့တာ ဖြစ်မှာပါ၊ ကမ္ဘဇိတ္တိရှိတဲ့ ပုဂ္ဂိုလ်တွေ ကတောင် လက်ခံလို့ ရွေးချယ်ထားပြီးသားလူမျိုးကို ကျွန်မက ဘာကြောင့် လက်မခံနိုင်ရမှာလဲ၊ ကျွန်မ အစ်ကို့မေတ္တာကို လက် ခံပေးပါတယ်"

ဟုပင် ပွင့်ပွင့်လင်းလင်း ပြောတော့မှ နီမောင့်မှာ ဘဝင် နှလုံးကျကာ တပြုံးပြုံးနှင့် ဖြစ်နေလေတော့သည်။ သို့ကြောင့် မြနှင်းဖြူ လက်ကလေးကို ဆွဲယူလိုက်ရာ အလိုက်သင့်ပါလာ သော သူမ ကိုယ်ကလေးကို ထွေးဖက်ထားလိုက်လေသည်။

ပတ်ဝန်းကျင်မှာ လရောင်က ဆမ်းထားသည်။





ညမွှေးပန်းရနံ့များကလည်း သင်းပျံ့နေလျက်ရှိသည်။ ချစ်သူနှစ်ဦးတို့၏ ရင်ထဲမှာလည်း မေတ္တာပန်းရနံ့များဖြင့် ထုံမွှမ်း လျက်ပင် ရှိနေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၃)

# ဂုမ္ဘီတွေက မနေ့ခေတ်မီ သူဌေးဖြစ်ရမည်

ချင်းချောင်းနန်းတော်ကြီးမှ ရွှေငွေရတနာပစ္စည်းများ ပျောက်ဆုံးသွားသောအမှုမှာ ရက်အတန်ကြာသော်လည်း တရားခံကို စုံစမ်းမရသေးပဲ ရှိကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအမှုမှာသာမန်အမှုမျိုးမဟုတ်ပဲ ဂမ္ဘီရဆန်သောအမှုမျိုး ဖြစ်မည်ထင်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အေးအေးဆေးဆေးနှင့် အခြေအနေ စောင့်ကြည့်နေ
လေသည်။

ချင်းချောင်းနန်းတော်သူဌေး လင်ချင်းချောင်းကလည်း
ရွှေငွေရတနာအမြောက်အမြား ထားသောနေရာမှ . အချို့
လောက်သာ ပါသွားသောကြောင့် စိတ်သောကရောက်ခြင်းမျိုး
တော့ သိပ်မရှိလှပေ။

ဒေါက်တာမင်းထင်ကျော်ကတော့ ချင်းချောင်းနန်း
တော်သို့ သွားရောက်စစ်ဆေးစဉ်က ကြေးသေတ္တာထဲမှ ရလာ
သော စာရွက်ကလေးကိုသာ မကြာခဏ ထုတ်ကြည့်ပြီး ဖတ်
နေလေသည်။

"ငါလည်းမယူ၊
လှူလည်းလှူမယ်
ယူသူလည်း၀
ငါလည်းလှုစေ
အဖော်မပါ ကိုးအက္ခရာ ငါ့နာမည်ကိုရှာ"

ထိုစာကို ဖတ်ကြည့်ပြီး အဖြေကိုလည်း စဉ်းစားနေ
သည်။ ပထမစာပုဒ်မှာပါသော 'ငါလည်းမယူ'ဟူသော အဓိပ္ပါယ်
မှာ ခိုးယူသွားသော ပစ္စည်းများကို သူမယူပဲ 'လှူလည်းလှူမယ်'
ဟူသော စာအတိုင်းပင် လှူပစ်လိမ့်မည်ဟု ယူဆမိသည်။

'ယူသူလည်း၀၊ ငါလည်းလှုစေ'ဟူသော အဓိပ္ပါယ်
အလှူပေးသဖြင့်.. ရသူလည်း၀၊ လှူသူလည်း ကုသိုလ်ရ





လှုပစေမည်ဟူသော အဓိပ္ပါယ်မျိုး ဖြစ်သည်။

'အဖော်မပါ ကိုးအက္ခရာ ငါ့နာမည်ကိုရှာ'ဟူသော စာ
အတိုင်း အဖော်မပါ ကိုးအက္ခရာကိုလည်း ချရေးထားကြည့်
သည်။

ရှင်းစာလုံး ကိုးလုံးမှာ. . .

'င. ည. မ. ယ. လ. ၀. သ. ဟ. အ'တို့ဖြစ်သည်။

ထိုစာလုံးများမှာ နာမည်ရှာဖို့ကတော့ မလွယ်လှပေ။

တစ်နေ့တော့ ဒေါက်တာမင်းထင်ကျော် နေထိုင်ရာ
အိမ်သို့ ထူးထူးခြားခြား ဧည့်သည်တစ်ယောက် ရောက်လာလေ
သည်။ မြင်းလှည်းနှင့် ရောက်လာခြင်းဖြစ်ပြီး မြင်းလှည်းပေါ်
မှဆင်းကာ အိမ်ထဲရောက်လာတော့မှ အနည်းငယ် အံ့ဩသွား
လေသည်။

အခြားသူ မဟုတ်ပေ။

ချင်းချောင်းနန်းတော်တွင် အတွင်းရေးမှူးလုပ်နေသော
ကျင်မေရီပင်ဖြစ်သည်။ ကျင်မေရီနှင့်တွေ့ဆုံခဲ့သည်မှာ မကြာ
သေးသောကြောင့် ကောင်းစွာမှတ်မိသဖြင့် ဧည့်ခန်း၌ နေရာထိုင်
ခင်း ပေးရလေသည်။

"ကျင်မေရီပါလား။ ဘယ်လိုကိစ္စရှိလို့များ တစ်ယောက်
တည်း ရောက်လာတာလဲ"

"ဒီကနေ့ ကျွန်မနားရက်ရတဲ့နေ့လေ၊ ဒါကြောင့် ဆရာ
နဲ့တွေ့ချင်လို့ တမင်လှည့်လာခဲ့တာပါ၊ ကျွန်မတို့နေတဲ့နေရာက



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီနေရာနဲ့ မဝေးလှပါဘူး”

ဟု ချိုသာစွာ ပြောပြလေသည်။

“ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်ပါ၊ ကိုမင်းထင်ကျော်လို့ ခေါ်နိုင်ပါတယ်၊

သူမက ခေါင်းညိတ်ပြပြီး သိလိုသော အကြောင်းအရာကို မေးလေသည်။

“ဆရာတို့ စုံစမ်းနေတဲ့ ကိုရွှေစိန်သေတဲ့အမှုရော ထူးခြားမှု တွေ့ပြီလား ဆရာ”

“သိသင့်သလောက်တော့ သိရပါပြီ. . ၊ သူ သောက်တဲ့ လက်ဘက်ခြောက်ကို စစ်ဆေးကြည့်တော့ ထူးခြားမှုတွေ တွေ့ရပါတယ်၊ ဒီလက်ဘက်ခြောက်က ဇီဇာဥ်စိမ်းလို့ခေါ်တဲ့ သစ်ရွက်မျိုးပဲ၊ သာမန်လက်ဘက်ခြောက်မျိုး မဟုတ်ဘူး၊ တခြားနေရာတွေမှာ မရနိုင်ဘူး၊ ဂျာဗားကျွန်းလို လူသူအရောက်အပေါက်နည်းတဲ့နေရာတွေမှာပဲ ရနိုင်တယ်”

“သူက ဘယ်လိုထူးခြားမှုတွေ ရှိတာလဲ”

“သောက်လိုက်ရင် အတော်ကလေး အရသာရှိတယ် ဘိန်းလို ဆေးခြောက်လိုမျိုး အစွမ်းသတ္တိရှိတယ်၊ သောက်ပြီးရင် ကြောက်စရာကောင်းတဲ့ တစ္ဆေသရဲတွေကို တွေ့ရတယ်. . ၊ ဒါကြောင့် အကြောက်လွန်ပြီး ကိုရွှေစိန်သေရတာ ဖြစ်မှာပါ”

ဒေါက်တာမင်းထင်ကျော်က စကားဖြတ်ပြီး စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်သည်။





ကျင်မေရီကတော့ ဒေါက်တာမင်းထင်ကျော်ပြောသော စကားများကို စိတ်ဝင်စားစွာ နားထောင်နေလေသည်။

“ဒါထက် အဲဒီလက်ဘက်ခြောက်နဲ့တူတဲ့ သစ်ရွက်တွေကို ဘယ်သူပို့ပေးတာလဲ”

“သူ့ဒေးက ပို့ခိုင်းတယ်လို့ပဲ ထင်ပါတယ်၊ မန်နေဂျာကိုရင်စိန် သွားပို့ပေးထားတာတော့ သိလိုက်တယ်”

“မသိလို့သော့်လည်းကောင်း. . ၊ သိရက်နဲ့ တခြားအကြောင်းတွေကြောင့်သော်လည်းကောင်း၊ အကြံရှိလို့ ပို့ပေးခဲ့တာလည်း ဖြစ်မှာပါ၊ ကိုရွှေစိန်အကြောင်းကိုလည်း ခင်ဗျားသိသမျှ ပြောပြပေးပါဦး”

ဒေါက်တာမင်းထင်ကျော်ကလည်း ကျင်မေရီနှင့် ယခုလို အေးအေးဆေးဆေးတွေ့ရခိုက် သိလိုသော အကြောင်းအရာအချို့ကို မေးလိုက်သည်။

“ကျွန်မသိရသလောက်တော့ ကိုရွှေစိန်က လူရိုးလူအေးတစ်ယောက်ပါပဲ၊ သူ့ဒေးဆီမှာ အလုပ်လုပ်နေတာလည်း အတော်ကြာခဲ့ပါပြီ၊ နောက်တော့ ချင်းချောင်းနန်းတော်ကြီးမှာ ခြောက်လှန့်မှုတွေများလို့ ကြောက်လန့်ပြီးတော့ အလုပ်ကထွက်သွားတာလို့ ထင်တာပါပဲ”

“ဒါထက် မေးရဦးမယ်၊ ချင်းချောင်းနန်းတော်ကြီးမှာ သရဲခြောက်တာနဲ့ ပတ်သက်ပြီးတော့ ခင်ဗျားကိုယ်တိုင်ကိုယ်တွေ့ကြုံရတာတွေရော ရှိသလား”



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတစ်လေတော့ တွေ့ရပါတယ်၊ ဒါပေမယ့် ကျွန်မက အဲဒါမျိုးတွေ သိပ်ပြီးတော့ အယုံအကြည် မရှိလှပါဘူး"

ကျင်မေရီက သူ့စိတ်ထဲမှာ ရှိသည့်အတိုင်းပင် ပြောသည်။

"အခု ကျွန်တော့်ဆီလာတာ ဘယ်လိုကိစ္စများရှိလို့လဲ"

ဒေါက်တာမင်းထင်ကျော်က သောက်လက်စ စီးကရက်ကို ပြာခွက်ထဲသို့ ပြန်ထည့်လိုက်ကာ မေးသည်။

"တခြားတော့ မဟုတ်ပါဘူး၊ သိချင်စရာလေးတွေရှိလို့ပါ"

"မေးပါ..."

"ကိုမင်းထင်ကျော်တို့ စုံစမ်းနေတဲ့ ပျောက်သွားခဲ့တဲ့ ရွှေငွေရတနာတွေကိစ္စကို သိချင်လို့ပါ"

"အခုထိတော့ စုံစမ်းနေတဲ့အဆင့်ပဲ ရှိပါသေးတယ်၊ တကယ်လို့ အကြောင်းထူးရင်တော့ ကျွန်တော် ပြောပါ့မယ်"

"အစောင့်တွေ ပြောပုံအရတော့ အတော်ကလေး ထူးဆန်းတယ်၊ ဝင်ယူသွားတဲ့သူခိုးက ကိုယ်ပျောက်နေတာလို့ ပြောတယ်၊ အိမ်ထဲကို ဝင်သွားခါစက သူ့ရဲ့ ပုံရိပ်သဏ္ဌာန်ကို မှိုးတိုးရိပ်တိပ် တွေ့လိုက်ကြရလို့ နောက်ကလိုက်ကြည့်တော့မှ မတွေ့ရတော့တာတဲ့"

"အတော်ထူးဆန်းတာပဲ ဒါထက် သူတို့ တွေ့လိုက်ရတဲ့ ပုံပန်းသဏ္ဌာန်က ဘယ်လိုပုံသဏ္ဌာန်မျိုးတဲ့လဲ"





"အသက် နှစ်ဆယ်ကျော်လောက်ပဲ ရှိသေးတဲ့ လူရွယ်တစ်ယောက်လို့တော့ ပြောတယ်၊ ဒါပေမယ့် သူတို့လည်း သေသေချာချာ မြင်လိုက်ရတာတော့ မဟုတ်ပါဘူး"

"ဒီလောက်သိရတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ အဖြေရအောင် တတ်နိုင်သလောက် ကြိုးစားပေးပါ့မယ်"

"မြန်မြန်အဖြေပေါ်ပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ၊ နန်းတော်ထဲက ရွှေငွေရတနာတွေ ပျောက်သွားတာကို အတွင်းလူတွေ လက်ချက်ပါတယ်လို့ ထင်သူတွေက ထင်နေကြတော့ အတွင်းမှာနေကြရတဲ့ ကျွန်မတို့လည်း နေရထိုင်ရတာ အတော်ကလေး ကျဉ်းကြပ်နေကြရတယ်"

"ဟုတ်မှာပါ"

"အခုဆိုရင် သူဌေးက သူ့မိန်းမကိုတောင် သိပ်အယုံအကြည်မရှိဘူး ဖြစ်နေတယ်၊ ဘာကြောင့်လည်းဆိုတော့ သော့တွေက သူ့မိန်းမလက်ထဲမှာ ကိုင်ထားတာကြောင့်ပါ"

"တရားခံမပေါ်မချင်းတော့ ဒီလိုပဲ အထင်ခံကြရမှာပါပဲ၊ ကိုယ်မှန်ရင်တော့ ဘာမှ စိုးရိမ်စရာမရှိပါဘူး၊ ကျွန်တော်တို့လည်း မြန်မြန်အဖြေရအောင် ကြိုးစားပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မနဲ့ပတ်သက်တဲ့ အကူအညီရှိရင်လည်း ပြောပါ၊ ကျွန်မ အကူအညီပေးပါ့မယ်"

"ကောင်းပါပြီ၊ ကျွန်တော်တို့ကိုလည်း ဟိုမှာ အခြေအနေထူးတာ တစ်ခုခုရှိရင် သတင်းပို့ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ"

ကျော်မေရီက သူမနေထိုင်သော အိမ်လိပ်စာကို ပေးထားခဲ့ပြီး မြင်းလှည်းနှင့်ပင် ပြန်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်လည်း ထူးခြားသော အကြောင်းအရာများကို သိတန်သလောက် သိရပြီဖြစ်သဖြင့် စုံထောက်ကျော်စွာနှင့်တွေ့ရန် ဗဟန်းဂတ်တဲဘက်သို့ ထွက်လာခဲ့လေသည်။

ဂိတ်တဲရောက်သောအခါ စုံထောက်ကျော်စွာနှင့်ပင် အဆင်သင့် တွေ့ရလေသည်။

စုံထောက်ကျော်စွာက သူ့ရုံးခန်းအတွင်းသို့ ခေါ်ကာ လက်ဘက်ရည် စီးကရက်တို့ဖြင့် ဧည့်ခံရင်း စုံစမ်းရရှိထားသော သတင်းအချို့ကို ပြောပြလေသည်။

"ဆရာစုံစမ်းခိုင်းထားလို့ အခုတလော အလှူအတန်း လုပ်တဲ့နေရာတွေ မှန်သမျှတော့ လူလွှတ်ပြီး စုံစမ်းခိုင်းထားတယ်ဆရာ၊ ရန်ကုန်မြို့တွင်းမှာ လုပ်တဲ့အလှူတွေနဲ့ ရပ်ကွက်တွေထဲမှာ လုပ်တဲ့အလှူတွေကတော့ သာမန်အလှူမျိုးတွေ ချည်းပါပဲ၊ ဒါပေမယ့် တစ်ခုနှစ်ခုတော့ ထူးခြားတဲ့အလှူသတင်း ရထားတာရှိတယ်"

"ဘယ်လိုသတင်းမျိုးတွေလည်း ပြောပါဦး"

ဒေါက်တာမင်းထင်ကျော်က အေးအေးဆေးဆေးပင် မေးလိုက်သည်။





"တစ်ခုက ဒေါပုံဘက်မှာ လုပ်သွားတဲ့ အလှူပဲ၊ မရှိဆင်းရဲတဲ့လူတွေကို ဆန်နဲ့ငွေတွေ လူစေ့တက်စေ့ ဝေပေးသွားတယ်ဆိုတဲ့ သတင်းပဲ"

"အလှူ့ဒါယကာက ဘယ်လိုပုံသဏ္ဌာန်မျိုးတဲ့လဲ"

"သျှောင်ထုံးထုံးထားပြီး မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးရှိတဲ့ လူကြီးတစ်ယောက်လို့တော့ ပြောကြတယ်"

"ရုပ်ဖျက်ထားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ နောက်တစ်ခုကရော ဘယ်နေရာမှာတဲ့လဲ"

"ဒလဘက်အေးမြမှာလို့ ပြောတယ်၊ ဒလနဲ့ ကမာကဆစ်ဘက်မှာရှိတဲ့ ဆင်းရဲသားတွေကို အစားအသောက်နဲ့ အဝတ်အထည်တွေ ဝေပေးတဲ့အပြင် မိဘမဲ့ကလေးတွေ ရှင်မပြုနိုင်တဲ့ကလေးတွေ အားလုံးကိုလည်း ရှင်ပြုပေးသွားတယ်လို့ ပြောတယ်"

"အတော့်ကို ကုသိုလ်ရမှာပဲ"

"ဒါ့အပြင် အလှူလာတဲ့ ပရိသတ်တွေကိုလည်း ငွေတွေ ကြဲပြီး ဝေသွားသေးတယ်လို့ ပြောတယ်၊ တချို့လူတွေဆိုရင် ငါးဆယ်တစ်ရာအထိတောင် ရကြတယ်လို့ ပြောကြတယ်"

"ဒါထက် အလှူရှင်ကရော ဘယ်လိုပုံသဏ္ဌာန်မျိုးတဲ့လဲ"

"လူရွယ်ပိုင်းလောက်ပဲ ရှိသေးတယ်လို့ ပြောတယ်၊ မိန်းမကလည်း အတော်ကလေး ချောတယ်လို့ ပြောကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကျော်စွာက သူ စုံစမ်းရရှိထားသော သတင်းအချက်အလက်တို့ကို ပြောပြလေသည်။

"ကိုကျော်စွာ ပြောပြပုံအတိုင်းဆိုရင်တော့ ဒေါပုံဘက်မှာ လှူသွားတာနဲ့ ဒလဘက်မှာ လှူသွားတဲ့အလှူရှင်က တစ်ယောက်တည်းပဲ ဖြစ်မယ်ထင်တယ်"

"ကျွန်တော် ခန့်မှန်းကြည့်တာတော့ ချင်းချောင်းနန်းတော်က ရွှေငွေရတနာတွေ ခိုးယူသွားတဲ့လူများ သူပြောတဲ့အတိုင်း အလှူဒါနတွေ လိုက်လုပ်နေသလား မသိဘူး"

"မဖြစ်နိုင်ဘူးလို့တော့ မပြောနိုင်ဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် သူလုပ်နေတာတွေကတော့ ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်နေတာပဲဖြစ်ဖြစ် ကောင်းတယ်လို့ ပြောရမှာပဲ"

"ဘယ်လိုကြောင့်လဲ ဆရာ"

"အခု ကျွန်တော်တို့တိုင်းပြည်ကို တိုင်းတစ်ပါးသားတွေက လာရောက်သိမ်းပိုက်ပြီး လုပ်ချင်တာတွေ လုပ်နေကြတယ်၊ တိုင်းပြည်မှာရှိတဲ့ သယံဇာတပစ္စည်းတွေကို ယူချင်တိုင်း ယူကြတဲ့အပြင် သူတို့နဲ့နီးစပ်တဲ့ ကုလားသူဌေး တရုတ်သူဌေးတွေကိုပဲ လုပ်ပိုင်ခွင့်တွေ ချပေးကြတယ်"

"မှန်ပါတယ်"

"အခုကြည့်လေ တိုင်းပြည်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ကျွန်းသစ်၊ ရေနံ၊ ဆန်စပါးလုပ်ငန်းတွေမှန်သမျှ တရုတ်သူဌေး ကုလားသူဌေးတွေလက်ထဲမှာချည်း မဟုတ်လား၊ ကုလားသူဌေး





မတ်စတီးခန်းတို့ ချမ်းသာပုံကိုကြည့်ရင် သိနိုင်တာပဲ မဟုတ်လား. . "

"မှန်ပါတယ်"

(မတ်စတီးခန်းအကြောင်းများကို အခြားရေးသားခဲ့ပြီးသော စာအုပ်များထဲတွင် ထည့်သွင်းရေးသားခဲ့ပြီး ဖြစ်ပေသည်)

တရုတ်သူဌေးများ ဆိုလျှင်လည်း ရေနံဖြန့်ဖြူးရောင်းချသောလုပ်ငန်း၊ ရော်ဘာ၊ သတ္တု၊ ကျောက်မျက်ရတနာလုပ်ငန်းများဖြင့် ကျိကျိတက်တမျှ ချမ်းသာကြွယ်ဝခဲ့ကြပေသည်။

"တရုတ်သူဌေး ကုလားသူဌေးတွေက အစိုးရကို ပေးတမ်းပေါင်းသင်းနိုင်တော့ အခွင့်အရေး မှန်သမျှ သူတို့ပဲ ရကြတယ်၊ သူတို့ လက်ထဲမှာချည်းပဲ၊ ဗမာတွေကတော့ ကျောမွဲတွေဘဝနဲ့ ဆင်းရဲတွင်းက မတက်နိုင်ကြဘူး၊ ဒါကြောင့် ဘာပဲဖြစ်ဖြစ် အင်းဝခေတ်က ဘုရင့်ဘဏ္ဍာတော်တွေ ခိုးယူပြီး မရှိတဲ့သူတွေ ဝေငှပေး၊ ဘုရားတည်ကျောင်းဆောက်လုပ်ခဲ့တဲ့. . . သူခိုးကြီး တက်ပြားလိုလူမျိုးကိုတော့ စိတ်ထဲက သဘောကျမိသလိုပဲ"

"အင်း. . ဆရာပြောတာတော့ မှန်ပါတယ်၊ ဒါပေမယ့် သူက ဥပဒေအပြင်ဘက်က လုပ်နေတာဆိုတော့လည်း ကျွန်တော်တို့က စုံစမ်းဖော်ထုတ်ရမယ့် တာဝန်က ရှိနေပြန်တယ်"

"ရှိတာလည်း ရှိတာပေါ့ ကိုကျော်စွာရယ်၊ သူကလည်း ပုန်းလျှိုးကွယ်လျှိုး လုပ်နေတာမှ မဟုတ်တာ၊ ကျွန်တော်တို့အတွက်တောင်မှ သဲလွန်စပေးထားခဲ့တာ ဆိုတော့လည်း မကြာခင်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရတော့မယ် ထင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ်မှာ ချထားသော လက်ဘက်ရည်ပန်းကန်ကိုယူကာ မော့သောက်လိုက်လေသည်။

"ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ရင် ကောင်းမလဲ"

"ဒီအတိုင်းပဲ စောင့်ကြည့်ကြသေးတာပေါ့။ ဗမာပြည်မှာက ဆင်းရဲကြပေမယ့် အလှူအတန်းလုပ်ဖို့တော့ ဝါသနာပါကြတယ်၊ ဒီတော့ အလှူအတန်းလုပ်တဲ့သူတွေကို မသင်္ကာတဲ့ အကြည့်မျိုးနဲ့ လိုက်ကြည့်နေလို့လည်း မဖြစ်သေးဘူး၊ တော်ကြာ သူတပါးကုသိုလ်ယူနေတာကို အနှောက်အယှက် ပေးမိလို့ အတုသိုလ် ဖြစ်နေပါဦးမယ်"

စုံထောက်ကျော်စွာက သဘောကျစွာ တစ်ချက်ရယ်လိုက်လေသည်။

"ဘာမှစိတ်ပူမနေနဲ့၊ ကိုယ်ပျောက်နိုင်စွမ်းရှိတဲ့ အလှူ့ဒါယကာကို ကျွန်တော်တို့ မကြာခင် တွေ့ကြရတော့မှာပါ"

ဟုပြောဆိုကာ ဒေါက်တာမင်းထင်ကျော်လည်း စုံထောက်ကျော်စွာအား နှုတ်ဆက်ကာ ဂါတ်တဲအတွင်းမှ ပြန်ထွက်လာခဲ့ပေသည်။







အခန်း(၁၄)

## ဝိညာဉ်မျက်လုံး အသုံးပြုပုံများ

တစ်နေ့သ၌ ဆရာကြီးသူရရွှေ နေထိုင်ရာအိမ်သို့ ထူးထူးခြားခြား ဧည့်သည်နှစ်ယောက် ရောက်လာကြသည်။

နံနက်ပိုင်းအချိန် ဆရာကြီးသူရရွှေကလည်း ဘုရားဝတ်ပြုပြီးစအချိန် ဖြစ်သဖြင့် အောက်ထပ်ဧည့်ခန်းမှာပင် လက်ခံတွေ့ဆုံလေသည်။

"ဘယ်ကများ လာကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့လည်း ဒီနေရာတစ်ဝိုက်မှာပဲ နေကြတာပါဆရာကြီး၊ ကျွန်တော့်နာမည်က နီမောင်ပါ၊ သူကတော့ မြနှင်းဖြူလို့ ခေါ်ပါတယ်"

ဆရာကြီးသူရဋ္ဌက မျက်စိမှိတ်ကာ အာရုံပြုကြည့်ပြီးတော့မှ ခေါင်းညိတ်ပြသည်။

"ဘာအတွက် လာကြတာလဲ"

"ဆရာကြီးဆီမှာ အကူအညီ တောင်းစရာ ရှိလို့ပါ"

"ပြောပါ. . ကူညီနိုင်တဲ့ ကိစ္စဆိုရင် အကူအညီပေးပါ့မယ်"

"တခြားတော့ မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်တော်တို့ ဘုရားတည်ချင်ပါတယ်၊ နောက်ပြီး ပြိုပျက်နေတဲ့ ဘုရားတွေကိုလည်း ပြုပြင်ချင်ပါတယ်၊ ကျွန်တော်တို့က လူငယ်လူရွယ်တွေဆိုတော့ ဒီအကြောင်းတွေ မသိပါဘူး၊ ဒါကြောင့် ဆရာကြီးကပဲ ဦးဆောင်ပြီး ဆောင်ရွက်ပေးစေချင်ပါတယ်"

ထိုစကားကြားသောအခါ ဆရာကြီးသူရဋ္ဌက အံ့ဩသွားခြင်းမျိုးမရှိပဲ လက်ဘက်ရည်တစ်ပန်းကန် ငှဲ့ယူပြီး သောက်နေလေသည်။

"အင်း. . ဒီအလုပ်တွေက လုပ်ချင်ပေမယ့်လည်း လုပ်ခွင့်မသာရင် လုပ်လို့မရဘူး၊ မလုပ်ချင်ပေမယ့်လည်း လုပ်ဖို့အချိန်တန်လာရင် မလုပ်ပဲနေလို့မရပါဘူး၊ ဒီတော့လည်း မင်းတို့လာပြီး အကူအညီတောင်းတဲ့ ကိစ္စတွေကို လုပ်ပေးပါ့မယ်၊ ငါ့မှာ





အကူလက်တွဲပြီး လုပ်မယ့်သူတစ်ယောက်လည်း ရှိပါသေးတယ်၊ သူ့နာမည်က ဦးဗန်ကောင်းလို့ ခေါ်တယ်"

"ဆရာကြီး သဘောကျသလိုပါလုပ်ပါ၊ ဆရာကြီးလိုအပ်တဲ့ ကုန်ကျငွေအားလုံးကို ကျွန်တော်တို့ပေးပါ့မယ်"

ဆရာကြီးသူရဋ္ဌက ခေါင်းညိတ်ပြသည်။

"ဒါ့အပြင် နောက်ထပ်လုပ်ချင်တာတွေလည်း ရှိပါသေးတယ်"

"ပြောပါဦး"

"မရှိဆင်းရဲတဲ့သူတွေကို ငွေနဲ့ အစားအသောက် အဝတ်အထည်တွေ လှူချင်ပါတယ်"

"ကောင်းတဲ့ကိစ္စတွေပဲ. . လှူပေါ့ကွယ် အကူအညီပေးရမှာပေါ့"

"နောက်တစ်ခုကတော့ မကျွတ်မလွတ်သေးတဲ့ ပရလောကသားတွေကို ကျွေးမွေးပြီး ကုသိုလ်ကောင်းမှုတွေကို အမျှအတန်း ဝေပေးချင်ပါတယ်"

"လုပ်ပေါ့ကွယ်၊ မောင်နီမောင်လုပ်မယ့် ကိစ္စတွေက အားလုံးကောင်းတဲ့ အလုပ်တွေချည်းဆိုတော့ ဘာမှငြင်းစရာ မရှိပါဘူး၊ မင်းလုပ်ချင်တဲ့ အလုပ်တွေကို ငါကပဲ ဦးဆောင်ပြီး လုပ်ပေးပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ ဆရာကြီးရယ်"

"ပြောရရင်တော့ ငါကလည်း ဝမ်းသာတာပါပဲ၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်းဆိုတော့ ဒီလိုလုပ်ခွင့်ရမယ့် အခွင့်အရေးမျိုး စောင့်နေတာ အတော်ကြာပြီ၊ အခုမှပဲ ရောက်လာတယ်လို့ပဲ ဆိုရတော့မှာပဲ၊ မင်းစိတ်တိုင်းကျသလို ဝိုင်းဝန်းဆောင်ရွက်ပေး ပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ ဒါထက် ဘယ် ကအရင် စကြမလဲဟင်"

"ရန်ကုန်နယ်နိမိတ်အတွင်းမှ လုပ်မယ်ဆိုရင်တော့ ရွှေတိဂုံစေတီတော်မြတ်ကြီးနဲ့ သက်ဆိုင်တဲ့ အလှူဒါနတွေက အရင်စကြတာပေါ့၊ ပြီးမှ သက်ဆိုင်ရာ နေရာတွေကိုလှည့်ပြီး လှူကြတာပေါ့"

"ကောင်းပါတယ် ဆရာကြီး၊ ဆရာကြီး သဘောအတူ သလိုသာ ဆောင်ရွက်ပေးပါ"

ဟု ပြောလေသည်။

ထို့နောက် ဆရာကြီးသူရဋ္ဌက ၎င်းမိတ်ဆွေဖြစ်သူ ဦးဗန်ကောင်းကို မှာသဖြင့် ရောက်လာလေသည်။

ဦးဗန်ကောင်းရောက်လာတော့ ပိုပြီးအဆင်ပြေသွား လေတော့သည်။ ဆရာကြီးသူရဋ္ဌက လိုအပ်တာများ ခေါ်ခိုင်း ပေးပြီး ဦးဗန်ကောင်းက လိုအပ်တာမှန်သမျှ ဗိုင်ခံဆောင်ရွက် ပေးလေသည်။ နီမောင်ကတော့ လိုအပ်သော ရွှေနှင့်ငွေတို့ကို ပေးလေသည်။

ရွှေတိဂုံစေတီတော်ကြီး အပါအဝင် သက်ဆိုင်ရာစေတီ





များလည်း ရှိကြသေးသည်။

၎င်းတို့မှာ ရှင်စောပုစေတီနှင့် ဘုရားခုနစ်ဆူ၊ နောင် တော်ကြီးစေတီ၊ မူလ ကမ္ဘာအေးစေတီ၊ (၅)ဆူစေတီ၊ အလံပြ ဘုရားနှင့် အိမ်တော်ရာစေတီတို့ပင် ဖြစ်ကြသည်။

ကျိုက္ကစံစေတီနှင့်ပတ်သက်ပြီး ပတ်ဝန်းကျင်မှာရှိကြ သည့် စေတီများမှာ. . .

ကျိုက္ကစံစေတီတော်၊ ကျိုက်သယစေတီ၊ ရွှေနားပန်စေ တီ၊ မိုးကောင်းဘုရား၊ ကျိုက်ဒေးယုံ၊ အာနန္ဒာစေတီတို့ ဖြစ်ကြ သည်။

ဗိုလ်တစ်ထောင်စေတီနှင့် ပတ်သက်ပြီး ပတ်ဝန်းကျင်၌ ရှိကြသော စေတီများမှာ. . .

ဗိုလ်တစ်ထောင်စေတီ၊ ဘိလပ်ပြန် ကြေးရုပ်ပွားတော် ရွှေဘုန်းပွင့်စေတီ၊ ရကျိုက္ကမာစိန်စေတီ၊ ဓမ္မဝိလာသဆုတောင်း ပြည့်စေတီတို့ပင် ဖြစ်သည်။

ဆူးလေစေတီတော်နှင့် ပတ်ဝန်းကျင်၌ ရှိကြသည့် စေတီတော်များမှာ. . .

ဆူးလေစေတီတော်၊ ကျိုက်မဲသံကရော့စေတီ၊ ကမာ တမုစေတီ၊ ကျိုက်ဒေးအဲ့(ထောင်မှူးဘုရား)စေတီ၊ ကျိုက်ဇွဲက မော့စေတီ၊ ကျိုက်ဒင်မဲစေတီ၊ ကျိုက်ခပေါက်ခန္ဓတ်စေတီတို့ဖြစ် ကြသည်။

ကျိုက်ဘုရားသုံးဆူနှင့် ပတ်ဝန်းကျင်၌မှ ကျိုက်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



သုံးဆူ၊ ကျိုက်ဝိုင်းစေတီ၊ ကျိုက်ကလဲ့စေတီ၊ ကျိုက်ကလို့စေတီ ကျောက်တော်ကြီးဘုရား၊ သာစုခံဘုရားတို့ ဖြစ်ကြသည်။

အထပ်ကြီးဘုရားနှင့် ပတ်ဝန်းကျင်တွင်. . .

ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရား၊ လွမ်းစေတီ၊ ဆုတောင်းပြည့် ပေါ်တော်မူဘုရား ရတနာဘုမ္မိ အောင်သိဒ္ဓိဘုရား၊ ရွှေဂုံတိုင်စေတီတော်၊ (ယခင်ရွှေဂုံတိုင်)တို့ ဖြစ်ကြသည်။

ဥက္ကလာမြို့ဟောင်းဒေသ ဘုရားများမှာ. . .

ဥက္ကလာပမင်းကြီး ကောင်းမှုတော်၊ မယ်လမုစေတီတော်၊ နာဂလိုဏ်ဂူဘုရား၊ ကမ္ဘာအေး(ယခင် ကမ္ဘာဧ)စေတီ မဟာပါသဏလိုဏ်ဂူတော်ကြီး တို့ဖြစ်ကြသည်။

ဘုရားငါးဆူ၊ သမ္ဗုဒ္ဓေ၊ ဒက္ခိဏသာခါရုပ်ပွားတော်များနှင့်ပတ်သက်၍ သိဒ္ဓိအောင် ဆုတောင်းပြည့်ရုပ်ပွားတော်၊ မေဒိနီ ရုပ်ပွားတော်၊ (၅)ဆူစေတီ ရုပ်ပွားတော်၊ မလ္လကုန်းရုပ်ပွားတော် စသည်တို့ ဖြစ်ကြသည်။

သာသနာပြုစခန်း စေတီတော်များမှာ ဓာတ်ပေါင်းစုံ အောင်မင်းခေါင်စေတီတော်၊ ဓမ္မစေတီမင်း၏ ဗောဓိညောင်ပင် အာလိန်ငါးဆင့်၊ မဟာဗောဓိဆံတော်ရှင်နှင့် စွယ်တော်ရှင်၊ ဧကြာရန်အောင်မြင့်မိုရ်တောင်စေတီ၊ ရန်မျိုးအောင်ဘုရား. . . သည်တို့ပင် ဖြစ်ကြသည်။

(အထက်ပါ ရေးသားဖော်ပြပေးခဲ့သော စေတီ၊ ဘုရားတို့၏ သမိုင်းကြောင်းနှင့် နေရာများ ရှိပါသော်လည်း စာမျက်နှာကြောင့် ဖော်ပြပေးနိုင်ခြင်း မရှိသည်ကို သည်းခံခွင့်လွှတ်ပေးကြစေလိုပါသည်။)





နောက်ပိုင်းရက်များမှာတော့ ဆရာကြီးသူရဋ္ဌနှင့် ဦးဗန်ကောင်းတို့ နှစ်ဦးကပင် ဦးဆောင်ပြီး ရန်ကုန်မြို့ နယ်နိမိတ်အတွင်းမှာရှိကြသော ဘုရားစေတီများကို ရွှေသက်န်း ကပ်လှူခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ချို့ယွင်းပျက်စီးနေခြင်းများကိုပါ ပြုပြင်ပေးကြလေသည်။

ထို့ပြင် မကြာခဏဆိုသလို မကျွတ်မလွတ်သူများအတွက်ရည်စူးပြီး အစားအသောက်များ၊ ကျွေးမွေးခြင်း၊ ကောင်းမှုကုသိုလ်များပြုလုပ်ကာ အမျှအတန်း ဝေပေးခြင်းများလည်း ပြုလုပ်ပေးကြလေသည်။

ဆရာကြီးသူရဋ္ဌနှင့် ဦးဗန်ကောင်းတို့မှာ ထိုကဲ့သို့မကျွတ်မလွတ်သေးသူများအတွက်ရည်စူးပြီး အကျွတ်အလွတ်ပွဲများ ပြုလုပ်ပေးလေ့ရှိရာ ယခုကဲ့သို့ နီမောင်နှင့် မြနှင်းဖြူတို့က ငွေကုန်ကြေးကျခံကာ ပြုလုပ်စေသောအခါ မကြာခဏဆိုသလို နေရာအနှံ့သို့သွားရောက်ကာ အကျွတ်အလွတ်ပွဲများ ပြုလုပ်ပေးကြလေသည်။

တစ်နေ့တော့. . . ပုဇွန်တောင် ချောက်ကမ်းပါးစပ်လျှောက်မှာ နေကြသူများကို အလှူပြုလုပ်ပေးရန် သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက ထိုနေရာများတွင် ဆင်းရဲချို့တဲ့သူများနှင့် တောင်းရမ်းစားသောက်သူတို့ အများဆုံး စုဝေးနေထိုင်ရာလည်း ဖြစ်သည်။

ထိုနေရာရောက်တော့ ထမင်းဟင်းများ အလှူအပယ် ချက်ပြုတ်ကျွေးမွေးခြင်း၊ အဝတ်အထည်များ ဝေငှပေးခြင်းများ ပြုလုပ်ပေးကြသည်။

ထို့ပြင် ရင်းနှီးစားသောက်ရန်အတွက် ငွေအချို့ကိုပါ ဝေငှပေးရာ ကြိတ်ကြိတ်တိုးမျှ စည်ကားလှပေသည်။

ထိုသတင်းကြားသောအခါ ထိုနေရာတစ်ဝိုက်သာမက ပဲ ပုဇွန်တောင်၊ ကြက်တန်း၊ ညောင်တန်း၊ စက်ဆန်းစသော နေရာများမှာ နေထိုင်ကြသော ဆင်းရဲချို့တဲ့သူများ ရောက်လာကြကာ ကျွေးသမျှစားပြီး ပေးသမျှယူကြလေသည်။

"အခုမှပဲ ဝေဿန္တရာလိုသူတော်ကောင်းမျိုး၊ သုမေဓာ သူဌေးသားလိုမျိုး စေတနာကောင်းတဲ့သူမျိုးနဲ့ တွေ့ရပေတော့ တယ်"

"ဟုတ်ပါရဲ့၊ အခုလို ခေတ်ဆိုးခေတ်ကျပ်ကြီးထဲမှာ အခု လို လှူကြတန်းကြတဲ့ မောင်မင်းကြီးသား သူတော်ကောင်းတွေ ကျမ်းမာချမ်းသာကြပါစေ၊ ဒီထက်မက လှူနိုင်တန်းနိုင်ကြပါစေ"

ဟု ဆုတောင်းမေတ္တာပို့ပေးကြသည်။

ထိုကဲ့သို့ လှူတန်းပေးကမ်းနေသည်ကို သတင်းကြား တော့ ပုလိပ်များရောက်လာပြီး စူးစမ်းကြသည်။





လူအများအပြားစုဝေးပြီး အင်္ဂလိပ်အစိုးရကို ပုန်ကန် တော်လှန်ရန် ကြံစည်နေသလားဟု လာရောက်အကဲခတ် ကြည့် ကြသည်။ နောက်တော့ မဟုတ်မှန်းသိသဖြင့် ကျွေးတာစား သောက်ပြီး ပေးသမျှယူကာ ပြန်သွားကြလေသည်။

နေ့လည်ပိုင်းရောက်တော့ အလှူလုပ်နေသော နေရာ သို့ ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ ကား တစ်စင်းဖြင့် ရောက်လာကြလေသည်။

သူတို့ရောက်လာတော့ ဆရာကြီးသူရဇ္ဇက အကြောင်း စုံ ပြောပြပြီး နီမောင်တို့နှင့် မိတ်ဆက်ပေးလိုက်လေသည်။

"အခုလိုတွေ့ဆုံရတာ ဝမ်းသာပါတယ်ဗျာ၊ ကိုနီမောင် တို့သတင်းတော့ ကြားမိပါရဲ့၊ တခြားနေရာတွေမှာလည်း ဆင်း ရဲနွမ်းပါးတဲ့သူတွေကို ဒီလိုပဲလိုက်ပြီး အလှူပေးနေကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

နီမောင်က ပြုံးချိုသော မျက်နှာနှင့်ပင် ပြန်ပြောလိုက် သည်။

"ကျွန်တော်တို့က များများစားစား မလှူနိုင်သေးပေမယ့် အခုလို လှူနိုင်တမ်းနိုင်တဲ့သူမျိုး တွေ့တော့လည်း သာဓုခေါ်ရ တာပေါ့၊ ဒါထက် နောက်ရက်တွေမှာ ကိုနီမောင် အချိန်ရရင် ကျွန်တော်နဲ့ ခဏလောက်တွေ့ဖို့ အချိန်ပေးနိုင်မလား"

နီမောင်က သဘောကျစွာ တစ်ချက်ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက ကျွန်တော့်ကို စိတ်ဝင်စားနေလို့လား"

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင်တော့ ကျွန်တော် လာတွေ့ပါ့မယ်. . ၊ ကျွန်တော်က အလှူအတန်းကိစ္စတွေနဲ့ နေရာအနှံ့ လျှောက်သွားနေရတာဆိုတော့ ဆရာ ကျွန်တော်နဲ့လာတွေ့ဖို့ မလွယ်ဘူး၊ ဒါကြောင့် သင့်တော်တဲ့အချိန်မှာ ကျွန်တော် ဆရာ့ဆီလာခဲ့ပါ့မယ်"

"ကောင်းပါတယ်၊ ကျွန်တော် စောင့်နေပါ့မယ်၊ ဒါထက်သူက. . ."

ဒေါက်တာမင်းထင်ကျော်က နီမောင်အနီးမှာ ရပ်နေသည့် မြနှင်းဖြူကို ကြည့်ရင်း မေးလိုက်သည်။

"ကျွန်တော့်ကို အကူအညီ ပေးနေတဲ့သူပါ၊ သူ့နာမည်က မြနှင်းဖြူလို့ ခေါ်ပါတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ. . ၊ ခင်ဗျားတို့ စုံတွဲကတော့ အတော့်ကို လိုက်ဖက်တဲ့ စုံတွဲပါပဲ"

ဒေါက်တာမင်းထင်ကျော် စကားကြားသောအခါ နီမောင်ရော မြနှင်းဖြူပါ ရှက်သွေးဖြာသော အမူအယာဖြင့် ပြုံးလိုက်ကြလေသည်။

အလှူကိစ္စများပြီးသော နောက်တစ်ရက်တွင် ဒေါက်တာမင်းထင်ကျော်က ဆရာကြီးသူရရှထံ အရင်သွားပြီး စုံစမ်းမေးမြန်းကြရလေသည်။ ထိုအခါ ဆရာကြီးက. . .

"နီမောင်ရော မြနှင်းဖြူပါ နှစ်ယောက်စလုံးက ဖြူစင်ကြပါတယ်၊ နီမောင်က တာဝန်တစ်ခုကို ကြားထဲက ဆောင်ရွက်ပေးနေရတာပဲ၊ မြနှင်းဖြူကတော့ ကြားထဲက ဆောင်ရွက်ပေးနေရတဲ့ အအဆက်အသွယ် ဖြစ်ပုံရပါတယ်"





"သူတို့နဲ့ပတ်သက်ပြီး ဆရာကြီး ဘယ်လိုထင်သလဲ"

"သာမန်မဟုတ်မှန်းတော့ သိသာပါတယ်၊ ဒါပေမယ့် သူတို့လုပ်နေတာတွေက ကောင်းတာတွေ၊ အားလုံးအတွက် အကျိုးရှိတဲ့ အလုပ်တွေချည်းဆိုတော့ ကောင်းတယ်လို့တော့ ထင်ပါတယ်၊ ဒါကြောင့် ကျုပ်တို့နှစ်ယောက်ပါလိုက်ပြီး ကူညီပေးနေတာပေါ့"

"ကျွန်တော်လည်း သူလုပ်နေတာတွေကို လက်ခံပါတယ်၊ ဒါပေမယ့်. . သူ့အကြောင်းတွေကိုတော့ စိတ်ဝင်စားမိတယ်"

"သူလာတွေ့တဲ့အခါ. . ပြောသင့်ပြောထိုက်တာတွေတော့ ပြောပြမယ် ထင်ပါတယ်"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း မိမိနေအိမ်သို့ ပြန်လာခဲ့လေသည်။

ညအချိန်ရောက်တော့ စာကြည့်ခန်းထဲမှာ တစ်ယောက်တည်းရှိနေစဉ် အပြင်ဘက်မှာ ရှိနေကြသည့် ခွေးများ စူးစူးဝါးဝါး ဟောင်သံများကို အရင်ကြားရသည်။

နားစွင့်နေစဉ်မှာ မိမိအခန်းရှိရာဘက်သို့ လျှောက်လာနေသော ခြေသံကိုပါ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ မိမိရှိနေသော အခန်းတွင်းသို့ လူတစ်ယောက် ဝင်လာသည်ကို စိတ်ထဲမှ သိလိုက်သော်လည်း မမြင်ရပေ။ မျက်စိမှတ်ပြီး အာရုံခံကြည့်တော့. . မိမိနှင့် မနီးမဝေးမှာ လူတစ်ယောက် ရပ်နေမှန်း သိသဖြင့် မေးလိုက်သည်။

"ကိုနီမောင် ရောက်လာပြီလား"

"ဟုတ်ပါတယ်"

"ဘယ်လိုကြောင့် ကိုယ်ပျောက်နေတာလဲ"

အသံမကြားရတော့ပဲ တဖြည်းဖြည်းနှင့် ရုပ်ခန္ဓာက ပြန်ပေါ်လာလေသည်။

"တယ်လည်းဟုတ်ပါလား၊ ဒီအချိန်မှာ ဒီလောက်အစွမ်းထက်တာမျိုးတွေ ရှိနေပါသေးလား၊ ဘယ်လိုအစွမ်းမျိုးလည်း. . ."

"ကျွန်တော်အစွမ်း မဟုတ်ပါဘူး၊ သူတို့ပေးထားတဲ့ ဝိညာဉ်မျက်လုံးလို့ခေါ်တဲ့ ဆေးမြစ်ကို လက်ထဲမှာဆုပ်ကိုင်ထားလို့ ကိုယ်ပျောက်နေတာပါ၊ ဆေးမြစ်ကို ရွှေဘူးထဲ ပြန်ထည့်ထားလိုက်ရင်တော့ သာမန်လူတစ်ယောက်ပါပဲ"

"သူတို့ဆိုတာ ဘယ်သူတွေကို ပြောတာလဲ"

"ကျွန်တော့်ကို ဒီတာဝန်ပေးပြီး ခိုင်းတဲ့လူတွေပါ"

"ထားပါတော့ ဝိညာဉ်မျက်လုံးဆိုတဲ့ ဆေးမြစ်ကရော ဘယ်လိုမျိုးလဲ"

"ပရလောကသားတွေ အသုံးပြုတဲ့ ဆေးမြစ်မျိုးပါ၊ ဒီ





ဆေးမြစ်ကို ဆုပ်ကိုင်ထားရင် သက်ရှိလူတွေက ကိုယ့်ကို မမြင်ရတော့ပေမယ့် ကိုယ်က လူတွေကိုရော ပတ်ဝန်းကျင်မှာ ရှိနေကြတဲ့ ပရလောကသားတွေကိုပါ အားလုံးမြင်ရတယ်၊ နောက်လျှို့ဝှက်ထားတဲ့ ရွှေငွေရတနာတွေကိုလည်း မြင်နိုင်ပါတယ်"

"သူတို့က ကိုနီမောင်ကို ဘယ်လိုတာဝန်မျိုး စေခိုင်းထားတာလဲ"

"မတရားသဖြင့် ရှာဖွေယူထားတဲ့ ရွှေငွေတွေကို ယူပြီး မရှိဆင်းရဲသားတွေကို ပြန်ပေးရတယ်၊ မကျွတ်မလွတ်သေးတဲ့ ပရလောကသားတွေအတွက် ကောင်းမှုကုသိုလ်လုပ်ပြီး အမျှဝေပေးရမယ်"

"ကောင်းတဲ့အလုပ်ပဲ. . ."

"နောက် ဘုရားစေတီတွေ ပျက်နေတာကို ပြုပြင်ပေးရတယ်၊ လိုအပ်တဲ့နေရာတွေမှာ စေတီအသစ်တွေ တည်ပေးရပါတယ်၊ ရတဲ့ပစ္စည်းတွေကို ကျွန်တော့်ကိုယ်ကျိုးအတွက် ဘာမှမသုံးစွဲပါဘူး. . ."

ဒေါက်တာမင်းထင်ကျော်က. . သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါပေမယ့် ဥပဒေနဲ့ မလွတ်ကင်းဘူးဆိုတာတော့ သိသင့်တယ်"

"ကျွန်တော်လည်း အကြာကြီးလုပ်နေမှာ မဟုတ်ပါဘူး၊ ရည်ရွယ်ချက်ပြည့်တာနဲ့ ရပ်မှာပါ၊ နောက်ပြီး ကျွန်တော် ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ယူတဲ့သူဌေးတွေကလည်း ကျွန်တော်ယူသွားတဲ့ ပစ္စည်းလောက်ကို ဂရုမစိုက်ကြပါဘူး၊ ချင်းချောင်းနန်းတော်က ပစ္စည်းတွေကို ဘာကြောင့် ယူရသလဲဆိုတော့ ဒဏ်ခတ်တဲ့အနေနဲ့ ယူရတာပါ"

"ဟင်. . ဘယ်လိုဒဏ်ခတ်တာလဲ"

"ဆရာသိအောင် ပြောရရင်. . သူတို့ အဆောက်အဦးဆောက်တာ သိုက်ကုန်းကြီးပါ၊ အောက်မှာ အထိကရ သိုက်ရှိတယ်၊ အခုဆောက်ပြီးသွားလည်း သူတို့ ဆက်နေလို့မရဘူး၊ မကြာခင် နောက်သုံးနှစ်အတွင်းမှာ အဲဒီမှာနေတဲ့ သူဌေးကြီးဟာ ကုန်းကောက်စရာ မရှိတော့လောက်အောင် ဆင်းရဲမွဲတေပြီး သေရမှာပါ"

"အံ့သြစရာပဲ"

"ကျွန်တော်ပြောတာကို ဆရာသေသေချာချာ မှတ်ထားပါ၊ အခုကနေ သုံးနှစ်မတိုင်ခင် ရှိသမျှ စီးပွားတွေအားလုံးကုန်ပြီး လူပါသေရလိမ့်မယ်၊ ဒါ့အပြင် လူမရှိတော့တဲ့ နောက်ပိုင်းမှာလည်း အဲဒီအဆောက်အဦးကြီးမှာ ဘယ်လိုမှ နေလို့မရတဲ့အဖြစ်မျိုး ကြုံရလိမ့်မယ်"

"ကိုနီမောင် ပြောလို့သာပဲ၊ ချင်းချောင်းနန်းတော်ပိုင်တဲ့သူဌေးကြီးဟာ ဗမာပြည်မှာသာမကဘူး၊ အာရှတစ်ခွင်မှာပဲ အချမ်းသာဆုံး စာရင်းဝင် တရုတ်သူဌေးကြီး တစ်ယောက်ပဲ၊ သူပိုင်ဆိုင်တဲ့ ပစ္စည်းတွေ လုပ်ငန်းတွေကလည်း ရေတွက်မကုန်အောင် များတယ်၊ ဒီလိုသူဌေးကြီး တစ်ယောက်က နောက်သုံး





နှစ်အတွင်းမှာ ရှိသမျှပစ္စည်းတွေအားလုံး ကုန်မယ်ဆိုတာတော့ တကယ့်ကို အံ့သြစရာပါပဲ"

"ကျွန်တော်လည်း ဒါတွေမသိပါဘူး၊ သူတို့ ပြောပြလို့ သိရတာပါ"

"ဒါထက် ကိုနီမောင်ဆီမှာ ဒီလောက်စွမ်းတဲ့ဆေးမြစ်တွေရှိနေတာ တခြားအကျိုးရှိတဲ့ နေရာတွေမှာရော အသုံးချလို့ ရနိုင်ဘူးလား"

"ရတာတွေ ရှိပါတယ်၊ ကျွန်တော် ဆရာတို့ကို အကူအညီပေးနိုင်တာတွေ ရှိပါတယ်"

"ဘယ်လို အကူအညီမျိုးလဲ"

"သူဌေးကြီးတွေက အပေါ်ယံ စီးပွားရေးလုပ်ငန်းအမည်ခံတန်းတင်ပြီး မတရားတဲ့လုပ်ငန်းတွေနဲ့ ကြီးပွားချမ်းသာနေကြတာ များပါတယ်"

"အမှန်ပါပဲ"

"ချင်းချောင်းသူဌေးကြီးလည်း ဒီလိုအလုပ်မျိုးတွေ လုပ်ပါတယ်"

"ဘယ်လိုလုပ်တာလဲ"

"ချင်းချောင်းနန်းတော်ကြီးရဲ့အောက်မှာ ဥမင်လိုဏ်ခေါင်းကြီး တစ်ခုရှိပါတယ်၊ အနောက်ဘက် ပန်းလှိုင်မြစ်ကမ်းနဲ့ ကပ်တဲ့နေရာမှာ သူပိုင်တဲ့ မြေကွက်ကြီးတစ်ခုလည်း ရှိပါတယ်"

"ချင်းချောင်းခြံလို့ ပြောတဲ့နေရာကို ပြောတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား”

“ဟုတ်ပါတယ် လိုဏ်ခေါင်းက အဲဒီနေရာအထိ ရှော
ပါတယ်၊ သူတို့က စစ်ဖြစ်လာရင် တိမ်းရှောင်ဖို့ တူးတာလို့
ကြောင်းပြပေမယ့် တကယ်တော့ တရားမဝင် ပစ္စည်းတွေ
အဲဒီဥမင်လမ်းက မြစ်ကိုရောက်အောင် သယ်ထုတ်ပြီး သူတို့
သင်္ဘောတွေနဲ့ပဲ သယ်ထုတ်နေတာပါ”

“ကိုနီမောင် အမှန်ပြောနေတာလား”

“ကျွန်တော်က သူများလို အထင်နဲ့ပြောတာ မဟုတ်
ဘူး၊ မြင်နေရလို့ ပြောတာပါ၊ ကျွန်တော်ပြောတာမယုံရင် သူ
ပစ္စည်းတွေ သယ်ထုတ်တဲ့နေ့မှာ အဲဒီနေရာက စောင့်ဖမ်း
မိပါလိမ့်မယ်”

ထို့နောက် နီမောင်က ရှေ့ပူးထဲမှ ဆေးမြစ်ကို ထုတ်
ပြီး လက်ဖြင့်ဆုပ်ကိုင်လိုက်ရာ ဝေဝါးပျောက်ကွယ်သွား
တော့သည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ မိမိတို့အ
ဉာဏ် တစ်ထွာတစ်မိုက်ဖြင့် လိုက်မမီနိုင်သော ထူးခြား
ကြယ်မှုများက နေရာအနှံ့တွင် ရှိနေပါသေးလားဟု တွေးလို
လေသည်။







## အခန်း(၁၅)

# မျက်နှာစိမ်းလွင်ပြင်

နောက်ထပ် ရက်အနည်းငယ် ကြာသောအခါမှာတော့
ထူးခြားသော အဖြစ်အပျက်များ ဖြစ်လေသည်။

အခြားမဟုတ်ပေ။

သစ်ပင်ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေသည့် ချင်း
ချောင်းသူဌေး ပိုင်ဆိုင်သော ချင်းချောင်းခြံဟုခေါ်သော မြေ



www.burmeseclassic.com

www.burmeseclassic.com



ကွက်ကျယ်ကြီး အနီးတစ်ဝိုက်တွင်ရှိသော လိုဏ်ခေါင်းပေါက်ဝ တစ်ခုတွင် မှောင်ခိုပစ္စည်းများ သယ်ထုတ်လာသော တရုတ်ကုန် သည်အဖွဲ့နှင့် ရာဇဝတ်အုပ် ဦးမင်းဒင် ဦးဆောင်သည့် ပုလိပ် တပ်ဖွဲ့များ တိုက်ခိုက်ကြသောသတင်းပင် ဖြစ်လေသည်။

ဦးမင်းဒင်ခေါင်းဆောင်သည့် ပုလိပ်တပ်ဖွဲ့တွင်. . စုံ ထောက်ကျော်စွာတို့လည်း အပါအဝင် ဖြစ်သေသည်။

မှောင်ခိုကုန်သည်အဖွဲ့မှာ လိုဏ်ခေါင်းကြီးအတွင်းမှ သယ်ထုတ်လာသော မှောင်ခိုကုန်ပစ္စည်း အမြောက်အမြားတို့ ဆိပ်ကမ်း၌ အသင့်ဆိုက်ကပ်ထားသော သင်္ဘောရှိရာသို့ သယ် ယူရန် ပြင်ဆင်နေကြစဉ်မှာ ပုလိပ်များရောက်လာပြီး ဖမ်းဆီးရန် ကြိုးစားခြင်း ဖြစ်သည်။

ထိုမှောင်ခိုကုန်ပစ္စည်း သယ်ထုတ်သောလမ်းမှာ ယခင် ကတည်းက အသုံးပြုနေခဲ့သော်လည်း လူသူမရိပ်မိဘဲ ရှိရာမှ ယခုအခါမှပင် ပုလိပ်များ သိသွားသောကြောင့် လာရောက်ဖမ်း ဆီးကြခြင်းပင် ဖြစ်ပေသည်။

မှောင်ခိုသမားများမှာ လူအင်အားရှိသော်လည်း လက် နက်အင်အား မပြည့်စုံသောကြောင့် နောက်ဆုံးမှာတော့ အား တန်၍ မာန်လျော့ကာ အားလုံးအဖမ်းခံကြရလေသည်။

ဖမ်းမိသော ကုန်ပစ္စည်းများမှာ အတော်ပင် များပြားခဲ့ ပေသည်။

ဘိန်း၊ ဆေးခြောက်၊ ရွှေချောင်း၊ ကျောက်မျက်ရတနာ





စသော တန်ဖိုးရှိသည့် ပစ္စည်းအမြောက်အမြားတို့ကို သိမ်း ဆည်းကြရလေသည်။

နောက်တစ်နေ့ထုတ် သတင်းစာနှင့် ဂျာနယ်များမှာ တော့ မှောင်ခိုဂိုဏ်းကြီး ဖမ်းမိသောသတင်းက မျက်နှာဖုံး သ တင်းများအဖြစ် ရေးသားဖော်ပြခဲ့လေသည်။

တရုတ်သူဌေး လင်ချင်းချောင်းကတော့ ဥမင်လိုဏ် ခေါင်းမှာ စစ်ဘေးရှောင်ရန်အတွက် သူတူးထားခဲ့တာ မှန်သော် လည်း ယခုဖမ်းမိသော မှောင်ခိုသမားတို့မှာ သူနှင့်မဆိုင်ဟု ငြင်းဆိုလေသည်။

ပုလိပ်အဖွဲ့ကလည်း လင်ချင်းချောင်းကို အရေးမယူကြ ပေ။

သို့သော်လည်း မန်နေဂျာကိုရင်စိန်ကိုတော့ ခေါ်ပြီး ဆူပူကြိမ်းမောင်းနေလေသည်။

"ရင်စိန် မင်းစီမံခန့်ခွဲတာ အတော်ညံ့ဖျင်းပါလား. . ၊ ဒီလိုဖြစ်သွားတော့ ငါ့ရဲ့နာမည် ဂုဏ်သိက္ခာလည်း ထိခိုက်တယ်၊ ဆုံးရှုံးသွားတဲ့ ပစ္စည်းတွေကလည်း နည်းသလား"

"ကျွန်တော်တို့လည်း ဂရုစိုက်ပြီး လုပ်ကြတာပါပဲ၊ အရင် က အခုလိုအဖြစ်မျိုး တစ်ခါမှမကြုံခဲ့ပါဘူး၊ အခုမှ. ."

"မင်းတို့ အဖွဲ့ထဲမှာ လက်ထောက်ချပေးနိုင်တဲ့လူ တစ် ယောက်ယောက်ရှိနေလို့ပေါ့ကွ၊ ဒါ အတွင်းလူထဲက ဖြစ်မှာပဲ"

"ဒီမှာတော့ သူဌေးကတော်ရယ်၊ ကျွန်တော်ရယ်၊ ကျင်



www.burmeseclassic.com

www.burmeseclassic.com

မရှိရယ်၊ ဒီသုံးယောက်ပဲ အတွင်းလူ ရှိပါတယ်၊ ကျွန်တော့်ကိုတော့ စိတ်ချပါ သူဌေးမင်း၊ သစ္စာရှေ့ သောက်ခဲ့ပါတယ်”

“ငါ့မိန်းမကတော့ ဒီလိုလုပ်မှာ မဟုတ်ဘူး၊ ကျင်မေရီကို စိတ်မချရဘူးထင်ရင် အလုပ်ကသာ ထုတ်ပစ်လိုက်ပေတော့”

“ကောင်းပါပြီ”

နောက်ရက်မှာတော့ အတွင်းရေးမှူးဖြစ်သော ကျင်မေရီကို အလုပ်ကထုတ်ပစ်လိုက်သည်။

ထိုသို့ အလုပ်ထုတ်ပြီးမှ သူဌေးက ကိုရင်စိန်ကို တိုးတိုးတိတ်တိတ် ထပ်မှာသည်။

“အတွင်းလူအဖြစ် နှစ်အတော်ကြာအောင် နေသွားတဲ့ လူတွေ အပြင်ရောက်သွားတာ မကောင်းဘူး၊ ကိုယ့်ရဲ့ အတွင်းရေး လျှို့ဝှက်ချက်တွေ ပေါက်ကြားနိုင်တယ်၊ ဒီတော့ သူ့ကိုလည်း ရွှေစိန်လိုပဲ နှုတ်ပိတ်ပစ်လိုက်တာ ပိုကောင်းမယ်၊ ဒီတာဝန်ကိုတော့ မင်းပဲ တာဝန်ယူပေတော့”

“စိတ်ချပါ”

ထိုအစီအစဉ်များကိုလည်း နီမောင်က ကြိုတင်သတင်းပို့ပေးထားသောကြောင့် ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့က လျှို့ဝှက်ပြီး စောင့်ကြည့်စဉ် မန်နေဂျာ ကိုရင်စိန်နှင့် အခြားနှစ်ယောက်တို့ ကျင်မေရီနေအိမ်သို့ တိတ်တဆိတ်လာပြီး သတ်ဖြတ်ရန် ကြိုးစားကြစဉ် လက်ပူးလက်ကြပ် ဖမ်းဆီးနိုင်ကြသည်။





“ကျေးဇူးတင်လိုက်တာရှင်၊ အလုပ်ထုတ်ပစ်လိုက်တော့ ရွှေမလည်း ကိုရွှေစိန်သွားတဲ့ လမ်းအတိုင်း လိုက်ရတော့မယ် ထင်ပြီး ကြောက်နေတာ”

ဟု ပြောသည်။

“အခုတော့ စိုးရိမ်စရာ မရှိတော့ပါဘူး၊ နောက်မှ ကျင်မေရီဆီကို လာခဲ့ပါဦးမယ်”

ဟု ပြောဆိုကာ တရားခံများကို ခေါ်ဆောင်သွားလေတော့သည်။

နောက်ပိုင်းရက်များမှာလည်း သူဌေးအမည်ခံပြီးနောက်ကွယ်မှ ဒုစရိုက်လုပ်ငန်းများ လုပ်ကိုင်နေသူတို့ တစ်ဦးပြီးတစ်ဦး သက်ပူးလက်ကြပ် အဖမ်းခံကြရလေသည်။

ဗဟန်းဂါတ်တဲမှ ရာဇဝတ်အုပ် ဦးမင်းဒင်နှင့် စုံထောက်ကျော်စွာတို့လည်း နာမည်ကောင်းလက်မှတ်များ ရရှိကြလေသည်။

တစ်ဖက်မှာလည်း ဆရာကြီးသူရရွှေနှင့် ဦးဗန်ကောင်းတို့နှစ်ဦးက ဦးဆောင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်မှာရှိသော ဘုရားစေတီများကို ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ခြင်း၊ လိုအပ်သော သာသနိက အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ အများအတန်းများ ပြုလုပ်ခြင်း၊ မကျွတ်မလွတ်သေးသူများအတွက် ရည်စူးပြီး ကျွေးမွေးခြင်း၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်လျှက် အမျှအတန်းဝေပေးခြင်း၊ မြို့စွန်ရပ်ကွက်များ ကျေးရွာများ၌



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ကြသည့် ဆင်းရဲနွမ်းပါးသူတို့ကို အစားအသောက် အဝတ်အထည်များ ငွေကြေးများ ပေးဝေခြင်းတို့ကို မကြာခဏ ဆိုသလို ပြုလုပ်ပေးကြလေသည်။

ထိုကဲ့သို့ လှူတန်းပေးဝေနေသော စေတနာရှင် အဒွ ကိုလည်း တစ်မြို့လုံးတစ်နယ်လုံးက မသိသူမရှိသလောက် ဖြစ်နေကြသည်။

သတင်းစာနှင့် ဂျာနယ်များတွင်လည်း 'ခေတ်သစ်ဝေ ဿန္တရာများ'ဟူသော ခေါင်းစဉ်တပ်ကာ အကျယ်တဝင့် ရေး သားဖော်ပြကြလေသည်။

အချို့ကလည်း. . .

"သူတို့ကြည့်တော့လည်း ချမ်းသာလှတဲ့ပုံမျိုး မပေါ်လှ ပါဘူး၊ လှူတာကျတော့လည်း ငွေတွင်းက ငွေတွေနှိုက်ပြီး လှူ နေသလား အောက်မေ့ရတယ်"

ဟု တအံ့တသြ ပြောဆိုကြသည်။

ဤသို့ဖြင့် နောက်ထပ်သုံးနှစ်ခန့် ကြာပြီးနောက်မှာ တော့ တစ်ခါက နီမောင်ပြောခဲ့သလိုပင် ချင်းချောင်းနန်းတော် သူဌေး လင်ချင်းချောင်းတစ်ယောက် ဘဝကံကြမ္မာ ပြောင်းလဲ သွားလေတော့သည်။

(၁၉၂၀)ခုနှစ်တွင် ဗြိတိသျှအစိုးရမှ အိန္ဒိယနိုင်ငံမှအပ အခြားနိုင်ငံများသို့ ဆန်တင်ပို့ရောင်းချခြင်းကို ပိတ်ပင်တားဆီး လိုက်သည်။





ထိုသို့ပိတ်ပင်လိုက်သည့်အခါ မြန်မာနိုင်ငံ၏ ဆန်စျေး ကွက်ပျက်ရကာ လင်ချင်းချောင်း၏ စီးပွားရေးလုပ်ငန်းများ ရပ်တန့်သွားခဲ့သည်။

၎င်းတို့၏ ဆန်ရောင်းဝယ်ရေးလုပ်ငန်းများ ပျက်ဆီး သွားကာ ရုတ်ချည်း စီးပွားပါ ကျဆင်းသွားလေသည်။

သို့ကြောင့် ၎င်းပိုင်ဆိုင်သော ရိုးရှိုက်ကားများအပါ အဝင် ပိုင်ဆိုင်မှုများကိုပါ ရောင်းချရပြီး မိတ်ဆွေများထံမှ ငွေ ချေးငှားရသော အနေအထားသို့ ရောက်သွားခဲ့ရလေသည်။

ထိုအချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို သူပိုင် ဆိုင်သော ပင်လယ်ကူး မီးသင်္ဘောများလည်း ပင်လယ်၌ နစ်မြုပ် ပျက်စီးခြင်းများနှင့် ထပ်မံကြုံတွေ့ရပြန်သည်။

နောက်ပိုင်းမှာလည်း ဆက်တိုက်ဆိုသလို မိမိနှင့် ပူး ပေါင်းလုပ်ကိုင်ခဲ့သူတို့၏ လိမ်လည်ခြင်းများ ခံရခြင်း၊ မှားယွင်းစွာ ချုပ်ဆိုခဲ့မိသော စာချုပ်များကြောင့် သူ့ကုမ္ပဏီမှာလည်း အကြွေး များဖြင့် ပတ်လည်ဝိုင်းခဲ့ရပေသည်။

ထို့ကြောင့် တစ်ချိန်က မြန်မာပြည်မှာသာမက အာရှ တခွင်မှာပင် အချမ်းသာဆုံးစာရင်းဝင် တရုတ်သူဌေးကြီး တစ်ဦး ဖြစ်ခဲ့သူ သူဌေးကြီးလင်ချင်းချောင်းမှာ နောက်ဆုံးနေ့ရက်များကို ဆင်းရဲသား လူမွဲတစ်ယောက်အဖြစ်နှင့် ဖြတ်သန်းကာ (၁၉၂၃) ခုနှစ်၊ နိုဝင်ဘာလ(၅)ရက်နေ့တွင် နှလုံးရောဂါဖြင့် ကွယ်လွန် အနိစ္စ ရောက်ရှာပေသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်း ကွယ်လွန်ပြီးနောက် (၁၉၂၇)ခုနှစ်၊ ဇွန်လ(၁၀) ရက်နေ့တွင် ကြီးကျယ်ခမ်းနားစွာ ဆောက်ထားသော ချင်းချောင်းနန်းတော်ကြီးကို ဒေဝါလီခံ ကြွေးသိမ်းပစ္စည်းအဖြစ် ကြေညာခဲ့သည်။

ထိုအချိန်မှ စတင်ပြီး ထိုအဆောက်အဦးမှာ လူနေထိုင်ခွင့်မရတော့ပဲ အစိုးရပိုင် အဆောက်အဦးအဖြစ်နှင့်သာ အသုံးပြုခွင့် ရခဲ့ကြပေတော့သည်။

ထိုအဖြစ်အပျက်များကို ကြားသိရသောအခါ ဒေါက်တာမင်းထင်ကျော် စိတ်ထဲတွင် သူနှင့်တွေ့စဉ်က နီမောင်ပြောသွားသော စကားများကို ပြန်လည်သတိရနေပေတော့သည်။

"အင်း. . သူပြောခဲ့တဲ့အတိုင်းပဲ တကယ်ဖြစ်ပျက်ခဲ့တာပါပဲလား၊ ဆန်းကြယ်လိုက်တာ"

ဟု ရေရွတ်နေမိလေသည်။

နောက်ထပ် လအနည်းငယ်ကြာသောအခါ ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့ နှစ်ယောက်မှာ ခရီးသွားကြမည့် သူများအား နှုတ်ဆက်စကား ဆိုကြရန်အတွက် ကွမ်းခြံဘုတာကြီးစကြိန်သို့ ရောက်နေကြသည်။

စကြိန်မှာတော့ ဆရာကြီးသူရဋ္ဌ ဦးဗန်ကောင်း၊ နီမောင်၊ မြနှင်းဖြူနှင့် နီမောင့်မိဘများဖြစ်သော ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့ပါ ရောက်နေကြသည်။

"ဆရာကြီးတို့ နှစ်ယောက်ပါ တစ်ခါတည်း လိုက်သွားကြမှာလား"



"ဟုတ်တယ်လေ. . လုပ်ပေးစရာလေးတွေက မပြီးသေးဘူး၊ ဟိုရောက်ရင် ဂိုးဖြူရေကန်ကြီးနားမှာ စေတီတစ်ဆူတည်ပေးရဦးမယ်၊ နောက်ပြီး အကျွတ်အလွတ်ပွဲလေးတွေလည်း လုပ်ပေးရဦးမယ်"

"ကောင်းပါတယ် ဆရာကြီး"

"ဘုရားတည်ပြီးလို့ ထီးတင်ပွဲရက်ရောက်ရင် မောင်ထင်ကျော်တို့လည်း လာခဲ့ကြဦးပေါ့"

"ဟုတ်ကဲ့. . လာခဲ့ပါ့မယ် ဆရာကြီး"

ထို့နောက် ဒေါက်တာမင်းထင်ကျော်က နီမောင်ကို စကြိန်တစ်နေရာသို့ ခေါ်သွားပြီး မေးသည်။

"ဒါထက် မေးရဦးမယ်၊ ကိုနီမောင်က မြနှင်းဖြူနဲ့ လက်ထပ်ထားပြီးသား မဟုတ်လား"

"ကျွန်တော်တို့က လက်မထပ်ရသေးပါဘူး၊ ချစ်သူတွေအဖြစ်နဲ့ပဲ ရှိပါသေးတယ်၊ ဆောင်ရွက်ပေးရမယ့် ကိစ္စတွေ ပြီးမှပဲ လက်ထပ်ဖို့ လုပ်ရတော့မှာပဲ၊ ဒါကြောင့် အဖေနဲ့အမေပါ တစ်ခါတည်း ခေါ်သွားတာပါ"

"ကောင်းပါတယ်၊ ခင်ဗျားတို့ နှစ်ယောက်က တကယ့်ကို ရေစက်ပါလို့ ညီပါပေတယ်၊ ဒါထက် လက်ထပ်ပြီးရင်ကော ဒီကိုပြန်လာဦးမှာလား"

"မလာဖြစ်တော့ဘူးထင်ပါတယ်၊ မြနှင်းဖြူက မြို့မှာ





www.burmeseclassic.com

www.burmeseclassic.com



မနေချင်ဘူး၊ ဘဝဆက်ကလူတွေရှိတဲ့ ဟိုမှာပဲ နေချင်တယ်ဆိုလို့ ကျွန်တော်လည်း ဟိုမှာပဲနေဖို့ ဆုံးဖြတ်ထားပါတယ်၊ အဖေနဲ့ အမေလည်း ဟိုမှာပဲ ထားမှာပါ"

"ကောင်းပါတယ်၊ ဒါထက် ဝိညာဉ်မျက်လုံးကိုလည်း ဆက်ပြီး အသုံးပြုဦးမှာလား"

"အားလုံးပြီးရင်တော့ သူတို့ ပြန်သိမ်းယူကြမယ် ထင်ပါတယ်"

ထိုအခါ စုံထောက် ကျော်စွာကပါ နီမောင်ကို လာရောက်နှုတ်ဆက်ရင်းဖြင့် ပြောသည်။

"ကိုနီမောင် အကူအညီပေးခဲ့လို့ ကျွန်တော်တို့လည်း အတော်ကလေး နာမည်ကောင်း ရကြတယ်၊ အခုလို ကူညီပေးသွားတဲ့ ကျေးဇူးတွေကို မမေ့ပါဘူး"

နီမောင် ပြုံး၍ ခေါင်းညိတ်ပြလေသည်။

ထို့နောက် ရထားထွက်ချိန် နီးသောအခါ ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်တို့လည်း ဘူတာအပြင်ဘက်မှာ ရပ်ထားသော ကားရှိရာသို့ လာကြသည်။

"ဘယ်သွားမလဲ ဆရာ၊ တရုတ်တန်းသွားပြီး တစ်ခုခု စားရရင် မကောင်းဘူးလား"

"ကောင်းပါတယ်၊ ကျင်မေရီကိုပါ ခေါ်သွားကြတာပေါ့၊ သူလည်း အလုပ်မရှိတော့ အလုပ်တစ်ခုခုပေးဖို့ စီစဉ်ပေးရဦးမယ်"





"ဘယ်လိုအလုပ်မျိုးလည်း ဆရာ၊ အိမ်ထောင်ရှင်မ အလုပ်မျိုးလား"

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောပဲ ပြုံးရုံသာ ပြုံးနေပြီး ကားရှိရာသို့ လျှောက်လာကြသည်။

မိနစ်အနည်းငယ်ကြာတော့ ပြည်သို့ထွက်သော အဆန်ရထားက စတင်ထွက်လေသည်။ တွဲပေါ်မှာတော့ ဆရာကြီးသူရရွှေ ဦးဗန်ကောင်း၊ ဦးဘရှိန်၊ ဒေါ်ကျင်မေတို့က လေးယောက်မျက်နှာချင်းဆိုင် ထိုင်ကြပြီး နီမောင်နှင့် မြနှင်းဖြူက နှစ်ယောက်တွဲ တစ်နေရာမှာ ထိုင်လေသည်။

"ကိုယ်တို့လည်း ချစ်သူဘဝရောက်ခဲ့တာ အတော်ကြာခဲ့ပြီဆိုတော့ ဘုရားတည်တဲ့ကိစ္စပြီးရင် လက်ထပ်ဖို့ကိစ္စ စီစဉ်ဦးမှ ထင်တယ်"

"ကျွန်မလည်း လက်မထပ်ရသေးပဲနဲ့ အစ်ကို့နောက်ကို လိုက်နေရတာ အတော်ကြာပြီဆိုတော့ အိမ်ကလူတွေက မေ့ချင်မေ့နေလောက်ရောပေါ့"

နီမောင်က သဘောကျစွာ ရယ်လိုက်သည်။

"ဒါထက် မေးရဦးမယ်၊ ဝိညာဉ်မျက်လုံး ဆေးမြစ်ကို လက်ထဲမှာ ဆုပ်ထားတဲ့အချိန်မှာ ပတ်ဝန်းကျင်မှာရှိတဲ့ ပရလောကသားတွေကို မြင်ရတယ် မဟုတ်လား"

"မြင်ရပါတယ်"

"ဘယ်လောက်များသလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်များသလဲဆိုရင် မျက်စိတစ်ဆုံးလောက် ကျယ်ဝန်းတဲ့ လွင်ပြင်ကျယ်ကြီးတစ်ခုလုံး နေရာလပ်မရှိအောင် ပြည့်နေတာ တွေ့ရတယ်"

"အများကြီးပဲနော်၊ အဲဒီမှာ သိတဲ့သူတွေ မပါဘူးလား ဟင်"

"ဝိညာဉ်ဘဝရောက်တာနဲ့ မူလရုပ်ရည် မရှိကြတော့ပါဘူး၊ ကြောက်စရာ ရွံစရာကောင်းတဲ့ မျက်နှာစိမ်းတွေချည်း ဖြစ်သွားကြတော့ မမှတ်မိနိုင်တော့ပါဘူး၊ ကြောက်စရာလည်း ကောင်း၊ သနားစရာလည်း ကောင်းလှပါတယ်"

မြနှင်းဖြူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒါကြောင့် လူ့ဘဝရတဲ့အခိုက်မှာ ကောင်းကင်ဘုံအထိ မရောက်သည့်တိုင် မျက်နှာစိမ်းတွေချည်း ပြည့်နေတဲ့ လွင်ပြင်ကြီးထဲ ရောက်မသွားနိုင်တော့ အတတ်နိုင်ဆုံး ကြိုးစား[illegible] တော့မှာပေါ့ မြလေးရယ်"

ဟု ပြောလိုက်လေသည်။

ဘူတာမှထွက်လာသော ရထားကြီးက. . လမ်းတစ်လျှောက်လုံး စိမ်းလန်းနေသော သစ်တောသစ်ပင်များကို ဖြတ်ကာ တရိပ်ရိပ် ခုတ်မောင်းနေလျက် ရှိသည်။

လူ့ဘဝခရီးသည်လည်း အစိမ်းရောင် မျက်နှာများ[illegible] ပြည့်နေသည့် ခရီးကို ဖြတ်သန်းရသော ခရီးရှည်တစ်ခုသာ [illegible] ပေတော့သည်။





ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မျက်နှာစိမ်းလွင်ပြင်)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဟောတု သုခီအတ္တာနံ ပရိဟရန္တု။

[illegible] (၂၆)ရက် [illegible]



www.burmeseclassic.com